# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်    ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ ကြာသပတေးနေ့၊    အတွဲ [၅၄]၊ အမှတ် [၂၉၁]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီဂျစ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော်  ဇူလိုင်  ၂၃

၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်ဒယ်(လ်) ဖာတာ အယ်လ်စီစီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

### ရေဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်)အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေး

သတင်း၊ စာမျက်နှာ ၃



# ချည်ကြိုးကြားက ဘဝများ ...



"ဒီလကုန်ရင်တော့ ဦးကြီးဆီမှာ အပ်ထားတဲ့ ပိုက်ဆံနှစ်သိန်းပြည့်တော့မယ်"ဟု မရင်အေးက ဝမ်းသာအားရ ပြောရှာသည်။ ငွေနှစ်သိန်းစုပြီး နားကပ်ကလေးတစ်ရန်လုပ်ပေးဖို့ လေးလေးကိုလည်း ပြောထားပြီးဖြစ်ကြောင်း ၎င်းက ဆိုသည်။

မိုးခေါင်ရေရှားပြီး အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့် ကျောက်ပန်းတောင်းမြို့နယ်က ရွာလေးကိုစွန့်ခွာရင်း ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ အထည်ချုပ်စက်ရုံလေးတွင် မရင်အေးတစ်ယောက် အလုပ်လုပ်နေသည်မှာ နှစ်နှစ်ရှိပြီဖြစ်သည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ✻

သတင်းဆောင်းပါး ➢ စိုးမိုး

### ယနေ့ မာတိကာ


ယီမင်၌ စစ်ဘေး ပဋိပက္ခများကြောင့် စားနပ်ရိက္ခာများလိုအပ်၊ ကုလသမဂ္ဂ ပထမဆုံးအကြိမ် စားနပ်ရိက္ခာ သင်္ဘောစေလွှတ် — စာ ၄

စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများ၊ အက်မက်စ် အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ — စာ ၆





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကျွမ်းကျင်ယာဉ်မောင်းဖြစ်ဖို့လိုသည်

လွန်ခဲ့သည့်နှစ်များအတွင်း ပြည်ပမှ ကားတင်သွင်းမှုများ ဖြေလျှော့ပေးခဲ့ပြီးနောက် မြို့ပြများသာမက ကျေးလက်တောနယ်များအထိ မော်တော်ယာဉ်သုံးစွဲနိုင်မှု အရေအတွက်သည် တိုးတက်များလာသည်ကို တွေ့ရပေသည်။ ဤသို့ မော်တော်ယာဉ်များတိုးချဲ့သုံးစွဲလာနိုင်ခြင်းသည်ကား ပြည်သူအများ သွားလာမှုအဆင်ပြေ၍ ကောင်းပါသည်။ နိုင်ငံတစ်ဝန်း မော်တော်ကားလမ်းသစ်များ ပေါ်ထွန်းလာမှုနှင့်အတူ မော်တော်ယာဉ်များ တိုးချဲ့သုံးစွဲလာနိုင်ရမည်ဖြစ်ပါသည်။

မော်တော်ယာဉ်များ တိုးချဲ့သုံးစွဲလာနိုင်မှုနှင့်အတူ ကျွမ်းကျင်စွာ မောင်းနှင်အသုံးပြုနိုင်သော ယာဉ်မောင်းလိုအပ်ချက်သည်လည်း မြင့်မားလာပါသည်။ မော်တော်ယာဉ်များသည် စက်တပ်ယာဉ်များသာဖြစ်ပါသည်။ စက်ယာဉ်ယန္တရားဟူသည့်အတိုင်း စက်တို့၏သဘောကို ကျွမ်းကျင်သိရှိနားလည်ရန် အထူးပင်လိုအပ်မည်ဖြစ်ပါသည်။ မော်တော်ယာဉ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်အသုံးပြုနိုင်မှသာ အန္တရာယ်ရှင်း ဘေးကင်းနိုင်မည်ဖြစ်ပါသည်။

သို့ပါသော်လည်း မော်တော်ယာဉ်များကို အတွေ့အကြုံရင့်ကျက်ပြီး ကျွမ်းကျင်စွာမောင်းနှင်နိုင်သော ယာဉ်မောင်းများ ရှားပါးမှုကြောင့် ယာဉ်မတော်တဆဖြစ်စဉ်များ မကြာခဏဖြစ်ပွားလျက်ရှိသည်ကို ကြားသိနေရပါသည်။ ယာဉ်မောင်းအချို့မှာ ယာဉ်မောင်းလိုင်စင်မရှိခြင်း၊ ယာဉ်မောင်းလိုင်စင်ရှိသော်လည်း ကျွမ်းကျင်မှုမရှိခြင်း၊ အတွေ့အကြုံနည်းပါးခြင်း၊ စက်ယာဉ်ယန္တရား၏ သဘောကိုနားလည်မှုအားနည်းခြင်း၊ ကျွမ်းကျင်မှုရှိသော်လည်း ပေါ့ဆခြင်းတို့ကြောင့် ယာဉ်မတော်တဆဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိပါသည်။ အဆိုးရွားဆုံးမှာ ယာဉ်နောက်လိုက်များက မော်တော်ကားတက်မောင်းနှင်နေမှုကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားလျက်ရှိပါသည်။

ယာဉ်မတော်တဆဖြစ်ရခြင်း၏ အဓိကအကြောင်းအရင်းများကို ဆန်းစစ်ကြည့်လျှင် ၉၀ ရာခိုင်နှုန်းမှာ လူကြောင့်ဖြစ်ရသည်ဟု ပညာရှင်များက လေ့လာသုံးသပ်ထားပါသည်။ ယာဉ်မောင်းသူသည် ကျွမ်းကျင်မှု အားနည်းခြင်း၊ စိတ်တိုခြင်း၊ ဒေါသထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အရက်သေစာသောက်စားမောင်းနှင်ခြင်း၊ အလျင်လိုခြင်း၊ စည်းကမ်းဖောက်ဖျက်ခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိပါသည်။ နှစ်စဉ် ယာဉ်မတော်တဆမှုများကြောင့် သေဆုံးရသည့်အရေအတွက်မှာလည်း တိုးပွားလာသည်ကို သတိပြုမိပါသည်။ ယာဉ်မတော်တဆမှုကြောင့် သေဆုံးနှုန်းမှာ ၂၀၁၂ ခုနှစ်တွင် လူဦးရေတစ်သိန်းလျှင် ၆ ဒသမ ၁ ဦးနှုန်း၊ ၂၀၁၃ ခုနှစ်တွင် ၆ ဒသမ ၆ ဦးနှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၈ ဒသမ ၄ ဦး နှုန်းဖြစ်ပွားနေသည်ကို တွေ့ရပေသည်။ ဤအချက်ကိုထောက်ရှုလျက် ကျွမ်းကျင်ယာဉ်မောင်းများ လိုအပ်လျက်ရှိသည်ကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်ပါသည်။

ယခုအခါ စက်ရုံအလုပ်ရုံများပေါ်များလာခြင်း၊ ရုံးဌာနများ တိုးပွားလာခြင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကျယ်ပြန့်လာခြင်းတို့ကြောင့် ကျွမ်းကျင်ယာဉ်မောင်းလိုအပ်ချက်မှာ မြင့်မားလာလျက်ရှိပါသည်။ သို့ပါ၍ မော်တော်ယာဉ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုမည်ဆိုပါက အမှန်တကယ်ကျွမ်းကျင်မှုဖြစ်အောင် ကြိုးစားအားထုတ်သင့်ပေကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

“ မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ”

# လာအို ဒုတိယသမ္မတနှင့်ဇနီး နေပြည်တော်အတွင်းကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၂၂**

မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်ဖြင့် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့ ဥဒယရံသီကုန်းပေါ်၌ တည်ထားသော မဟာဗောဓိစေတီတော်ကြီးနှင့် သံဝေဇနိယလေးဌာနသို့ သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် ဒုတိယသမ္မတနှင့် အဖွဲ့သည် အမျိုးသားပြတိုက် (နေပြည်တော်) သို့ရောက်ရှိကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ် ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းတင် ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ် (အေဒီ ၁၁ မှ ၁၄ ရာစု) ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီးနှင့် ပြတိုက်တာဝန်ခံများက လိုက်လံ



ရှင်းလင်းပြသကြသည်။**(အပေါ်ပုံ)**

ယင်းနောက် ဧည့်သည်တော် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်နှင့် လိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြကာ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်မုခ် ရတနာ ဆင်ဖြူတော်ဆောင်ရှိ ရတနာဆင်ဖြူတော် များအား သွားရောက်ကြည့်ရှု လေ့လာကြပြီး အစာအာဟာရ ဖြစ်ဖွယ်များကို အာဟာရဒါနပြုကျွေးမွေးကြသည်။

**(သတင်းစဉ်)**

# သဖန်းဆိပ်ဆည်ရေလွှတ်မှုကြောင့် မူးမြစ်ရေစိုးရိမ်ရေမှတ်အထက် နှစ်ပေခန့်ရောက်နိုင်

**နေပြည်တော် ဇူလိုင် ၂၂**

စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့အတွင်း မိုးရွာသွန်းမှုမရှိသော်လည်း ကန့်ဘလူမြို့နယ်အတွင်း၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေမှုနှင့် ကွန်းလှမြို့နယ် သဖန်းဆိပ်ဆည်တို့မှ ရေလွှတ်မှုများကြောင့် စစ်ကိုင်းမြို့နယ်နှင့် မြင်းမူမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသည့် မူးမြစ်ရေသည် ဇူလိုင် ၂၀ ရက်မှစတင်၍ သိသိသာသာ မြစ်ရေတိုးလာသည်။ ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းမှ ဇူလိုင် ၂၂ ရက် နံနက် ၆ နာရီအထိ စိုးရိမ်ရေမှတ် ၂၅ ပေအထက် တစ်ပေကျော်လွန်၍ ၂၆ ပေအထိ တက်ရောက်ခဲ့ခြင်းကြောင့် ညောင်ပင်ဝန်းရွာ၊ ရွာသစ်ရွာ၊ တံတားဦးရွာ၊ ဒီပဲယင်းတွဲရွာ၊ သဖန်းသာရွာ၊ လက်ပံသာရွာ၊ တောင်မြို့ရွာ၊ သပြေသာရွာ၊ ညောင်ပင်ရှည်ရွာ၊ တလိုင်းကျွန်းရွာများ စသည့် ရွာကိုးရွာတွင် ရေဝင်ရောက်မှု ရှိခဲ့သော်လည်း ညောင်ပင်ဝန်းကျေးရွာမှ အိမ်ထောင်စု သုံးစု၊ အိမ်ထောင်စုဝင် ၁၄ ဦးသာ ရေလွှတ်ရာ ၎င်းတို့၏မိဘနေအိမ်များသို့ ပြောင်းရွှေ့မှုရှိသော်လည်း ကျန်ရွာများမှာမူ ပြောင်းရွှေ့ရသည့် အခြေအနေမရှိကြောင်း သိရသည်။ ရေဝင်သည့် စိုက်ပျိုးဧရိယာများမှာလည်း ထယ်ရေးပြင်ထားသည့် ဧရိယာများသာ ဖြစ်သည်။

ယနေ့ နံနက် ၁၀ နာရီတွင် မူးမြစ်ရေသည် မူလစိုးရိမ်ရေအမှတ် ၂၅ ပေမှ တစ်ပေကျော်သို့ ကျဆင်းနေသည်။ သို့သော်လည်း သဖန်းဆိပ်ဆည်ရေပိုလွှဲမှ ယနေ့နံနက် ၈ နာရီက ရေဧက ပေ ၂၂၀၀၀ ထပ်မံရေလွှတ်ကြောင်း တာဝန်ရှိသူအဆင့်ဆင့်သို့ အကြောင်းကြားလာကြောင်း သိရသည်။ အဆိုပါသဖန်းဆိပ်ဆည်မှ လွှတ်လိုက်သော ဆည်ရေဧကပေ ၂၂၀၀၀ သည် ညောင်ပင်ဝန်းကျေးရွာသို့ ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီခန့်တွင် ရောက်ရှိနိုင်မည်ဖြစ်ရာ စိုးရိမ်ရေအမှတ် ၂၅ ပေအထက် နှစ်ပေခန့်ရောက်ရှိနိုင်ကြောင်း သိရသည်။ **(စစ်ကိုင်းခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၇-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သဘဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၁၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၂၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၁၀-၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၂၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၂.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၇၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၀၇ |
| တရုတ် | တစ်ယွမ် | ၁၉၆.၄၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀.၃၆ |

ခင်ရတနာ-စုစည်းသည်။

# မြန်မာ-လာအို နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-လာအို နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူအချင်းချင်းဆက်ဆံမှု မြှင့်တင်ရေး၊ စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများ၊ ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးဇေယျာအောင်၊ ဦးမောင်မြင့်၊ ဒေါက်တာမြင့်အောင်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်တို့သည် နှစ်နိုင်ငံ သံတမန်အဆက်အသွယ် ထူထောင်မှု နှစ်(၆၀)ပြည့်မြောက် အခါသမယဖြစ်သည့် ၂၀၁၅ ခုနှစ် မေ ၉ ရက်တွင် နှစ်နိုင်ငံ ပူးပေါင်းတည်ဆောက်ခဲ့သော မြန်မာ-လာအို ချစ်ကြည်ရေးတံတားကို ဖွင့်လှစ်၍ သမိုင်းမှတ်တိုင် စိုက်ထူခဲ့ကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်သည် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ် မြန်မာနိုင်ငံသို့ ၂၀၀၁ ခုနှစ် ဩဂုတ်လအတွင်း လာရောက်ခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်၊ ၂၀၀၃ ခုနှစ် နိုဝင်ဘာလအတွင်း ပုဂံမြို့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် အက်မက်စ်ထိပ်သီးအစည်းအဝေးနှင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် ယခုခရီးစဉ်သည် ဒုတိယသမ္မတ တာဝန်ယူပြီးနောက် ပထမဦးဆုံးခရီးစဉ်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**







နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်တို့ နှစ်နိုင်ငံ သံတမန်အဆက်အသွယ် ထူထောင်မှု နှစ်(၆၀)ပြည့်မြောက်အဖြစ် ၉-၅-၂၀၁၅ ရက်က မြန်မာ-လာအို ချစ်ကြည်ရေးတံတားကို ဖွင့်လှစ်ပေးစဉ်။

### ✳ ရှေ့ဖုံးမှ

အလားတူ ဇူလိုင် ၂၃ ရက်တွင်ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အီဗရာဟင်မ် မာလတ်ဘ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

### ❍ ကျောဖုံးမှ

ယခုပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ အင်ဒိုနီးရှားအသင်းမှလွဲ၍ ကျန် ၁၁ သင်းစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စု(ခ)တွင် ဩစတြေးလျ၊ စင်ကာပူ၊ အိမ်ရှင်ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်အသင်းတို့နှင့်အတူ ကျရောက်လျက်ရှိသည်။ အုပ်စု (က) တွင် မလေးရှား၊ ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ဘရူနိုင်းနှင့် တီမောအသင်းတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ပြိုင်ပွဲဝင်ရန် ဇူလိုင် ၂၅ ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး ပွဲဦးထွက်ပွဲစဉ်အဖြစ် ဇူလိုင် ၂၈ ရက်တွင် စင်ကာပူအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၆ အသင်းကို နည်းပြချုပ်အဖြစ် ရန်ကုန်နည်းပြချုပ်ဟောင်း အဲရစ်ဝီလျံက ဇူလိုင် ၂၀ ရက်မှစ၍ ကိုင်တွယ်လျက်ရှိသည်။ ဇူလိုင်လဆန်းပိုင်းက ကျင်းပခဲ့သည့် ဂျပန်- မဲခေါင် ယူ -၁၅ ပြိုင်ပွဲဝင် မြန်မာ ယူ-၁၅ အသင်းမှ ကစားသမားအများစု ပါဝင်လာသောကြောင့် ပြင်ဆင်မှုအပိုင်းတွင် အားမနည်းနိုင်ပေ။

မြန်မာ ယူ -၁၆ အသင်းသည် ဇူလိုင် ၂၁ ရက်က နည်းပြချုပ် ဂုတ်ဖရိုင်းဒရစ် ကိုင်တွယ်နေသည့် မြန်မာယူ -၁၉ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဇူလိုင် ၂၃ ရက် (ယနေ့) တွင် ထပ်မံခြေစမ်းမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် အာဆီယံ ယူ-၁၆ ပြိုင်ပွဲအပြီးတွင် အာရှ ယူ-၁၆ ခြေစစ်ပွဲကို ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

# လာအိုဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် ဇနီး မြန်မာနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ည ၇ နာရီတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ယင်းသို့ရောက်ရှိစဉ် ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် ဇနီးတို့က လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



# တရုတ်ကျောက်မီးသွေးမိုင်းရေမြုပ် အလုပ်သမားများ ပိတ်မိနေဆဲ

**ဟေလောင်ကျန်း ဇူလိုင် ၂၂**

တရုတ်နိုင်ငံ ဟေလောင်ကျန်းပြည်နယ်အရှေ့မြောက်ပိုင်း၌ တနင်္လာနေ့က ရေကြီးမှုကြောင့် ကျောက်မီးသွေးမိုင်းတစ်ခု ရေကြီးနစ်မြုပ်ခဲ့ပြီး ကျောက်မီးသွေး လုပ်သားအများအပြား ပိတ်မိနေကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ကျောက်မီးသွေးမိုင်း ရေကြီးမှုကြောင့် နှစ်ဦးသေဆုံးကာ အခြား ၁၃ ဦး ပိတ်မိနေခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က ပြောသည်။

ဟေလောင်ကျန်းပြည်နယ် စင်အန်းခရိုင်ရှိ ဟူကျန်းကိုလီယာရီကျောက်မီးသွေး မိုင်းလုပ်ကွက်သည် တနင်္လာနေ့ညပိုင်းက ရေကြီးနစ်မြုပ်ခဲ့ကာ ကျောက်မီးသွေးလုပ်သားများ ပိတ်မိခဲ့သည်ဟုဆိုသည်။ အဆိုပါကျောက်မီးသွေးမိုင်းသည် တရုတ်နိုင်ငံ၏ ကျောက်မီးသွေး အဓိကထုတ်လုပ်ပေးရာလုပ်ငန်းဖြစ်ပြီး နှစ်စဉ် ကျောက်မီးသွေးတန်ချိန် ၁၅၀၀၀၀ ထုတ်လုပ်ပေးလျက်ရှိသည်။

(ဆင်ဟွာ)



# တရုတ်အရာရှိ ၁၉၀၀၀ အား ခြိုးခြံချွေတာရေး စည်းကမ်းချိုးဖောက်မှုဖြင့် အပြစ်ပေးအရေးယူ

**ပေကျင်း ဇူလိုင် ၂၂**

၂၀၁၅ ခုနှစ် ပထမနှစ်ဝက်အတွင်း ခြိုးခြံချွေတာရေး စည်းကမ်းချိုးဖောက်သော တရုတ်အရာရှိ ၁၉၀၀၀ အား ဖော်ထုတ်အရေးယူခဲ့ကြောင်း ယင်းမှာ ၂၀၁၂ နှစ်ကုန်ပိုင်းမှစတင်ကာ အရေအတွက်အားဖြင့် အရေးယူခံရမှု ၁၂၀၀၀၀ အထိရှိလာကြောင်းတရုတ်ကွန်မြူနစ်ပါတီ (စီပီစီ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့က ပြောသည်။

ယခုနှစ်ပထမခြောက်လအတွင်း အဆိုပါအပြစ်ပေးအရေးယူမှုသည် အမှုတွဲပေါင်း ၁၄၀၀၀ တွင် ပါဝင်ပတ်သက်သူများဖြစ်ကြောင်း စီပီစီ၏ စည်းကမ်းစစ်ဆေးရေးဗဟိုကော်မရှင်မှ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အဆိုပါအပြစ်ပေးအရေးယူခံရမှုအရေအတွက်မှာ ယမန်နှစ်ကအမှုတွဲပေါင်း ၅၃၀၀၀ တွင်ပါဝင်ပတ်သက်သူအရာရှိ ၇၁၀၀၀ ကျော်မှ ကျဆင်းသွားခဲ့သည်ဟု ဆိုသည်။ ဇွန်လတစ်လတည်းမှာပင် အမှုပေါင်း ၃၁၀၀ တွင်ပါဝင်ပတ်သက်သူ တရုတ်အရာရှိ ၄၃၀၀ အား အပြစ်ပေးအရေးယူခဲ့သည်ဟု ဆိုသည်။

(ဆင်ဟွာ)

# ယီမင်၌ စစ်ဘေးပဋိပက္ခများကြောင့် စားနပ်ရိက္ခာများလိုအပ် ကုလသမဂ္ဂပထမဆုံးအကြိမ် စားနပ်ရိက္ခာသင်္ဘောစေလွှတ်

**ဂျီနီဗာ ဇူလိုင် ၂၂**

စားနပ်ရိက္ခာထောက်ပံ့ရေးပစ္စည်းများတင်ဆောင်လာသော ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) သင်္ဘောသည် ယီမင်ဆိပ်ကမ်း အေဒင်သို့ အင်္ဂါနေ့က ရောက်ရှိလာကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းထောက်များအားပြောသည်။

မတ်လက ယီမင်နိုင်ငံတွင် စစ်ဘေးပဋိပက္ခဖြစ်ပွားပြီးနောက် (WFA) စားနပ်ရိက္ခာထောက်ပံ့ရေးသင်္ဘော ပထမဆုံးရောက်ရှိလာခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"ဒီအစားအစာတွေကို အကူအညီအလျင်အမြန်လိုအပ်တဲ့ ယီမင်တောင်ပိုင်းက ပြည်သူတွေထံပို့ပေးမှာဖြစ်ပါတယ်"ဟု အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောသည်။ အဆိုပါသင်္ဘောသည် အေဒင်ရေနံတင်ဆိပ်ကမ်း အယ်လ်ဘူရိုလ်ကွာ၌ ဆိုက်ကပ်ရပ်နားထားပြီး စားနပ်ရိက္ခာတန်ချိန် ၃၀၀၀ တင်ဆောင်လာကြောင်း၊ ယင်းမှာ လူပေါင်း ၁၈၀၀၀၀ အတွက် တစ်လစာလုံလောက်မှုရှိကြောင်း ၎င်းကပြောသည်။

အဆိုပါစားနပ်ရိက္ခာသင်္ဘောသည် ဇွန် ၂၆ ရက်ကတည်းက အေဒင်ကမ်းလွန်သို့ရောက်ရှိနေသော်လည်း လေတိုက်နှုန်းပြင်းထန်နေ၍ သုံးပတ်ကျော် စောင့်ဆိုင်းခဲ့ရကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူ ဖာရန်ဟတ်က ပြောသည်။ ယီမင်နိုင်ငံတွင် မတ် ၂၆ ရက်မှစပြီးဖြစ်ပွားသော ပဋိပက္ခအတွင်း အနည်းဆုံး အရပ်သား ၁၆၉၃ ဦးသေဆုံးပြီး အခြား ၃၈၂၉၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းကမှတ်ချက်ပြုပြောကြားသည်။

(ဆင်ဟွာ)

# အိုင်အက်စ်အခြေစိုက်စခန်းကို အီရတ်တပ်ဖွဲ့ဝင်များ ထိုးစစ်ဆင်တိုက်ခိုက်

**ဘဂ္ဂဒက် ဇူလိုင် ၂၂**

အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့် ဆွန်နီလူမျိုးစုတိုက်ခိုက်ရေးသမားများပူးပေါင်းကာ အင်္ဂါနေ့က အန်ဘာပြည်နယ်ရှိ အိုင်အက်စ်စစ်သွေးကြွများကို ထိုးစစ်ဆင်တိုက်ခိုက်ပြီး အဓိကထောက်ပံ့ရေးလမ်းကြောင်းများကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောသည်။

ထို့ပြင် နိုင်ငံတစ်ဝန်း ဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ ၃၂ ဦးထက်မနည်း သေဆုံးခဲ့သည်။ ဘဂ္ဂဒက်အရှေ့မြောက်ပိုင်းရှိ ရှီးယိုက်အများစုရှိရာ ဘဂ္ဂဒက်ခရိုင်သစ်၌ အသေခံကားဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ လူ ၁၆ ဦး သေဆုံးခဲ့ပြီး ၄၈ ဦး ဒဏ်ရာရရှိခဲ့သည်။

အဓိကလမ်းကြောင်းဖြစ်သည့် အိုင်အက်စ်စစ်သွေးကြွများကြီးစိုးရာ အနောက်ဘက် ဟာဒီသာအခြေစိုက်စခန်းကို အစိုးရတပ်ဖွဲ့များက ပြန်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**



# အယ်လ်ခိုင်ဒါထိပ်တန်းခေါင်းဆောင်တစ်ဦး အမေရိကန်လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံး

**ဝါရှင်တန် ဇူလိုင် ၂၂**

ကာလကြာရှည်စွာလှုပ်ရှားနေသော အယ်လ်ခိုင်ဒါစစ်သွေးကြွခေါင်းဆောင်တစ်ဦးဖြစ်သည့် မူရှင်းအယ်လ်ဖတ်လီသည် ဇူလိုင် ၈ ရက်တွင် ဆီးရီးယားမြောက်ပိုင်းတွင် အမေရိကန်လေကြောင်းတိုက်ခိုက်မှုအတွင်း၌ သေဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် အတည်ပြုပြောကြားသည်။

ဆီးရီးယားနိုင်ငံ ဆာမာဒါမြို့အနီး မော်တော်ယာဉ်ဖြင့်ခရီးသွားစဉ် အမေရိကန်တို့၏လေကြောင်းမှ ပစ်ခတ်သည့် ဒုံးကျည်ထိမှန်ပြီး သေဆုံး သွားခဲ့ကြောင်း အမေရိကန်တို့က ပြောသည်။

"ဇူလိုင် ၈ ရက်ကတိုက်ခိုက်မှုဟာ အယ်လ်ဖတ်လီကို ရှင်းလင်းဖို့ ဒုတိယအကြိမ်ကြိုးပမ်းမှုအတွင်းမှာ သေဆုံးခဲ့တာပါ"ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

အယ်လ်ဖတ်လီသည် အယ်လ်ခိုင်ဒါလှုပ်ရှားမှု ကွန်ရက်ခေါင်းဆောင်ဖြစ်ပြီး အမေရိကန်နှင့် မဟာမိတ်များအား အကွက်ချတိုက်ခိုက်ရန် ကြိုးစားနေသော ခိုရာဆန်အဖွဲ့၏ ခေါင်းဆောင်လည်းဖြစ်သည်ဟု ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဂျက်ဒါးဗစ်၏ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါပုဂ္ဂိုလ်သည် ကူဝိတ်ဖိုင်လာကာကျွန်းရှိ အမေရိကန်မရိန်းတပ်ဖွဲ့နှင့် ပြင်သစ်သင်္ဘော MV လင်းဘတ်တို့ တိုက်ခိုက်မှုအပါအဝင် ၂၀၀၂ ခုနှစ် အောက်တိုဘာလက အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်သည်ဟုဆိုသည်။



**(ဆင်ဟွာ)**

# ဆီးရီးယားတွင် စပိန်သတင်းထောက်သုံးဦး ပြန်ပေးဆွဲခံရ

**မက်ဒရစ် ဇူလိုင် ၂၂**

ဆီးရီးယားနိုင်ငံအလယ်ပိုင်း၌ စပိန်သတင်းထောက်သုံးဦး ပျောက်ဆုံးသွားရာ ပြန်ပေးဆွဲခံရခြင်းဖြစ်နိုင်ကြောင်း စပိန်သတင်းစာများတွင် ဖော်ပြသည်။ အန်တိုနီယိုပန်ပလီဂါ၊ ဟိုဆေးမန်နျူရယ်လိုပက်ဇ်နှင့် အိန်ဂျယ်စက်စတာတို့သည် စပိန်သတင်းထောက်အသင်းမှ အလွတ်တန်းသတင်းထောက်များဖြစ်ပြီး ဇူလိုင် ၁၀ ရက်က တူရကီကိုဖြတ်၍ ဆီးရီးယားသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့မပျောက်ဆုံးမီ နှစ်ရက်အလိုက စက်စတာက လူမှုမီဒီယာတွစ်တာ၌ သတ္တိဟူသော စကားလုံးကို စပိန်၊ အင်္ဂလိပ်နှင့် အာရဗီဘာသာတို့ဖြင့် မက်ဆေ့ချ်တစ်စောင်တင်ခဲ့သည်။

စပိန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပါအခြေအနေများကို စောင့်ကြည့်လျက်ရှိပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ဆီးရီးယား၌ ယခုပြန်ပေးဆွဲခံရသော စပိန်သတင်းထောက် သုံးဦးမှာ ပထမဆုံးအကြိမ် မဟုတ်ပေ။ ၂၀၁၄ ခုနှစ်က အယ်လ်မန်ခိုသတင်းစာတိုက်မှ ဂျာဗီယာအက်စပီနိုစာနှင့် ဓာတ်ပုံသတင်းထောက် ရီကာဒိုဂါဆီယာဗီလာနိုဗာတို့ကို ဆီးရီးယား၌ ပြန်ပေးဆွဲခံရပြီး ၁၉၄ ရက်ကြာ ဖမ်းဆီးထားရာမှ ယခုနှစ်မတ်လတွင် ပြန်လည်လွှတ်ပေးခဲ့သည်။

**(ဆင်ဟွာ)**

# တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းများအား ဩဂုတ်လ နောက်ဆုံးပတ်တွင် ထုတ်ပြန်ကြေညာမည်

**ရန်ကုန် ဇူလိုင် ၂၂**

တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းများအား ဩဂုတ်လ နောက်ဆုံးပတ်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သတင်းအချက်အလက်ဌာနတွင်ပြုလုပ်သည့်သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။ **(ယာပုံ)**



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ပုံစံ (၆၆/၆) အိမ်ထောင်စုစာရင်းကို အခြေခံ၍ အခြေခံမဲဆန္ဒရှင်စာရင်းကိုကောက်ယူခဲ့ပြီး ကြေညာခြင်းလုပ်ငန်းများအား ၂၀၁၅ မတ်လမှ စတင်ကာ ထုတ်ပြန်ကြေညာခဲ့သည်။ အခြေခံမဲဆန္ဒရှင်စာရင်းကောက်ယူရခြင်းသည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့် အချိန်ဇယား အတိအကျကို မကြေညာရသေးမီ ကာလတွင် ရွေးကောက်ပွဲအား အထောက်အကူပြုနိုင်ရန်အတွက် ဖြစ်သည်။ ပုံစံ (၆၆/၆) အိမ်ထောင်စုစာရင်းကို အခြေခံ၍ကြေညာထားသော အခြေခံမဲဆန္ဒရှင် စာရင်းတွင် အမည်မပါရှိပါက ပုံစံ (၃) ဖြင့် အမည်တင်သွင်းရန်၊ မဲစာရင်းအချက်အလက် မှားယွင်းမှုများအတွက် ပုံစံ (၄-က) နှင့် မဲစာရင်းတွင် မပါရှိသင့်သူများ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်နိုင်ရန်အတွက် ဇူလိုင် ၃၀ ရက်အထိ ခွင့်ပြုထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံမှ သိရသည်။

တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်း ကြေညာပေးမည့်အချိန်နှင့် မဲစာရင်း ပြင်ဆင်၊ပယ်ဖျက်၊ ဖြည့်သွင်းခွင့်ရမည့် နောက်ဆုံးအချိန်နှင့်ပတ်သက်၍ "အခြေခံ မဲဆန္ဒရှင်မဲစာရင်း အားလုံးကို ဇူလိုင် ၃၀ ရက်အထိ တစ်နိုင်ငံလုံးမှာ အဆင့် လေးဆင့်ခွဲ ကြေညာပြီးပြီဆိုတာနဲ့ တစ်နိုင်ငံလုံး မဲဆန္ဒရှင် စာရင်းတွေ ကြေညာမယ်။ ကပ်သွားပေးမယ်။ ဘယ်အချိန်လောက်မှာ တစ်နိုင်ငံလုံး မဲစာရင်းတွေ ဘယ်အချိန်ကပ်မလဲဆိုရင် ဩဂုတ်လ နောက်ဆုံးပတ်လောက် ကပ်ဖြစ်မယ်ထင်ပါတယ်။ တစ်နိုင်ငံလုံးအတွက် ကြေညာပေးပါ့မယ်။ အဲဒီအချိန် ၁၄ ရက်ကပ်ပြီးရင်တော့ မဲဆန္ဒရှင်စာရင်း ကြေညာပေးတာ နောက်ဆုံး(final)ပါပဲ။ ဒါကြောင့် ကိုယ့်နာမည်မပါရင် ဖြည့်ပါ။ မှားနေရင်ပြင်ပါ။ မပါသင့်သူတွေပါရင် ပယ်ဖျက်ပါ။ နောက်ဆုံးအဆင့် တစ်နိုင်ငံလုံးအတွက် မဲဆန္ဒရှင်စာရင်းကို ၁၄ ရက် ကြေညာပြီးတာနဲ့ ပြင်တာဆင်တာတွေအားလုံး ကျွန်တော်တို့ကော်မရှင်က လုပ်မပေးနိုင်ပါဘူး" ဟုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ပြောသည်။

ရွေးကောက်ပွဲနေ့တွင်မှ မဲဆန္ဒရှင်စာရင်း၌ မိမိမဲစာရင်းအမည်ပါဝင်ခြင်းမရှိပါဘဲမဲပေးလိုသည်ဟု ပြောကြားလာပါက ရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်ပေးနိုင်မည် မဟုတ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌက ပြောကြားသည်။

"မဲပေးရမယ့်နေ့မှာ မဲစာရင်းမှာ မပါလို့ ပြဿနာဖြစ်လာရင်တော့ အဲ့ဒီလူရဲ့ တာဝန်ဖြစ်ပါတယ်။ မှားလို့ကတော့ရတယ်။ မဲစာရင်းမှားလို့ကတော့ မဲပေးပိုင်ခွင့် လုံးဝမဆုံးရှုံးစေရပါဘူး။ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်၊ မဲရုံ ကိုယ်စားလှယ်၊ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာကော်မရှင် အဖွဲ့တွေက မဲရုံထဲ ထိုင်နေမှာဖြစ်တဲ့အတွက်ကြောင့် မဲပေးမယ့်သူကို ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ အာမခံပေးနိုင်ရင် မဲပေးခွင့်ပြုမှာ ဖြစ်ပါတယ်။ မဲစာရင်းမှာ မပါရင်တော့ မဲပေးခွင့်မရပါဘူး။ ရွေးကောက်ပွဲနီးမှ မဲစာရင်းမပါလို့ ပြဿနာရှာရင်တော့ ကျွန်တော့်တာဝန်မဟုတ်ပါဘူး။ ပြဿနာရှာတဲ့သူရဲ့ တာဝန်ပါ။ မဲစာရင်း မှားရင်တော့ လုံးဝမဲပေးပိုင်ခွင့် မဆုံးရှုံးပါဘူး"ဟု ကော်မရှင်ဥက္ကဋ္ဌက ဇူလိုင် ၂၂ ရက်တွင် ရွေးကောက်ပွဲ ကော်မရှင်ကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

**သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်**

# မြန်မာ-လာအိုနယ်စပ်၊ တာချီလိတ်မြို့နယ် ပါလျှိုး-ကျိုင်းလတ်ဒေသဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ပါလျှိုး-ကျိုင်းလတ်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၂/၂၀၁၅)ကို ရှမ်းပြည်နယ် ပါလျှိုး-ကျိုင်းလတ်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း ဦးဆောင်၍ ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက နယ်စပ်ရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီးက လာအို-မြန်မာချစ်ကြည်ရေး တံတားတည်ဆောက်ဖွင့်လှစ်ပြီးဖြစ်၍ ကျိုင်းလတ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်အတွက် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစိစစ်ပြီး လတ်တလော ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များ၊ ရေရှည် ဆောင်ရွက်သွားရမည့်အစီအမံများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဆွေးနွေးတင်ပြကြရန်၊ ကျန်းမာရေး၊ ပညာရေး၊ လမ်း/ တံတား၊ ဆက်သွယ်ရေး၊ ရေ/မီး စသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လတ်တလော ဆောင်ရွက်ပေးနိုင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချက်ချင်း ဆောင်ရွက်ပေးနိုင်ပါရန်နှင့် လက်ရှိတည်ရှိပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အခြေခံ၍ အဆင့်မြှင့်တင်သွားရန်အတွက် လက်တွေ့ကျကျ ရှင်းလင်းတင်ပြကြရန်၊ ပါလျှိုး-ကျိုင်းလတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။ **(ယာပုံ)**



ထို့နောက် ရှမ်းပြည်နယ် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ပါလျှိုး-ကျိုင်းလတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဌာနအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုတင်ပြခဲ့ကြသည်။

အဆိုပါ ပါလျှိုး-ကျိုင်းလတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှက ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်သာမက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၁၆ ခုတင်ဆံ့ ဆေးရုံကို ၂၅ ခုတင်ဆံ့ (သို့မဟုတ်) ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ်သို့လည်းကောင်း၊ ကူးစက်ရောဂါများ နိုင်ငံအတွင်း ကူးစက်ဝင်ရောက်မှုမရှိစေရေးနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေဖြင့် အင်တာနက်လိုင်းများ လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်ရေး လုပ်ငန်းစဉ်များကိုလည်းကောင်း၊ GSM မိုဘိုင်းစခန်းအား ပြောင်းရွှေ့ဖွင့်လှစ်ရန် စက်အဆောက်အအုံများနှင့် တာဝါတိုင် ဆောက်လုပ်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၅၀၀ KVA ဒီဇယ်ဓာတ်အား ပေးစက်တပ်ဆင်ပေးမည့် အခြေအနေကိုလည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားလုပ်ငန်းများ၊ ရေပေးရေးလုပ်ငန်း၊ ဆိုလာမီးလင်းရေးလုပ်ငန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကျိုင်းလတ်နယ်စပ် ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ရေးကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ပါလျှိုး-ကျိုင်းလတ်ဒေသ အစိုးရနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးမည့် အခြေအနေကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် Town Plan ရေးဆွဲ၍ ပါလျှိုး-ကျိုင်းလတ်ဒေသ ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအမံတွင် ကမ်းခြေပတ်လမ်းများ၊ ရေပူစမ်းနှင့်အပန်းဖြေဥယျာဉ်များ၊ စူပါမားကတ်များ၊ ဟိုတယ်ဇုန်များအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အချိန်တိုအတွင်း အကျိုးရှိ ထိရောက်နိုင်မည့် လုပ်ငန်းအစီအမံများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဋိညာဉ်ကတိကဝတ်ပြု၍ Car Parking ထောက်ခံချက်ဖြင့် မော်တော်ယာဉ်တင်သွင်း ဝယ်ယူခွင့်လျှောက်ထားသောမော်တော်ယာဉ်များအား ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂-၂-၂၀၁၅ ရက်နေ့တွင် ယာဉ်အမှတ် 9I/--- ယာဉ်အမှတ်မှစပြီး ယာဉ်မှတ်ပုံတင် တင်သွင်းခွင့်ပြုခဲ့ရာ ၇-၇-၂၀၁၅ ရက်နေ့အထိ မော်တော်ယာဉ် ၄၂၈၂ စီး မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၂။ အထက်ပါ Car Parking ထောက်ခံချက်ဖြင့်တင်သွင်းလာသောယာဉ်များသည် Car Parking လျှောက်ထားသော နေရာ၌ရပ်နား/ ညအိပ်ခြင်းမပြုဘဲ မြို့တွင်း မြို့နယ်များ၌ ယာဉ်ညအိပ်ရပ်နားသဖြင့် ယာဉ်ပါကင် မလုံလောက်မှုနှင့်ယာဉ်ကြော ပိတ်ဆို့မှုပြဿနာများ ဖြစ်ပွားလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ Car Parking ထောက်ခံချက်ဖြင့်တင်သွင်းလာသော ယာဉ်များအနေဖြင့် မိမိတို့ မော်တော်ယာဉ်လျှောက်ထားစဉ်က တင်ပြသောနေရာများ၌သာ ရပ်နားကြရမည်ဖြစ်ပါသည်။ ယာဉ်တင်သွင်းရန် လျှောက်ထားစဉ် တင်ပြထားသည့်နေရာတွင် ညအိပ် ရပ်နားခြင်းမပြုသော ယာဉ်များအား စစ်ဆေး၍ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေဖြင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# အငြိမ်းစားဝန်ထမ်းများအား စတုဒိသာကျွေးမွေးလှူဒါန်း

**နမ့်ခမ်း ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်းစားဝန်ထမ်းများအား စတုဒိသာကျွေးမွေးလှူဒါန်းခြင်းကို ဇူလိုင် ၂၁ ရက်က ဘဏ်ရုံး၌ ပြုလုပ်ခဲ့သည်။

မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးအောင်ခိုင်ဝင်းနှင့် ဘဏ်ဝန်ထမ်းများက မဟာစည်သာသနာ့ရိပ်သာ တောရကျောင်းနှင့် ဥယျာဉ်ကျောင်းတိုက်မှ ဆရာတော်၊ သံဃာတော် ငါးပါးအားပင့်ဖိတ်၍ ပရိတ်တရားတော်မြတ်ကို နာယူကြပြီး အငြိမ်းစား ဝန်ထမ်းများကို မုန့်ဟင်းခါး စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများ၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ

စီအယ်လ်အမ်ဗွီ (CLMV) နှင့် အက်မက်စ်(ACMECS) အဖွဲ့အစည်းများ၏ နိုင်ငံတော်အဆင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမူဘောင်အရ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံထိပ်သီးအစည်းအဝေးများ၊ ဝန်ကြီးအဆင့်အစည်းအဝေးများနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများ (SOM) ကို ၂၀၁၅ခုနှစ် ဇွန်လတွင် နေပြည်တော်၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ယခုတစ်ဖန် ဇူလိုင်လ ၂၈ ရက်နေ့ နှင့် ၂၉ ရက်နေ့တို့တွင်လည်း စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများကို နေပြည်တော်၌ပင် အိမ်ရှင်အဖြစ် လှိုက်လှဲဂုဏ်ယူစွာ လက်ခံကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးများနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOM) ကို ၂၀၁၅ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သည်။ ၎င်းအစည်းအဝေးများသို့ စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြမည်ဖြစ်သည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် စီအယ်လ်အမ်ဗွီခရီးသွားလုပ်ငန်းဝန်ကြီးများအဆင့် အစည်းအဝေးမှ သဘောတူညီချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များအား အစည်းအဝေးတွင် ဆွေးနွေးကြမည်ဖြစ်သည်။ ထိုအစည်းအဝေး၏ ရလဒ်များဖြစ်သည့် ကမ္ဘာလှည့်ခရီးသွားများအတွက် စီအယ်လ်အမ်ဗွီဒေသကိုဆွဲဆောင်မှုကောင်းသော ကမ္ဘာ့ထိပ်တန်းခရီးစဉ်ဒေသတစ်ခုအဖြစ် တိုးမြှင့်ဖော်ဆောင်သွားမည်ဖြစ်သည်။

စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် လျော့နည်းစေရန်အတွက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ၂၀၀၄ ခုနှစ်မှစတင်ခဲ့ရာ ယခုနှစ်ဆိုလျှင် ၁၂ နှစ်တိုင် ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။

၂၀၁၅ ခုနှစ်သည် စီအယ်လ်အမ်ဗွီဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍတွင်လည်း စီအယ်လ်အမ်ဗွီ လေးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာအောင်ဆောင်ရွက်စေကာ ဒေသတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဒေသတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရာ ၂၀၁၄ ခုနှစ်တွင် စီအယ်လ်အမ်ဗွီနိုင်ငံများသို့ ခရီးသွားလာရောက်မှု၁၉ ဒသမ ၆ သန်းကျော်ရှိပြီး ၁၁ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်မှုမှာ ကျေနပ်အားရဖွယ်ဖြစ်သည်။ ထို့ပြင် စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ချိတ်ဆက်မှုကောင်းမွန်ခိုင်မာရေးသည်အလွန်အရေးပါလှသည်။ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်း၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အတူတကွ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေး၏ သဘောတူညီခဲ့ပြီးဖြစ်သော "လေးနိုင်ငံခရီးစဉ်တစ်ခု"(Four Countries -One Destination) အစီအစဉ်ကို အရှိန်အဟုန်မြှင့်အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်နိုင်ငံတကာခရီးသွားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသတွင်းနိုင်ငံများ၏ ခရီးသွားဈေးကွက်မြှင့်တင်ရန် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ခရီးသွားလုပ်ငန်းအမှတ်အသား၊ ပုံစံ၊ ကြော်ငြာ၊ ဆောင်ပုဒ်တို့အပြင် လေးနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာသတင်းအချက်အလက်ဝက်ဘ်ဆိုက် (Website) တစ်ခုလွှင့်တင်နိုင်ရေးနှင့် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ လေးနိုင်ငံခရီးစဉ် ဒေသတစ်ခုအဖြစ် ပူးပေါင်းဖော်ဆောင်ကြမည်ဖြစ်သည်။

ထို့အတူ ဒုတိယအကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးများနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ(SOM)ကိုလည်း ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ၎င်းအစည်းအဝေးကို အက်မက်စ်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးများ တက်ရောက်ကြမည်ဖြစ်သည်။ ထိုအစည်းအဝေး၌ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးသဘောတူညီချက်များ ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်မှုများ၊ ကျန်ရှိနေသောလုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးဖော်ထုတ်ပြီး အက်မက်စ်နိုင်ငံများဒေသအတွင်း ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

**ထိုင်း-လာအို-ဗီယက်နမ်ကမ္ဘာလှည့်ခရီးသွား ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းစဉ်ကို အသုံးပြုနိုင်ရေး အားပေးသွားရန်နှင့် "ခရီးသွားစကြံ" အသစ်အဖြစ် "ပုဂံ-ချင်းမိုင်-လွမ်ပရာဘွမ်-ဗီယင်ကျန်း-ဆီရမ်ရိ-ပေါ့" ခရီးစဉ်အသစ်ဖြင့် ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးလာစေရန် ဆောင်ရွက်သွားမည်ဖြစ်. . .**

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရာ၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်းကို အဖွဲ့ဝင်နိုင်ငံများအကြားလက်ရှိဆောင်ရွက်လျက်ရှိသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ အစီအစဉ်များဖြစ်သည့် ထိုင်း-လာအို-ဗီယက်နမ်ကမ္ဘာလှည့်ခရီးသွား ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းစဉ်ကို အသုံးပြုနိုင်ရေး အားပေးသွားရန်နှင့် "ခရီးသွားစကြံ" အသစ်အဖြစ် "ပုဂံ-ချင်းမိုင်-ဆွမ်ပရာဘွမ်-ဗီယင်ကျန်း-ဆီရမ်ရိ-ပေါ့"ခရီးစဉ်အသစ်ဖြင့် ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးလာစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုများအမျိုးအစား စုံလင်တိုးတက်လာစေရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် သဘာဝအရင်းအမြစ်များနှင့် ယဉ်ကျေးမှုအရင်းအမြစ်များရေရှည်တည်တံ့ရေး၊ ကမ္ဘာလှည့်ခရီးသွားများထင်သာမြင်သာရှိစေရန်နှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများသို့ ဖြတ်သန်းသွားလာသည့်ယဉ်ကျေးမှုနှင့်သမိုင်းဝင်နေရာများသို့ အုပ်စုလိုက်ခရီးသွားလာမှုများဖန်တီးဖော်ဆောင်ရန်တို့အပါအဝင် လုပ်ငန်းစဉ် (၇)ရပ်ကိုအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် အက်မက်စ် (ACMECS) အဖွဲ့ဝင်နိုင်ငံများ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်မှုတစ်ရပ်အနေဖြင့် အက်မက်စ်နိုင်ငံများ၏ "ငါးနိုင်ငံ ခရီးစဉ်တစ်ခု"ဆောင်ပုဒ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဆောင်ရွက်နေသော နှစ်နိုင်ငံတွင် ခရီးသွားဗီဇာတစ်ခုအစီအစဉ် (ACMECS Single Visa Scheme) တွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ အားလုံးပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ၎င်းအပြင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများသည် ယဉ်ကျေးမှု၊ သဘာဝအခြေခံခရီးသွားစသည့် အခြေခံကောင်းများရှိကာ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဖန်တီးဆောင်ရွက်သွားမည်ဖြစ်သည်။

**ဝင်းသိန်း (ဟိုတယ်/ခရီး)**

ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မှုတွင် နယ်စပ်ဝင်ပေါက်များသည်လည်း အဓိကအချက်ပင်ဖြစ်ပြီးကုန်းတွင်းမှ ဝင်ထွက်သွားလာမှုလွယ်ကူအဆင်ပြေစေရန် ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက် နယ်စပ်ဂိတ်များဖွင့်လှစ်ထားသကဲ့သို့ နယ်စပ်ဝင်ပေါက်အသစ်များတိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ၂၀၁၅ခုနှစ် မေလ ၉ ရက်နေ့တွင် မြန်မာ-လာအိုနှစ်နိုင်ငံ သံတမန်ဆက်ဆံမှုနှစ် (၆၀)ပြည့် အထိမ်းအမှတ်အဖြစ် နယ်စပ်ဖြတ်ကျော် ချစ်ကြည်ရေးတံတားကို မြန်မာနိုင်ငံ ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နှင့် လာအိုနိုင်ငံ လွှန်နသန်ပြည်နယ် ဘန့်ကျင်းကုတ်(Ban Xiang Kok)၊ မုန်းစင်း(Muang Sin)မြို့တို့အကြား ဖွင့်လှစ်ခဲ့ပြီး ၎င်းမြန်မာ-လာအိုနှစ်နိုင်ငံချစ်ကြည်ရေးတံတားဝင်ပေါက်သစ်မှ ဒေသတွင်းခရီးသွားများအပြင် ကမ္ဘာလှည့်ခရီးသွားများပါ နယ်စပ်ဒေသများမှတစ်ဆင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံလွယ်ကူစွာ သွားလာလည်ပတ်နိုင်ရန်နှင့် "ငါးနိုင်ငံခရီးစဉ်တစ်ခု" (Five Countries-One Destination) ဖော်ဆောင်ရာတွင်လည်း အထောက်အကူပြုဖြစ်စေမည်ဖြစ်သည်။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်မှုအဖြစ် အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲသူများနှင့် ဝန်ဆောင်မှုပေးသူများ၏ အရည်အသွေးတိုးတက်စေရန် ပူးပေါင်းသင်တန်းများဖွင့်လှစ်ခြင်း၊ သင်တန်းများဖွင့်လှစ်ရန် စီမံချက်များ၊ စီမံကိန်းများချမှတ်ဆောင်ရွက်ကာ ခရီးသွားလုပ်ငန်းကဏ္ဍအသီးသီးမှ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် အက်မက်စ်နိုင်ငံများ၏ ခရီးစဉ်များတွင် ကမ္ဘာလှည့်ခရီးသွားများ၏ လုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာအဆင့်အတန်းများ၊ လုပ်ငန်းစဉ်များကို အလေးပေး မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်သည်။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုအဖြစ် အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ခရီးသွားလုပ်ငန်းဆိုင်ရာသတင်းအချက်အလက်များ၊ လုပ်ငန်းအတွေ့အကြုံများ အဖွဲ့ဝင်နိုင်ငံအချင်းချင်း မျှဝေသိရှိနိုင်ရန်အတွက် ပိုမိုမြှင့်တင်ရန် နိုင်ငံအသီးသီး၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အင်တာနက်စာမျက်နှာတည်ဆောက်ကာရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားကြမည်ဖြစ်သည်။ ၎င်းအပြင် အက်မက်စ်ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးတွင် ပုဂ္ဂလိကနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများပါဝင်ရေး တွန်းအားပေး ဆောင်ရွက်ကြမည်ဖြစ်သည်။

ထိုအစည်းအဝေးများမှသဘောတူညီချက်များ၊ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များကြောင့် မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတွင်း ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုဖြစ်ပေါ်စေကာလူနေမှုအဆင့်အတန်းများမြင့်မားလာစေခြင်း၊ ဆင်းရဲမှုလျော့ကျစေခြင်းစသည့် အကျိုးကျေးဇူးများရရှိခံစားရမည်ဖြစ်သည်။ ထို့အပြင် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမှ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ကာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကိုဖြစ်စေပြီး အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်လာနိုင်မည်ဖြစ်သည်။

## ဓာတ်တိုင်ဝင်တိုက်

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေးလမ်း တံခွန်တိုင်တမာတန်းတွင် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီကမြို့တွင်းမှမောင်းနှင်လာသော တိုယိုတာ ကာဒီနာ ယာဉ်အမှတ် 9C/---- မှာ လမ်းကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ ဓာတ်တိုင်ကိုတိုက်မိပြီး တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းအား သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မန်းကိုယ်ပွား**




## ရွှေဝယ်ချင်ယောင်ဆောင်၍ရွှေခိုးသူ အမျိုးသမီးကိုဖမ်းမိ

**မိတ္ထီလာ ဇူလိုင် ၂၂**

မိတ္ထီလာမြို့ရှိ ရွှေဆိုင်တစ်ဆိုင်၌ အမျိုးသမီးလေးဦးက ရွှေဝယ်ချင်ယောင်ဆောင်၍ ရွှေဆွဲကြိုးများ ပြခိုင်းရာ ရွှေဆိုင်ပိုင်ရှင် အရောင်းအဝယ် ရှုပ်ထွေးနေစဉ် ရွှေဆွဲကြိုးတစ်ကုံးကို လက်ဆင့်ကမ်းပေး၍ ခိုးမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်မြို့ ခေတ္တရာမြို့သစ်နေ မျိုးမျိုးထွန်း၊ မျိုးမျိုးဝင်း၊ မသီတာ၊ မသက်ဝေတို့လေးဦးသည်ဇူလိုင် ၁၅ ရက် နံနက်က ရွှေဆိုင်တန်းသို့လာပြီး မမြင့်မြင့်သန်း၏ ရွှေဆိုင်သို့ မမျိုးမျိုးဝင်းနှင့် မသီတာတို့အရင်ဝင်ပြီး ရွှေဝယ်ရန် ရွှေဆွဲကြိုးများ ပြခိုင်းနေစဉ် နောက်မှ မသက်ဝေနှင့် မမျိုးမျိုးထွန်းတို့ ထပ်မံရောက်ရှိလာပြီး ရွှေဆွဲကြိုးဝယ်ယူရန် ပြခိုင်းရာ မမျိုးမျိုးထွန်းက ရွှေဆွဲကြိုးတစ်ကုံးကို လက်ထဲထည့်ကာ နောက်မှ မသက်ဝေအားပေးလိုက်သည်ဟု သိရသည်။

CCTVကင်မရာကြောင့် မမျိုးမျိုးထွန်းအား ဖမ်းမိထားပြီး မမျိုးမျိုးဝင်း၊ မသက်ဝေနှင့် မသီတာတို့ကို မိတ္ထီလာရဲစခန်းက စုံစမ်းလျက်ရှိကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ)ပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြုလုပ်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏တင်ပြချက်ကို လွှတ်တော်ကအတည်ပြု

**နေပြည်တော် ဇူလိုင် ၂၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၄ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ဆောင်ရွက်ခဲ့သည်။



အစည်းအဝေး၌ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၇/၂၀၁၅)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကဆွေးနွေးခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ရငွေနှင့် သုံးငွေအခြေအနေကို မျက်ခြည်မပြတ်သုံးသပ်၍ ပြည်ပကြွေးမြီများကို စိစစ်ရယူခြင်း၊ ပြည်တွင်းကြွေးမြီကို Treasury Bill Auction များဆောင်ရွက်၍ ဈေးကွက်အတိုးနှုန်းဖြင့် ရယူနိုင်ရန်ကြိုးပမ်းဆောင်ရွက်ခြင်းတို့ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူရခြင်းကို လျှော့နည်းလာစေရန် စတင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အစီရင်ခံစာပါ ဖော်ပြချက်အတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူရခြင်း မရှိတော့စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားရာ လွှတ်တော်က ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ)ပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြုလုပ်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက ကော်မရှင်၏တင်ပြချက်ကို ထောက်ခံ ဆွေးနွေးခဲ့ကြသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲနှင့် နေရာတူ၊ အချိန်တူ ကျင်းပမည်ဆိုပါက မဲရုံနှင့်အချိန်တိုးမြှင့်မှုကို တစ်နေရာတည်းကျင်းပ၍ရနိုင်သော်လည်း အသုံးပြုရမည့် ဝန်ထမ်းများနှင့် အသုံးအဆောင်၊ အထောက်အကူပစ္စည်းများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ သီးခြားကျခံရမည့်လုပ်ငန်းသဘောသဘာဝရှိသည်ဟု ဖော်ပြထားပါကြောင်း၊ သိသာမြင်လွယ်သည့် အချက်ဖြစ်ပြီး မဖြစ်မနေ အကုန်အကျခံရမည့် ကိစ္စရပ်များ ပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေကို အသုံးပြုပြီး တစ်ပြိုင်တည်း အောင်မြင်စွာ ကျင်းပနိုင်သည်ဆိုသော်လည်း အကျိုးသက်ရောက်မှုများစွာမရှိနိုင်ဟုလည်း ဖော်ပြထားပါကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ယခုကာလတွင် ကျင်းပခြင်းမပြုသေးဘဲ ခေတ္တဆိုင်းငံ့ထားသင့်ပါသည်ဆိုသော ရွေးကောက်ပွဲကော်မရှင်၏ အကြံပြုချက်သည် ဆီလျော်မှန်ကန်သည့်အတွက် အကြံပြုချက်အတိုင်း ခေတ္တဆိုင်းငံ့မှုကို ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်းက** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အကြံပြုချက်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် အထွေထွေရွေးကောက်ပွဲကို ပူးတွဲလုပ်ဆောင်မည်ဆိုပါက မလွဲမသွေဖြစ်လာမည့် ကိစ္စရပ်များကို ဆင်ခြင်စဉ်းစားပြီး တင်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ အထွေထွေရွေးကောက်ပွဲ၏ လုပ်ငန်းစဉ်၊ နိုင်ငံနှင့် ပြည်သူအတွက်အရေးပါမှု၊ ပြည်သူလူထု၏ဆန္ဒ၊ နိုင်ငံတကာ၏ စိတ်ဝင်စားစောင့်ကြည့်မှု ဒီမိုကရေစီစနစ်ပြောင်းလဲစ မြန်မာ့ပုံရိပ်ကို ပြည်တွင်းပြည်ပလူမှုအဖွဲ့အစည်းများ၏ လက်တွေ့လုပ်ငန်းစဉ်များအပေါ် အမြင်အမျိုးမျိုးရှိသလို စိန်ခေါ်မှုများကြားမှ ကြိုးစားလုပ်ဆောင်နေရသည့်ကော်မရှင်၏ ရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေကို အသိပင်ဖြစ်ပါကြောင်း၊ မလုပ်မဖြစ်ကိစ္စများကို လူ၊ ငွေကြေးနှင့် ပစ္စည်းများဖြင့် ပူးတွဲဆောင်ရွက်သည်ဖြစ်စေ၊ ခွဲခြားဆောင်ရွက်သည်ဖြစ်စေ ကုန်ကျမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ယခုကာလတွင် ကျင်းပခြင်းမပြုဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တင်ပြချက်သည် လျော်ကန်သဖြင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ)ပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြုလုပ်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တင်ပြချက်ကို လွှတ်တော်က အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြု ၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်များ ဆွေးနွေးရန်ဆုံးဖြတ်

**နေပြည်တော် ဇူလိုင် ၂၂**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ဆည်မြောင်းကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် မြစ်ကြောင်းထိန်းသိမ်းရေးကဏ္ဍဆိုင်ရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းသုံးခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အစည်းအဝေး၌ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး၏ **စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဇော်ဂျီမြစ်ဆိုင်ရာဆည်ရေသောက်စနစ်တွင် ပါဝင်သော စွန်ရဲကန်နှင့် မင်းလှကန်တို့အား အပြီးသတ်တူးဖော်ပေးရန်နှင့် ရေကန်များ၏ ဧရိယာသတ်မှတ်၍ နယ်နိမိတ်အတွင်း ကျူးကျော်မှုများကို တားဆီးပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ကန်များ၏ ရေလှောင်ပမာဏကို သိရှိနိုင်ရန်အတွက် ခေတ်မီတိုင်းတာရေးကိရိယာများဖြင့် ပြန်လည်တိုင်းတာရေးကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကန်နယ်နိမိတ်တိုင်းတာခြင်းကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့နှင့် ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စွန်ရဲကန်နှင့် မင်းလှကန်များ ဆက်လက်တူးဖော်နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့သော်လည်း ဦးစားပေးအလိုက် ရန်ပုံငွေစိစစ်လျှော့ချသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ထပ်မံတင်ပြတောင်းခံပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးဟံစိန် ဖြေကြားစဉ်။



ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း မေးမြန်းစဉ်။

ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၏ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းမြစ်ကြောင်းသည် တစ်နှစ်ထက်တစ်နှစ် မြစ်ကြောင်းကောက်လာပြီး ကုန်တင်မော်တော်ယာဉ်များသွားလာရာ၌ အခက်အခဲကြုံတွေ့နေရပါသဖြင့် ချင်းတွင်းမြစ်ကြောင်းထိန်းသိမ်းရေးနှင့် ပတ်သက်၍ မည်သို့စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ရေကြောင်းကျပ်တည်းမှုဖြစ်ပေါ်လေ့ရှိသော ခန္တီးရေလမ်း၊ ဟုမ္မလင်းရေလမ်း၊ နတ်စက်ရေလမ်း၊ ရှားပင်ရေလမ်းနှင့် မဲဒင်ရေလမ်းများတွင် ရေလမ်းကြောင်းကောင်းမွန်ရေးအစီအမံများ ဆောင်ရွက်နိုင်ရေးအတွက် နှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံသွားရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ချင်းတွင်းမြစ်ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် ချင်းတွင်းဝ-မုံရွာရေလမ်းပိုင်းကောင်းမွန်ရေးအတွက် မျောတိုင်တန်း ကျောက်ဖြည့်ရေကာ အလျား မီတာ ၂၅၀ ၊ မျောတိုင်တန်းကျောက်ဖြည့် ရေလွှဲရေကာ အလျား မီတာ ၁၀၀ နှင့် သောင်တူးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မုံရွာ-မင်းကင်း ရေလမ်းပိုင်းကောင်းမွန်ရေးအတွက် မျောတိုင်တန်း ကျောက်ဖြည့်ရေကာအလျားမီတာ ၃၀၀ ၊ မင်းကင်း-မော်လိုက် ရေလမ်းပိုင်း ကောင်းမွန်ရေးအတွက် မျောတိုင်တန်းကျောက်ဖြည့် ရေကာအလျားမီတာ ၁၂၀ ဆောင်ရွက်ရန်လျာထားပြီး အရေးပေါ်ရေလမ်းပြုပြင်ထိန်းသိမ်းရေးအတွက် ဘဏ္ဍာငွေကျပ်သန်းပေါင်း ၂၆ ဒသမ ၈ သန်း လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီက တင်သွင်းသည့် **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုဖတ်ကြားကာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း**ကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။

ထို့ပြင် အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သည့် **ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ**အလိုက် အတည်ပြုခဲ့ပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးရန် ဆုံးဖြတ်သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေကို ရေးဆွဲထားရှိပြီး လွှတ်တော်သို့တင်သွင်းရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၂၂**

ပထမအကြိမ် အမျိုးသားလွှတ်တော် ၁၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၁ ရက်မြောက်နေ့၌ မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခြင်း၊ လွှတ်တော်ကဆွေးနွေး စဉ်းစားနိုင်ရန် အဆိုတင်သွင်းခြင်းနှင့် အစီရင်ခံစာများ ဖတ်ကြားတင်သွင်းခြင်းတို့ ဆောင်ရွက်ကြသည်။

မေးခွန်းများ မေးမြန်းရာတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက **နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီမဟုတ်ဘဲ အရက်လိုင်စင်ချထားပေးခြင်းကို မည်သို့ဆောင်ရွက်ခဲ့သည်၊ မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေ ၄ တွင် လိုင်စင်အမျိုးအစားပေါင်း ၄၁ မျိုး ပြဋ္ဌာန်းထားသော်လည်း ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လိုင်စင်အမျိုးအစားပေါင်း ၃၀ ကိုသာ ခွင့်ပြုချထားလုပ်ကိုင်လျက်ရှိပါကြောင်း။

၂၀၁၁-၂၀၁၂ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လိုင်စင်အရေအတွက် ၄၁၃၀၃ ခု၊ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လိုင်စင်အရေအတွက် ၄၁၂၉၃ ခု၊ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လိုင်စင်အရေအတွက် ၄၁၂၆၃ခု၊ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လိုင်စင်အရေအတွက် ၄၁၂၁၀ ၊ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လိုင်စင်အရေအတွက် ၄၀၉၅၁ ခုဖြင့် တစ်နှစ်ထက်တစ်နှစ် ယစ်မျိုးလိုင်စင်အရေအတွက်များကို လျှော့ချ၍ ခွင့်ပြုပေးလျက်ရှိပါကြောင်း။

၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ယစ်မျိုးလိုင်စင် ၈၉ ခုကို မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နောက်ဆက်တွဲ ခွင့်ပြုပေးခဲ့သဖြင့် စုစုပေါင်း ယစ်မျိုးလိုင်စင် ၄၁၀၄၀ ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်ထက် လိုင်စင်အရေအတွက် ၁၇၀ လျှော့နည်းခွင့်ပြုခဲ့ပါကြောင်း၊ ခွင့်ပြုချထား

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

# မြန်မာ-လာအို သံတမန်ဆက်သွယ်မှု အစဉ်အလာကောင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ဆက်လက်ဆောင်ကြဉ်းရေးဆွေးနွေး

**နေပြည်တော်　ဇူလိုင်　၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘွန်ညံ ဗိုရာချစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ Lake Garden ဟိုတယ် ဟံသာဝတီဆောင် မေခအစည်းအဝေးခန်းမ၌ တွေ့ဆုံကာ နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါဆွေးနွေးပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယသမ္မတနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နှစ်(၆၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည့် သံတမန်ဆက်သွယ်မှု အစဉ်အလာကောင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ဆောင်ကြဉ်းရေး၊ အာဆီယံ၊ အက်မက်စ်နှင့် ဂျီအမ်အက်စ်ကဲ့သို့သော ဒေသတွင်း အစီအစဉ်များတွင် နှစ်နိုင်ငံ နားလည် မှုရှိစွာဖြင့် တက်ကြွစွာပါဝင်ရေး၊ နှစ်နိုင်ငံအတွက် အလားအလာရှိသော နယ်ပယ်များဖြစ်သည့် စိုက်ပျိုးရေး၊ ခရီးသွားလာရေး၊ ပညာရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ အားကစား၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအတွင်းရှိ ယူနက်စကို အသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အထင်ကရဒေသများသို့ ပူးတွဲခရီးသွားလာရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ရေး၊ ရန်ကုန်-ဗီယင်ကျန်း (သို့မဟုတ်) ပုဂံ-လွမ်ပရာဘန် တိုက်ရိုက်လေယာဉ်ခရီးစဉ်



ပြေးဆွဲနိုင်ရေးနှင့် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ တားဆီးနှိမ်နင်းရေး စသည့် ကိစ္စရပ်များအပေါ် ရင်းနှီးစွာ ဆွေးနွေးပြောကြားခဲ့သည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ညပိုင်းတွင် ဧည့်သည်တော် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား Lake Garden ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်မှ

ပေးခဲ့သော ယစ်မျိုးလိုင်စင်များအနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ တရားမဝင်ရောင်းချခြင်းများအား အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုးက **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအဆင့် အားကစားစီမံကိန်း၊ လူငယ်အားကစားစီမံကိန်း၊ အားကစားဥပဒေတို့နှင့် မြို့နယ်တိုင်းအတွက် တစ်ပြေးညီလုံလောက်သော အားကစားကွင်း၊ အားကစားရုံတို့ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၃၃၀ မြို့နယ်တွင် အားကစားကွင်း၊ အားကစား



ဒုတိယဝန်ကြီး ဦးသောင်းထိုက် ဖြေကြားစဉ်။

ရုံရှိသော မြို့နယ်ပေါင်း ၂၉၃ မြို့နယ်ရှိပြီး အားကစားကွင်းသာရှိသည့် မြို့နယ် ၁၅၄ မြို့နယ်၊ အားကစားရုံသာရှိသည့် မြို့နယ်နှစ်မြို့နယ်နှင့် အားကစားကွင်း၊ အားကစားရုံ မရှိသော မြို့နယ် ၄၀ မြို့နယ် ကျန်ရှိ



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး မေးမြန်းစဉ်။

နေပါကြောင်း။

တစ်နိုင်ငံလုံးရှိ အားကစားကွင်း/အားကစားရုံများအနက်မှ အချို့သော အားကစားကွင်း/အားကစားရုံများသည် အားကစားဝန်ကြီးဌာန စတင်ဖွဲ့စည်းသည့်အချိန်တွင် အခြားသော ဌာန/အဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုအောက်တွင် ရှိနေပြီး အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ခြင်းမရှိပါကြောင်း၊ အခြားအဖွဲ့အစည်း အသီးသီးအနေဖြင့် အားကစားကွင်း၊ အားကစားရုံများကို အခြားနည်းလမ်း ပြောင်းလဲအသုံးပြုခြင်း၊ မြေနေရာများပေါ်တွင် အဆောက်အအုံတည်ဆောက်ခြင်းများ ပြုလုပ်လိုပါက အားကစားဝန်ကြီးဌာနမှ တစ်ဆင့် နိုင်ငံတော်အစိုးရထံသို့ တင်ပြဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရထံသို့ မူဝါဒတောင်းခံပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် အားကစားဝန်ကြီးဌာနအနေဖြင့် Myanmar Sport Master Plan အား ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ အတည်ပြုချက်ရရှိမှုနှင့် နိုင်ငံတော်၏ ဘတ်ဂျက်ရန်ပုံငွေ ခွဲဝေချထားမှုအပေါ် မူတည်၍ စီမံချက်ပါလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသား အားကစားဥပဒေကို ရေးဆွဲထားရှိပြီး လွှတ်တော်သို့ တင်သွင်းရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် **မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော **အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားတင်သွင်းခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ရန် **၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းကလည်းကောင်း၊ **သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**အား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သိန်းသိန်းဌေးက လည်းကောင်း အဆိုတင်သွင်းခဲ့သည်။

**၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် **သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား လွှတ်တော်က လက်ခံဆွေးနွေးသွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီကလည်း အဆိုပါဥပဒေကြမ်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့သည်။

**(သတင်းစဉ်)**

## ကန့်ဘလူမြို့နယ်တွင် ကင်းတပ်ဆည် ကျိုးကျနေသည်ဟု ပြည်သူများကြားပျံ့နှံ့ အမှန်တကယ်မှာ ကင်းတပ်ဆည်ကျိုးကျခြင်းမဟုတ်ဘဲ သဖန်းဆိပ်ဆည်မှ ရေများလွှတ်ခဲ့ခြင်းကြောင့် မူးမြစ်ဘေးရှိ ကျေးရွာများသို့ ရေဝင်ခြင်းဖြစ်

**ကန့်ဘလူ　ဇူလိုင်　၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဇူလိုင် ၂၂ ရက်တွင် ကင်းတပ်ဆည်ကျိုးကျသည်ဟု ပြည်သူများကြား ပျံ့နှံ့လျက်ရှိသည်။

အမှန်တကယ်မှာ ကင်းတပ်ဆည်ကျိုးကျခြင်းမဟုတ်ဘဲ သဖန်းဆိပ်ဆည်မှ ရေများလွှတ်ခဲ့ခြင်းကြောင့် မူးမြစ်ဘေးရှိ မြေနိမ့်ပိုင်းနေအိမ်များရှိ လူနှင့် တိရစ္ဆာန်များကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက ရေလွတ်ရာကုန်းမြင့်သို့ ရွှေ့ပြောင်းကြရန် နှိုးဆော်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ ဆည်များ၏ ဇူလိုင် ၂၂ ရက် လက်ရှိရေမှတ်နှင့် ရေပမာဏမှာ ကင်းတပ်ဆည်တွင် ရေအမှတ် ၄၇၅ ဒသမ ၀ ပေ၊ ရေပမာဏမှာ ၄၆၈ ဒသမ ၄ ဧကပေရှိသည်။ ကျေးပင်အက်ဆည် တွင် လက်ရှိရေအမှတ် ၆၀၁ ဒသမ ၄ ပေ၊ ရေပမာဏမှာ ၄၀၁၆၀ ဧကပေရှိပြီး ရေအနက်မှာ ၆၄ ဒသမ ၄ ပေ ရှိသည်။ ပေကြီးဆည်တွင် လက်ရှိရေအမှတ် ၅၀၃ ဒသမ ၄ ပေ၊ ရေပမာဏမှာ ၈၆ ဒသမ ၀၆ ဧကပေရှိပြီး ရေအနက်မှာ ၃၇ ဒသမ ၄ ပေ ရှိသည်။ လင်ပန်းဆည်မှာ လက်ရှိရေအမှတ် ၅၁၄ ဒသမ ၆ ပေ၊ ရေပမာဏမှာ ၁၀၇၅၀ ဧကပေရှိပြီး ရေအနက်မှာ ၃၂ ဒသမ ၆ ပေ ရှိသည်။ မြစ်သူငယ်ရေလှောင်တမံမှာ လက်ရှိရေအမှတ် ၅၇၉ ဒသမ ၃ ပေ၊ ရေပမာဏမှာ ၁၁၄၂ ဒသမ ၂ ဧကပေရှိပြီး ရေအနက်မှာ ၂၉ ဒသမ ၃ ပေ ရှိသည်။ မင်းမြင်ဆည်မှာ လက်ရှိရေအမှတ် ၆၇၇ ပေ၊ ရေပမာဏမှာ ၆၈၂ ဒသမ ၃၅ ဧကပေရှိပြီး ရေအနက်မှာ ၈၀ ဒသမ ၃၅ ပေ ရှိသည်။ ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်ရေမှာ လက်ရှိရေအမှတ် ၅၄၁ ဒသမ ၈၅ ပေ၊ ရေ ပမာဏမှာ ၂၅၆၃၂၃၉ ဧကပေရှိပြီး ရေအနက်ပေ ၈၉ ဒသမ ၈၅ ပေရှိကြောင်း သိရသည်။ **(စစ်ကိုင်း ခရိုင်ပြန်/ဆက်)**



## ကျွန်းလှမြို့၌ ရေကျဆင်းသွားပြီဖြစ်၍ ရေဘေးသင့်ပြည်သူများနေအိမ်ပြန်

**ကျွန်းလှ　ဇူလိုင်　၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်ထိ ရွာသွန်းသောမိုးကြောင့် ချောင်းရေမြင့်တက်ပြီး ပိတောက်မြိုင်၊ ပျဉ်းမမြိုင်၊ အင်ကြင်းမြိုင်၊ သစ်ရာမြိုင်ရပ်ကွက်နှင့်ရှမ်းစု၊ မကျီးအင်း၊ ကျောင်းအိုင် အုပ်စုတို့၌ နေအိမ်အချို့ ရေနစ်မြုပ်ခဲ့ပြီး ကျွန်းလှ-သဖန်းဆိပ်ကားလမ်း မြို့တွင်းလမ်းများ ရေကျော်ခဲ့၍ သွားလာရေး ယာယီပြတ်တောက်ခဲ့သည်။

ဇူလိုင် ၁၉ ရက် ညနေပိုင်းမှစ၍ ရေကျဆင်းသွားပြီး ခရီးသွားယာဉ်များ ပုံမှန်အတိုင်းပြေးဆွဲနေပြီဖြစ်ကြောင်း တပ်ကုန်းကျေးရွာအနီး တပ်ကုန်း(မင်းမြင်)ချောင်းမှာလည်း ရေကျသွားပြီဖြစ်ကြောင်း၊ ကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူများလည်း နေအိမ်သို့ ပြန်လည်ရောက်ရှိကြပြီဖြစ်၍ ကျွန်းလှ-သဖန်းဆိပ်ဆည် ကားလမ်း ရေကျသွား၍ သွားလာနေကြပြီး ပျက်စီးသွားသည့် မြို့တွင်းလမ်းများကိုလည်း သွားလာရေးလွယ်ကူရန် တပ်မတော်သားများက ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘွန်ညံဗိုရာချစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော သူရဦးအေးမြင့်၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေနှင့် ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဒုတိယသမ္မတ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးလည်း တက်ရောက်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်သွားမည့်စီမံကိန်းများ ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် ဩစတြီးယားနိုင်ငံ Bank Austria မှ Senior Adviser ဖြစ်သူ U Htun Aung အား ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1) ၌ လက်ခံတွေ့ဆုံပြီး Bank Austria အနေဖြင့် မြန်မာနိုင်ငံ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ လိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော လူမှုရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်သွားမည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီဂျစ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာမက် ရှူကရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# နေပြည်တော်၌ ပုလဲရောင်းချပွဲ ၂၀၁၅ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ပုလဲရောင်းချပွဲ ၂၀၁၅ ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပပြီး ပုလဲအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

ရောင်းချပွဲ ပထမနေ့သို့ ပြည်တွင်းရတနာကုန်သည် ၁၃ ဦးနှင့် ပြည်ပရတနာကုန်သည် ၆၁ ဦး စုစုပေါင်း ရတနာကုန်သည် ၇၄ ဦး တက်ရောက်ခဲ့ပြီး ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို လာရောက်ကြည့်ရှုကြသည်။

အဆိုပါ ရောင်းချပွဲကို ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပုလဲအတွဲ စုစုပေါင်း ၃၄၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် တင်ဒါအမှတ် (၁)ဖြစ်သည့် ပုလဲအတွဲ စုစုပေါင်း ၁၁၄ တွဲကို ဇူလိုင် ၂၃ ရက်တွင် လည်းကောင်း၊ တင်ဒါအမှတ်(၂)နှင့် တင်ဒါအမှတ် (၃)တို့ကို ဇူလိုင် ၂၄ ရက်တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ထိုင်းနိုင်ငံ၌ကျင်းပမည့် လူကုန်ကူးမှုတိုက်ဖျက်ရေး အစည်းအဝေးများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးမည်

**နေပြည်တော် ဇူလိုင် ၂၂**

ထိုင်းနိုင်ငံ ကန်ချနာပူရီမြို့၌ ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဌာန (Department of Special Investigation -DSI) တို့၏ (၁၂)ကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးအစည်းအဝေးနှင့် ဇူလိုင် ၂၃ ရက်တွင် ကျင်းပမည့် (၄)ကြိမ်မြောက် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အရာရှိများ၏ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ လူကုန်ကူးမှု တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသော ဌာနဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါ နှစ်နိုင်ငံအစည်းအဝေးများတွင် လူကုန်ကူးခံရသူများအား ပြန်လည်ကယ်တင်နိုင်ရေး၊ မိဘရပ်ထံပြန်လည်အပ်နှံရေး၊ ဝင်ဆံ့ပေါင်းစည်းရေး၊ လုပ်ခလစာများ ခံစားခွင့်ရရှိရေး၊ လူကုန်ကူးခံရသူများ၏ လူကုန်ကူးမှုနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား အပြန်အလှန်ဖလှယ်ရေး၊ လူကုန်ကူးသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူရေး၊ လူကုန်ကူးမှု တိုက်ဖျက်ရေး၊ ပြစ်မှုတရားစီရင်ရေး၊ ကြိုတင်ကာကွယ်ရေး စသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ အဖွဲ့အစည်းများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။

(၁၁)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်း စစ်ဆေးရေးဌာနတို့၏ လူကုန်ကူးမှုတိုက်ဖျက်ရေး အစည်းအဝေးနှင့် (၃)ကြိမ်မြောက် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အရာရှိများ၏ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ၃၀ ရက်အထိ မန္တလေးမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများကျပြီး လှိုင်းကြီးနိုင်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**(မိုး/ဇလ)**

# မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေ ယခုတစ်ပတ်အတွင်း စိုးရိမ်ရေမှတ်သို့ မရောက်နိုင်

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေသည် လက်ရှိတွင် မြစ်ရေတိုးလာသော်လည်း အထက်ပိုင်းမိုးရွာသွန်းမှုလျော့နည်းလာခြင်းကြောင့် ယခုရက်သတ္တပတ်တွင် စိုးရိမ်ရေမှတ်သို့ မရောက်ရှိနိုင်ကြောင်း အထက်မြန်မာပြည်ဌာနခွဲ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းဇော်က ပြောသည်။

"အထက်ပိုင်းမှာ လက်ရှိ တက်နေတဲ့ မြစ်ရေတွေ အောက်ပိုင်းဆင်းလာလို့ မြင့်တက်လာပေမယ့် မန္တလေးမှာ ဒီတစ်ပတ်အတွင်း စိုးရိမ်ရေမှတ် မရောက်နိုင်ဘူး။ မြစ်ကြီးနား၊ ဗန်းမော်ဘက်မှာ ရေအနည်းငယ်ကျဆင်းနေတဲ့အပြင် ဒီရက်အတွင်း မိုးရွာသွန်းမှုနည်းသွားပြီ" ဟု ၎င်းက ပြောသည်။

ဇူလိုင် ၂၂ ရက် တိုင်းထွာချက်အရ မန္တလေးဆိပ်ကမ်းတွင် မြစ်ရေသည် စင်တီမီတာ ၁၀၆၀ သို့ ရောက်နေပြီး စိုးရိမ်ရေမှတ်မှာ စင်တီမီတာ ၁၂၆၀ ဖြစ်၍ ၂၀၀ စင်တီမီတာခန့် လိုသေးကြောင်း၊ ပြီးခဲ့သည့်ရက်များက မြစ်ကြီးနား၊ ဗန်းမော်နှင့် ကသာစသည့် အထက်ပိုင်းဒေသတို့တွင် မိုးများခြင်းကြောင့် တိုးလာသည့် မြစ်ရေသည် အောက်ပိုင်း မန္တလေးဆိပ်ကမ်းတွင် သုံးရက်ခန့်ကြာမှ ရောက်ရှိကာ မြင့်တက်လာကြောင်း သိရသည်။

"အထက်ပိုင်းမှာ မိုးများပြီဆိုရင် အဲဒီကဆင်းလာမယ့် မြစ်ရေက မန္တလေးကို ဘယ်ရက်ရောက်လာမယ်ဆိုတာ ရေစီးနှုန်းနဲ့ အကွာအဝေးအရ တွက်လို့ရတယ်။ ကသာဘက်က မြစ်ရေက မန္တလေးကို သုံးရက်လောက်ကြာရင် ရောက်လာပြီ" ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

ဇူလိုင် ၂၀ ရက်က မြစ်ရေအမှတ်သည် မြစ်ကြီးနားတွင် ၄၃၂ စင်တီမီတာ၊ ကသာမြို့တွင် ၇၉၄ စင်တီမီတာ၊ မန္တလေးတွင် ၉၄၇ စင်တီမီတာရှိခဲ့ပြီး ဇူလိုင် ၂၂ ရက်တွင် မြစ်ကြီးနား ၃၉၄ စင်တီမီတာ၊ ကသာတွင် ၇၆၅ စင်တီမီတာ၊ မန္တလေးတွင် စင်တီမီတာ ၁၀၆၀ ရှိရာ နှစ်ရက်အတွင်း ၁၁၃ စင်တီမီတာထိ မြင့်တက်ခဲ့ကြောင်း နှိုင်းယှဉ်ချက်များအရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



---

*** ရွှေဖုံးမှ**

"အဖေနဲ့အမေကတော့ ကျောင်းဆက်နေချင်နေလို့ပြောတယ်။ ကျွန်မက မနေချင်လို့ ရှစ်တန်းနဲ့ ထွက်ခဲ့တယ်။ ရွာကအလုပ်က ကြမ်းတော့ မြို့မှာလည်း နေရအောင် စက်ချုပ်သင်ခဲ့တာ" ဟု မော်တာ စက်ချုပ်သူ ဖြစ်လာတဲ့ မရင်အေးက သူ့ဘဝကို နောက်ကြောင်းပြန်ပြပါတယ်။

"ကျွန်မတို့ရွာက ကားလမ်းနဲ့ အလှမ်းဝေးတယ်။ အိမ်ခြေ ၁၀၀ လောက်နဲ့ အတန်းကျောင်းလည်းမရှိဘူး။ တစ်မိုင်လောက်ဝေးတဲ့ ရွာကနေ ကျောင်းကို နေ့တိုင်း သွားတက်ကြတယ်။ မိုးတအားရွာတဲ့နေ့ဆို ကျောင်းမသွားဘူး " ဟု မရင်အေးက ဆက်ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်စွန် နတ်မောက်နယ် အစတွင်ရှိသည့် မရင်အေးတို့ရွာတွင် မူလတန်းကျောင်းမရှိဘဲ တစ်မိုင်အကွာတွင်ရှိသည့် ရွာကျောင်းကို နေ့စဉ် ကျောင်းတက်ရခြင်းဖြစ်သည်။ မူလတန်းပြီးပါက အလယ်တန်းနှင့်အထက်တန်းရှိသည့် ရွာများတွင် ထမင်းဟင်းချက်စရာအပြည့်ထည့်ကာ အဆောင်သဘောမျိုးဖြင့် သွားတက်ရသည်။

"တတ်နိုင်တဲ့ မိဘတွေက အလယ်တန်း၊ အထက်တန်းရောက်ရင် ကျောက်ပန်းတောင်းမြို့ပေါ်မှာ စာသင်ပေးတဲ့ ဘော်ဒါတွေမှာ ထားကြပါတယ်။ လယ်နဲ့ ယာအဓိက စိုက်ပျိုးတဲ့ ရွာလေးကနေ ကျောင်းသားရှိတဲ့ အိမ်တိုင်းက မချောင်လည်ဘူး။ ဒါပေမယ့် ပညာတတ်မှ ဖြစ်မယ်ဆိုတာသိတဲ့ မူလတန်းကျောင်းမရှိတဲ့ ရွာလေးကနေ ဘွဲ့ရပညာတတ်တွေ ထွက်ပါတယ်" ဟုလည်း ၎င်းက ဆက်လက်ပြောသည်။

" ကျွန်မမောင် ဖိုးလုံးက ဆယ်တန်းမှာ ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်တယ်။ ရှေ့နှစ်တွေက အောင်တဲ့သူတွေလည်း ကျောင်းဆရာမတွေ ဖြစ်ကုန်ကြပြီ။ ဖိုးလုံးက မကွေးမှာ ကျန်းမာရေးမှူးသင်တန်းတက်နေတော့ အမေက သူ့ကျောင်းစရိတ်ကာမိအောင် ကျွန်မကို ရန်ကုန်လွှတ်ပြီး စက်ချုပ်ခိုင်းတယ်။ ကျွန်မကလည်း ဦးကြီးတွေရှိတဲ့ ရန်ကုန်ကို လာချင်တယ်" ဟု ပြောသည်။

မြန်မာတစ်နိုင်ငံလုံးရှိ အထည်ချုပ်လုပ်ငန်းပေါင်း ၄၀၀ နီးပါးတွင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံထားပြီး လုပ်သားအင်အားနှစ်သိန်းခန့်ကို အလုပ်အကိုင်ပေးနိုင်ခဲ့သည်။ ရန်ကုန်မြို့ လှိုင်သာယာ၊ ရွှေပြည်သာ မြို့နယ်များရှိ အထည်ချုပ်လုပ်ငန်းများတွင် တစ်နိုင်ငံလုံးမှ ဝန်ထမ်းများစွာခန့်ထားပြီး သက်ဆိုင်ရာလုပ်ငန်းကျွမ်းကျင်မှုအလိုက် လစာသတ်မှတ်ပေးကြောင်း သိရသည်။

အခြေခံလစာနည်းပါးသော်လည်း ရက်မှန်ကြေး၊ အချိန်ပိုကြေးနှင့် အပိုဆုကြေးတို့ ပေါင်းလျှင် တစ်လလျှင် အနည်းဆုံး ငွေကျပ်တစ်သိန်းကျော် ရရှိကြသည်။ သို့သော် နေထိုင်၊ စားသောက်စရိတ်ကို ပြန်လည် အသုံးပြုရသည့်အတွက် ပိုလျှံငွေနည်းပါးကြောင်းသိရသည်။

"အိုတီက အမြဲဆင်းရတယ်။ မဆင်းလို့လည်း မရဘူးလေ။ အိုတီပါပေါင်းမှ ကျွန်မတို့ လစာက တစ်သိန်းကျော်တာ။ တော်တန်ရုံ နေမကောင်းဖြစ်လို့ ခွင့်မယူရဲပါဘူး။ ရက်မှန်ကြေးနုတ်ပစ်တော့ ဘာမှမကျန်ဘူး" ဟု ၎င်းက ဆိုပါတယ်။ "ကျွန်မတို့ တစ်နေ့ကို ၁၀ နာရီ ၁၁ နာရီ အလုပ်လုပ်မှ လစာတစ်သိန်းပြည့် ရနိုင်ပါတယ်။ အခုဆို မှုရင်းလစာက တစ်နေ့တစ်ထောင်ပဲရပြီး အိုတီဆင်းမှ သူများတွေ ရသလောက်ရတယ်။ ခါကြီးရက်ကြီးတွေတော့ ပိတ်ပေးပါတယ်။ ဒါပေမယ့် နားရတဲ့ အချိန်ကနည်းတော့ အဲ့ဒီနေ့တွေဆို ဦးကြီးတို့အိမ်သွား၊ တစ်ခါတလေတော့ အားရအောင် အိပ်ပစ်လိုက်တာပဲ" ဟု ၎င်းက ဆက်လက်ပြောပြသည်။

အထည်ချုပ်အလုပ်သမားများအနေဖြင့်လည်း တစ်နေ့အလုပ်ချိန် ရှစ်နာရီ လုပ်ကိုင်ပြီး ရရှိသည့်လစာဖြင့် နေထိုင်စားသောက်စရိတ် ကာမိလိုကြောင်း ၊ အများတကာ အနားယူချိန်တွင် အချိန်ပိုလုပ်မှ စားသောက်စရိတ်ကာမိရုံဖြစ်နေခြင်းအပေါ် စိတ်ပျက်အားငယ်မိကြောင်း ၎င်းက ဆိုသေးသည်။

မြန်မာနိုင်ငံတွင် လယ်ယာနှင့် စိုက်ပျိုးရေးကဏ္ဍက အဓိကအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု အမြင့်ဆုံးတွင်ရှိနေကာ အရင်းအနှီးစိုက်ထုတ်ကုန်ကျမှုနည်းပါးပြီး လုပ်အားဖြင့် ဝင်ငွေရနိုင်သည့် လုပ်အားသုံးကုန်စည်ဈေးကွက်အဖြစ် အထည်ချုပ်လုပ်ငန်းများ ပါဝင်လာသည်။

အထည်ချုပ်စက်ရုံအများစုတွင် ပြည်တွင်းလုပ်ငန်းရှင်များအပြင် တရုတ်၊ ကိုရီးယား၊ ထိုင်ဝမ်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံကြပြီး အချို့မှာ ပြည်တွင်းကုမ္ပဏီများနှင့် ဖက်စပ်ပြုလုပ်ကာ ပြည်တွင်းလုပ်ငန်းရှင်အမည်ခံ၍ လုပ်ကိုင်နေသည့် အထည်ချုပ်များလည်း အများအပြားရှိကြောင်း သိရသည်။

၂၀၁၄ ခုနှစ် စာရင်းအရ အထည်ချုပ်စက်ရုံပေါင်း ၆၀၅ ရုံရှိပြီး ၂၀၁၅ ခုနှစ်စာရင်းမှာ ပြုစုဆဲဖြစ်ကာ အသစ်တိုးလာသော စက်ရုံများနှင့် ပိတ်သိမ်းသွားသောစက်ရုံများလည်းရှိကြောင်း သိရသည်။

လတ်တလော အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး အမျိုးသားအဆင့်ကော်မတီက အဆိုပြုသည့် တစ်နေ့တာ အလုပ်ချိန် ရှစ်နာရီအတွက် သတ်မှတ်ငွေကျပ် ၃၆၀၀ အပေါ် လုပ်ငန်းရှင် ၁၆၀ ခန့်က မပေးနိုင်ကြောင်း ကန့်ကွက်လျက်ရှိသည်။ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးကိုအဓိကထားပြီး လုပ်ခလစာကို တစ်နေ့ ငွေကျပ် ၃၆၀၀ ကို ငွေကျပ် ၄၀၀၀ အထိ ပေးနိုင်ကြကြောင်း အချို့လုပ်ငန်းရှင်များက အဆိုပြုထားသည်။

"ဒီလိုမပေးချင်တဲ့ လုပ်ငန်းရှင်ရှိပြီး ပေးနိုင်တဲ့သူတွေလည်း ပေးနိုင်ကြတယ်။ ပေးနိုင်တဲ့သူတွေ ဘာ့ကြောင့်ပေးနိုင်တယ်၊ ဘယ်လိုနည်းလမ်းတွေနဲ့ သူတို့ပေးကြတယ်ဆိုတာကို လေ့လာပြီး အလုပ်ရှင်၊ အလုပ်သမား ညီညွတ်မျှတစေမယ့် မဖြစ်မနေ သတ်မှတ်ရမယ့် သင့်လျော်တဲ့ နှုန်းထားတစ်ခုအပေါ်မှာ ပူးပေါင်းဆောင်ရွက်စေချင်ပါတယ်။ ရသလောက်ကို ဈေးဆစ်မနေဘဲ အမှန်တကယ်လိုအပ်နေတဲ့ စားဝတ်နေရေးအတွက် သူတို့တောင်းဆိုကြတယ်ဆိုတာကို ထည့်စဉ်းစားဖို့လိုပါတယ်။ လုပ်ငန်းတော်တော်များများမှာ လုပ်ခလစာပေးရတာထက် လုပ်ငန်းခွင်တည်ငြိမ်မှုရှိမှ စီးပွားရေးဆိုင်ရာ ထားရှိတဲ့ ကတိကဝတ်တွေတည်နိုင်ပြီး အလုပ်တိုးတက်နိုင်တယ်ဆိုတာ လုပ်ငန်းရှင်အများစုက လက်ခံကြပါတယ်" ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့မှစတင်၍ ဥရောပနိုင်ငံများသို့ တင်ပို့ကုန်စည်များအတွက် အခွန်ကင်းလွတ်ခွင့်ရရှိခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှု မြင့်မားလာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ Made in Myanmar အဝတ်အထည်မျိုးစုံ တင်ပို့မှုအတွက် ပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၁၅၆၀ ရှိသည်။ အထည်ချုပ်လုပ်ငန်းများအနေဖြင့် ကမ္ဘာ့အထည်အလိပ်ဈေးကွက်တွင် အကြီးဆုံးဖြစ်သည့် အမေရိကန်ဈေးကွက်ကိုရရှိရန် မျှော်လင့်နေကြသည်။ လက်ရှိတွင် မြန်မာနိုင်ငံ လုပ်အဝတ်အထည်များ အမေရိကန်သို့တင်ပို့မှုမှာ ၁၆ သန်းခန့်သာရှိ၍ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများနှင့် နှိုင်းဆပါက မပြောပလောက်သော ပမာဏဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၌ အသင်းဝင်လုပ်ငန်းကုမ္ပဏီပေါင်း ၃၈၀ ရှိနေပြီး ၃၀၀ နီးပါးမှာ ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စက်မှုဇုန်ပေါင်း ၂၉ ခုနှင့် စက်ရုံ၊ အလုပ်ရုံပေါင်း ၄၀၀၀ ကျော်ရှိနေပြီး အလုပ်သမားဦးရေ သုံးသိန်းကျော်ရှိရာ အထည်ချုပ်ဝန်ထမ်း အလုပ်သမားဦးရေ အများစုပါဝင်ကြောင်း သိရသည်။ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းများက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ပြည်ပတင်ပို့မှု အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် **အထူးစီးပွားရေးဇုန်များ၏ ကနဦးရင်းနှီးမြှုပ်နှံမှုတွင် ဟောင်ကောင်အထည်ချုပ်လုပ်ငန်းများ ဝင်ရောက်မှုရှိနေပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အထည်ချုပ်လုပ်ငန်းတွင် နိုင်ငံခြားသားဝင်ရောက်လုပ်ကိုင်မှု ၉၀ ရာခိုင်နှုန်းအထိ မြင့်တက်နေသည်။** အထည်ချုပ်လုပ်ငန်းရှင်များက အမေရိကန်နိုင်ငံ၏ အထူးကုန်သွယ်ခွင့် (GSP) ရရှိရန် စိုင်းပြင်းနေကြသော်လည်း အလုပ်အမားအခွင့်အရေးဆိုင်ရာ အနည်းဆုံးလုပ်ခလစာ သတ်မှတ်ရေးတွင် ဖြေလျှော့မှုနည်းပါးကြောင်း အလုပ်သမားအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပြောသည်။ လုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတွင် GSP ရရှိရန် ယင်းလုပ်ငန်းနယ်ပယ်ရှိ အလုပ်သမား၏ ဝင်ငွေနှင့် အလုပ်သမားမိသားစုများ၏ ဘဝအာမခံချက်တိုးတက်မှု၊ လူမှုအကျိုးစီးပွားဆိုင်ရာ မျှတမှု၊ အကျိုးစီးပွားဆိုင်ရာ ခွဲဝေရရှိနိုင်မှု စသည့်အချက်များအပေါ်တွင် စဉ်းစားဆုံးဖြတ်ခြင်း ဖြစ်သည်။

လက်ရှိတွင် အထည်ချုပ်လုပ်ငန်းအများအပြားရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ၏ အနည်းဆုံးလုပ်ခလစာမှာ အမေရိကန်ဒေါ်လာ ၁၂၈ ဒေါ်လာရှိကာ မြန်မာကျပ်ငွေဖြင့် နေ့စဉ်လုပ်အားခ ငွေကျပ် ၄၀၀၀ အထက်တွင် ရှိနေသည်။ **အရှေ့တောင်အာရှနိုင်ငံများတွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်မရှိသေးသည့် စင်ကာပူနှင့် ဘရူနိုင်းနိုင်ငံတို့တွင် အလုပ်သမားများ ဝင်ငွေနိမ့်ကျမှုမရှိဘဲ အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်မြင့်မားသည့် အမေရိကန်နိုင်ငံမှ အလုပ်သမားများထက် ဝင်ငွေမြင့်မားကြောင်းကိုလည်း တချို့က ထောက်ပြဝေဖန်ကြသည်။** အနည်းဆုံးအခကြေးငွေ သတ်မှတ်ပြီးနောက်တွင် ဖြစ်လာနိုင်သော အလုပ်လက်မဲ့ဦးရေမြင့်တက်မှု၊ ငွေကြေးဖောင်းပွမှု အချက်အလက်များဖြင့် အနည်းဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ရန် မလိုအပ်သေးဟု ဆိုသူလည်း ဆိုကြသည်။

အနည်းဆုံးလုပ်ခလစာ အဆိုပြုနှုန်းထား ထုတ်ပြန်ပြီးနောက်ပိုင်း လုပ်သားအင်အားလျော့ချလာသော စက်ရုံအရေအတွက်မြင့်မားလျက်ရှိကြောင်းကို ဇူလိုင်လ ၄ ရက်နေ့ထုတ် ဒီမိုကရေစီတူဒေးသတင်းစာတွင် ဖော်ပြထားပြီး ယင်းသို့ အလုပ်ရှင်များဘက်မှ ကန့်ကွက်နေသည့် အနည်းဆုံးလုပ်ခလစာအပေါ် အလုပ်သမားအဖွဲ့အစည်းငါးဖွဲ့က လက်ခံနိုင်ကြောင်း သဘောထားမှတ်ချက်များ ပေးပို့ထားသည်။

အနည်းဆုံးအခကြေးငွေဆိုင်ရာ အမျိုးသားကော်မတီက အဆိုပြုထားသည့် အနိမ့်ဆုံးလုပ်ခလစာနှုန်းကို အစိုးရအပါအဝင် ပြည်တွင်းအထည်ချုပ်နှင့် ဖိနပ်စက်ရုံလုပ်ငန်းရှင်များအနေဖြင့်လက်ခံကြရန် Adidas၊ Chico Bag၊ New Balance၊ College Kids စသည့် နာမည်ကျော် အမေရိကန်စီးပွားရေးကုမ္ပဏီကြီး ၁၇ ခု ပူးပေါင်းပါဝင်သော နိုင်ငံတကာအလုပ်သမားအခွင့်အရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်နေသည့် ဝါရှင်တန်ဒီစီ အခြေစိုက်တရားမျှတသည့် အလုပ်သမားသမဂ္ဂ (FLA) က တိုက်တွန်းလိုက်ကြောင်း ဇူလိုင်လ ၂၂ ရက်နေ့တွင် ဗွီအိုအေ မြန်မာပိုင်းအစီအစဉ်တွင် ဖတ်ရှုရသည်။

ထို့ပြင် FLA ဒုတိယဥက္ကဋ္ဌ Jason Judd က "အထည်ချုပ်လုပ်ငန်းအနေနဲ့ အလုပ်သမားတွေကို သင့်တင့်လျောက်ပတ်တဲ့ လစာပေးသင့်ပါတယ်။ လစာကို ဘယ်လိုနည်းနဲ့ နှိမ်ပေးရမယ်ဆိုတာ စဉ်းစားနေလို့ မဖြစ်ပါဘူး။ ကျွန်တော်တို့ ထုတ်ပြန်တဲ့စာမှာ ပြီးခဲ့တဲ့သီတင်းပတ်က လက်မှတ်ရေးထိုးထားတဲ့ ကုမ္ပဏီတွေအနေနဲ့ မြန်မာနိုင်ငံမှာ အထည်ချုပ်လုပ်ငန်းအောင်မြင်တာ တွေ့လိုတာပါ။ ဒါ့အပြင် ဒီကုမ္ပဏီတွေအနေနဲ့ အလုပ်သမားတွေရဲ့အကျိုးကို ရှေးရှုမယ့် ကိစ္စရပ်တွေနဲ့ မျှတတဲ့လစာရရှိရေးကို လိုလားကြပါတယ်။ ဒါကြောင့် အခုလို အချက်တွေပေါ် အခြေခံပြီး ပြည်တွင်းမှာရှိတဲ့ အနိမ့်ဆုံးလစာကို မပေးလိုကြတဲ့ လုပ်ငန်းရှင်တွေကို ကျွန်တော်တို့ ဆန့်ကျင်ကန့်ကွက်တာဖြစ်ပါတယ်" ဟု ဖြေကြားထားကြောင်း ဖော်ပြပါရှိသည်။

**ထို့ပြင် အမေရိကန်ကုမ္ပဏီများအနေဖြင့် အလုပ်သမားများ၏ လုပ်ခလစာနှင့်ပတ်သက်၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ညီ၊ မညီကို လေ့လာစောင့်ကြည့်လျက်ရှိကြောင်း ၎င်းက ဆိုခဲ့သည်။**

ယင်းအဖွဲ့အစည်းက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ အိတ်ဖွင့်ပေးစာတစ်စောင်ကို ဇူလိုင် ၁၄ ရက်နေ့ ရက်စွဲဖြင့် ပေးပို့ခဲ့ပြီး ယင်းပေးစာတွင် အထည်ချုပ် အလုပ်သမားများအတွက် **တစ်နေ့အလုပ်ချိန် ရှစ်နာရီအတွက် လုပ်ခလစာ ငွေကျပ် ၃၆၀၀ ပေးလျှင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို အားပေးရာမရောက်နိုင်ဟူသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်အချို့၏တင်ပြချက်များသည် လွဲမှားသည့် အယူအဆသာဖြစ်ပြီး အစိုးရအနေဖြင့် အလေးမထားရန် အကြံပေးထား**ကြောင်း သိရသည်။

အလားတူ အမေရိကန်အခြေစိုက် ကမ္ဘာကျော်ထုတ်ကုန်ပစ္စည်းကုမ္ပဏီများနှင့် နိုင်ငံတကာ အလုပ်သမားအခွင့်အရေးဆိုင်ရာလှုပ်ရှားမှုများ ဆောင်ရွက်နေသည့် Ethical Trading Initiative (ETI) ကလည်း ယင်းသို့ အဆိုပြုနှုန်းတစ်ရပ်ထုတ်ပြန်နိုင်ခြင်းအပေါ် ကြိုဆိုကြောင်းနှင့် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် ထောက်ခံကြောင်း ဇူလိုင်လ ၁၅ ရက်နေ့က ထုတ်ပြန်ကြေညာထားသည်။

မြန်မာနိုင်ငံ၏ အနည်းဆုံးလုပ်ခလစာ သတ်မှတ်ရေးနှုန်းထားအပေါ် ကန့်ကွက်သူ၊ ထောက်ခံသူ၊ လက်ခံသဘောတူသူတို့ ဝိဝါဒကွဲပြားမှုများ ရှိနေပြီး အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို သဟဇာတမျှတစွာဖြင့် ရှေးရှုဦးတည် ဆောင်ရွက်ကြရန် မျှော်လင့်သူများလည်း ရှိကာ ချည်ကြိုးကြားက သူတို့ဘဝများ၏ အပြောင်းအလဲကို စောင့်ကြည့်ရမည်ဖြစ်သည်။ ဇွန်လ ၂၉ ရက်နေ့က ထုတ်ပြန်ကြေညာထားသော အဆိုပြုနှုန်းထားအပေါ် ကန့်ကွက်စာ၊ ထောက်ခံစာများကို ရက်ပေါင်း ၃၀ အတွင်း စိစစ်ကာ ရက်ပေါင်း ၆၀ ဖြစ်မည့် ဩဂုတ်လကုန်ပိုင်းတွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ချက်တစ်ရပ် ထွက်ပေါ်လာမည်ဖြစ်သည်။

"နားလည်တဲ့သူတွေက လစာတွေတိုးရအောင် လုပ်နေကြတယ်လို့ ကျွန်မတို့သိပါတယ်။ ကျွန်မတို့တော့ မပြောရဲပါဘူး။ အလုပ်ပြုတ်သွားမှာလည်းကြောက်တယ်လေ။ လစာတိုးရရင်တော့ ပျော်ပါတယ်။ အမေလည်း ပျော်မှာ။ အခုတောင် ဖုန်းလာသေးတယ်။ သမီးတို့ကော လစာတိုးမှာလားလို့ အမေက မေးတယ်။ မသိသေးပါဘူး အမေရယ်လို့ပဲ ကျွန်မ ပြန်ပြောလိုက်တယ်" ဟု မရင်အေးတစ်ယောက် တိုးညင်းစွာဖြင့် စကားကို အဆုံးသတ်ခဲ့သည်။

❐ *ကျော်ဖုံးမှ*

ပြည်ထောင်စုငြိမ်းချမ်းရေး ဖောင်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက "နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ရောက်ခဲ့သည့် UPWC နှင့် NCCT တို့၏ (၇)ကြိမ်မြောက် အစည်းအဝေးတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်(NCA)မူကြမ်း Single Text ကို ညှိနှိုင်းပြီးစီးခဲ့၍ နှစ်ဖက်စလုံးမှ အတည်ပြုနိုင်ခဲ့ကြောင်း၊ NCA ကို ဆောင်ရွက်ရာတွင် အဓိကရည်မှန်းချက် သုံးခုရှိကြောင်း၊ ငြိမ်းချမ်းရေး ဖြစ်စဉ်အား မည်သည့်အစိုးရတက်တက် ဆက်လုပ်သွားမည်ဆိုသည့် အုတ်မြစ်တစ်ခုချနိုင်ရန်၊ အပစ်အခတ် ရပ်စဲရေး ခိုင်ခံ့အောင်လုပ်ရန်၊ နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်တို့ဖြစ်ကြောင်း၊ ယနေ့ပြုလုပ်သည့် (၈)ကြိမ်မြောက် အစည်းအဝေးတွင် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ရှေ့ဆက်သွားနိုင်ရန်အတွက် Process တစ်ခုရှိလာစေရန် မည်သို့ ဝိုင်းဝန်းကြိုးစားကြမည်ဆိုသည်ကို အခြေခံရမည်ဖြစ်ကြောင်း၊ လောခီးလာတွင် ပြုလုပ်သည့် တိုင်းရင်းသားများညီလာခံက ထွက်ပေါ်လာသည့် ပြင်ဆင်ရန်ဆိုသည့် တချို့အချက်များနှင့် နောက်ကွယ်က တိုင်းရင်းသားများ၏ စိုးရိမ်မှုများကိုလည်း နားလည်ကြောင်း. . ။

ယခုအစည်းအဝေးတွင် နှစ်ဖက်စလုံးက ဝိုင်းဝန်းကြိုးပမ်း၍ NCA လက်မှတ်ရေးထိုးနိုင်သည်အထိ ညှိနှိုင်းဆွေးနွေးသဘောတူညီမှုများ ရရှိကြလိမ့်မည်ဟု မျှော်လင့်ထားကြောင်း၊ နှစ်ဖက်စလုံးသည် လမ်းကြောင်းတစ်ခုတည်းတွင် အတူတူလျှောက်လှမ်းနေသည့် လုပ်ဖော်ကိုင်ဖက်များအဖြစ် စိန်ခေါ်မှုများကို အတူရင်ဆိုင်ကြမည်ဖြစ်ကြောင်း၊ လက်ရှိအစိုးရတွင် အချိန်အကန့်အသတ်ရှိကြောင်း၊ စက်တင်ဘာလဆန်းကစ၍ ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများကို လုပ်ကြရမည်ဖြစ်သောကြောင့် ခိုင်ခိုင်မာမာသဘောတူညီချက် မရနိုင်ခဲ့ပါက NCA ကဲ့သို့ သဘောတူညီချက်မျိုးအား အဖွဲ့အစည်းအစုံအလင်ဖြင့် ထပ်ညှိရန်အတွက် နောင်တက်လာသည့် အစိုးရပေါ်မှာသာ မူတည်နေမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးမှနေ၍ ရှေ့ဆက်သွားနိုင်မည့် ရလဒ်ကောင်းများထွက်ရှိစေရန် NCA ကို လက်မှတ်ရေးထိုးနိုင်ရန် မိမိတို့ နှစ်ဖက်စလုံး ဝိုင်းဝန်းကြိုးစားကြပါစို့ဟု ဆန္ဒပြုကြောင်း" ပြောကြားခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD) မှ အဖွဲ့ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်က "ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ ကြိုးပမ်းမှုကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)မူကြမ်းကို နှစ်ဖက်သဘောတူညီမှုရရှိပြီး ဆောင်ရွက်ခဲ့သည့် နှစ်ဖက်ကြိုးပမ်းမှုများကို အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က အသိအမှတ်ပြုကြောင်း၊ စစ်မှန်သည့် ငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် တစ်ပြည်လုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရန်သည် အရေးကြီးသောအဆင့်တစ်ခုဖြစ်သကဲ့သို့ မိမိတို့တိုင်းရင်းသားများအားလုံးအတွက် နိုင်ငံရေးအာမခံချက်ရှိသော NCA တစ်ခု ဖြစ်ရန်သည်လည်း အလွန်အရေးကြီးပါကြောင်း၊ ပြီးခဲ့သည့် ဇွန်လအတွင်းက ကရင်ပြည်နယ် လောခီးလာ၌ ကျင်းပခဲ့သည့် တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းများ ညီလာခံတွင် ရွေးချယ်တာဝန်ပေးခြင်းခံရသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ရရှိထားသည့် NCA မူကြမ်း အချောသပ်နိုင်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲမှာ တက်လှမ်းနိုင်ရန်အတွက် ကြိုးပမ်းသွားရန် တာဝန်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည်ထူထောင်ရေးအား ကြိုးပမ်းလုပ်ဆောင်သည့် နေရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ရန် တာဝန်ရှိကြောင်း၊ NCA မူကြမ်းတွင် ဆွေးနွေးသွားမည့် အချက်အလက်များသည် ယခင်က ဆွေးနွေးထားပြီးသား အချက်များထဲ၌ ပါရှိပြီးသား အချက်အလက်များပင်ဖြစ်ကြောင်း" ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) ဒုတိယဥက္ကဌ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က "မိမိတို့ငြိမ်းချမ်းရေးခရီးလမ်းတွင် အောင်မြင်မှုများရှိသကဲ့သို့ စိန်ခေါ်မှု၊ စိုးရိမ်ကြောင့်ကြမှုများလည်း ရှိနေဆဲပင်ဖြစ်ကြောင်း၊ ထိုစိန်ခေါ်မှု၊ စိုးရိမ်ကြောင့်ကြမှုများကို ကျော်လွှားနိုင်ရန် စုပေါင်းပြီး အဖြေရှာရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စိန်ခေါ်မှုများအား ကျော်လွှားကာ မူလရရှိပြီးသား သဘောတူညီချက်ကို အခြေခံ၍ အချောသပ်ရရှိရန်အတွက် စဉ်းစား ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ယခု အစိုးရလက်ထက် လွှတ်တော်သက်တမ်းအတွင်းမှာပင် ပထမပန်းတိုင်တစ်ခုကို အရောက်သွားနိုင်ရန်လိုကြောင်း၊ အခြေခံအုတ်မြစ်တည်ဆောက်ထားပြီးပါက နောက်ဆက်တွဲ လမ်းစပွင့်သွားနိုင်မည်ဟု မိမိအနေဖြင့် တင်ပြဆွေးနွေးအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တစ်နိုင်ငံလုံး အပစ်အခက်ရပ်စဲရေးဆိုင်ရာအဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့(SD)၏ ဒုတိယအဖွဲ့ခေါင်းဆောင်(၁) ဒေါက်တာလဂျာက " မိမိတို့၏အတွေးအခေါ်အဟောင်းများကို ဖယ်ထုတ်၍ အောင်မြင်မှုကို ဆောင်ကြဉ်းပေးနိုင်မည့် အတွေးခေါ်သစ်များဖြင့် ဖော်ထုတ်မှသာ တိုင်းရင်းသား ညီအစ်ကိုအားလုံးနှင့်တကွ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လွှတ်တော်တို့သည် ဘက်နှစ်ဖက်စလုံး ဝမ်းသာအားရ ရွှင်မြူးနိုင်ကြမည့် Win-Win အခြေအနေကို ရရှိမည်ဖြစ်ကြောင်း၊ NCA စာချုပ်အား အမှန်တကယ် လိုလိုလားလားဖြင့် ဆွေးနွေးညှိနှိုင်းနေကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး၊ အစိုးရ၊ တပ်မတော်၊ လွှတ်တော်တို့ကလည်း ဘက်နှစ်ဖက်ဆွေးနွေးညှိနှိုင်း၍ အဖြေရှာ၊ နည်းနာရှာကာ မည်သည့်အဖွဲ့မည်သည့် ဒေသကိုမှ ချန်လှပ်မထားဘဲ လက်နက်ကိုင်ပဋိပက္ခ၏ အရင်းခံအကြောင်းတရားဖြစ်သည့် နိုင်ငံရေးကိစ္စများကို စိတ်အေးလက်အေးဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ကြမည်ဖြစ်ကြောင်း" ပြောသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက " ယခုအစည်းဝေးမှနေ၍ NCA ကို နောက်ဆုံးမူကြမ်းအဖြစ် အချောသပ်နိုင်ရန် မျှော်လင့်ကြောင်း၊ NCA ကို ဆွေးနွေးလာသည်မှာ အချိန်ကာလအားဖြင့် ၁၈ လကျော်ကြာမြင့်ခဲ့သော်လည်း အကျိုးရှိသည့်အရာများလည်း အများကြီးရှိကြောင်း၊ အေးချမ်းနေသည့်နေရာဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ နယ်မြေဒေသအေးချမ်းရေးကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိကြောင်း" ပြောကြားခဲ့ပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD)၏ ဒုတိယအဖွဲ့ခေါင်းဆောင်(၂) ပူးဇင်ကျုံးကလည်း ဆက်လက်ပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သော UPWC နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) တို့၏ အစည်းအဝေးတွင် လောခီးလာညီလာခံမှ အဆိုတင်သွင်းသည့် အချက် ၁၃ ချက်အနက် ခြောက်ချက်ကို စတင်ဆွေးနွေးခဲ့ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) တွင် ပါဝင်သောအချက်များကိစ္စ ဆွေးနွေးခြင်းနှင့် အသိသက်သေများနှင့် လက်မှတ်ရေးထိုးရမည့်ကိစ္စ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) စာချုပ်လက်မှတ်ရေးထိုးရာတွင် အားလုံးပါဝင်မည့်ကိစ္စနှင့်အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး အချက်လေးချက်ကို သဘောတူညီနိုင်ခဲ့ကြောင်း သိရသည်။

(၈) ကြိမ်မြောက် NCA စာချုပ်အတွက် ပထမနေ့ ဆွေးနွေးပွဲကို ညနေ ၄ နာရီတွင် ရပ်နားခဲ့ပြီး ဒုတိယနေ့ကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီတွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း MPC ၏ အထူးအကြံပေး ဦးလှမောင်ရွှေထံမှ သိရသည်။

ယနေ့အစည်းအဝေးသို့ UPWC မှ ဒုတိယဥက္ကဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဗိုလ်မှူးကြီး ကျော်စိုးဝင်း၊ ဦးစောထွန်းမြအောင်၊ ဒေါ်မိယဉ်ချမ်းနှင့် ဦးခက်ထိန်နန်တို့ တက်ရောက်ခဲ့ကြသည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့(SD)၏ အဖွဲ့ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်၊ ဒုတိယအဖွဲ့ခေါင်းဆောင်(၁) ဒေါက်တာ လဂျာ၊ ဒုတိယအဖွဲ့ခေါင်းဆောင်(၂) ပူးဇင်ကျုံး၊ အဖွဲ့ဝင်များဖြစ်ကြသော ခိုင်စိုးနိုင်အောင်၊ ဦးနိုင်ဟံသာ၊ ဦးမျိုးဝင်း၊ ဦးခွန်မြင့်ထွန်း၊ ဦးရွှေမျိုးသန့်၊ စဝ်ခွန်စိုင်း၊ ဗိုလ်ချုပ် တာအိုက်ဘုန်း၊ ပဒိုစောကွယ်ထူးဝင်း၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဗိုလ်မှူးကြီး ခွန်ဥက္ကာ၊ ဒေါ်စောမြရာဇာလင်းနှင့် တာအိုက်ညွန့်တို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# မြင်းမူမြို့နယ် ကျေးရွာများ မူးမြစ်ရေဝင်ရောက်သော်လည်း ဘေးလွတ်ရာရွှေ့ပြောင်းနိုင်သဖြင့် လူနှင့်တိရစ္ဆာန် သေကျေပျက်စီးဆုံးရှုံးမှုမရှိ

**မြင်းမူ ဇူလိုင် ၂၂**

မြင်းမူမြို့နယ်အတွင်း ကျေးရွာများသို့ မူးမြစ်ရေဝင်ရောက်မှုရှိသော်လည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ခဲ့သဖြင့် လူနှင့် တိရစ္ဆာန် သေကျေပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာ မရှိခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းရာ မူးမြစ်သည် ဇူလိုင် ၁၈ ရက်ကစတင်ပြီး မြင့်တက်လာရာမှ ဘေး ဝဲ/ယာ တစ်လျှောက်ရှိ မူးမန္တလေး၊ ဂုံညင်းဆိပ်၊ ညောင်မြစ်၊ မေဂျာ၊ ပုံညာ၊ သပြေသာ၊ မစုရ၊ ပျော့ရွာ၊ မကျီးကန်ကျေးရွာတို့သို့ ရေများဝင်ရောက်ခဲ့သည်။

အဆိုပါ ကျေးရွာ ကိုးရွာတွင် သပြေသာ၊ ပုံညာ၊ မစုရကျေးရွာတို့တွင် ရွာလုံးကျွတ် ရေဝင်ရောက်မှုများရှိခဲ့သော်လည်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ ဦးဆောင်ကာ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် လူနှင့် တိရစ္ဆာန်များ တစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**(စစ်ကိုင်းခရိုင် ပြန်/ဆက်)**



မြင်းမူမြို့နယ် ပျော့ရွာ-မကျီးကန်-ညောင်မြစ်လမ်း တာပေါင်ကျိုးပေါက်ပြီး မူးမြစ်ရေများ ဝင်ရောက်နေစဉ်။

**ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသ သတင်းကို အမြဲမပြတ်နားထောင်ပါ**



# ကျော်သက်နှင့် စောဆန်းအောင် ခေါင်းဆောင်သော ကေကေအိုကြွင်းကျန်အဖွဲ့ထံမှ မူးယစ်ဆေးဝါးများနှင့် လက်နက်၊ခဲယမ်းများထပ်မံသိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကောင်းမူကျေးရွာနှင့် ပတ်ဝန်းကျင်တွင် တပ်မတော် စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ်(BGF)တို့က ကေကေအိုအဖွဲ့မှ ကျော်သက်နှင့် စောဆန်းအောင် ခေါင်းဆောင်သောကြွင်းကျန်အဖွဲ့များ ခိုအောင်းမှုမရှိစေရေး နယ်မြေရှင်းလင်းလျက်ရှိရာ ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီခွဲခန့်က ကောင်းမူရွာ၏အရှေ့ဘက် နှစ်မိုင်ခန့်အကွာရှိ ၎င်းတို့အဖွဲ့ ယခင်အခြေပြုခဲ့သည့် စခန်းနေရာ၌ မြေကြီးအတွင်း မြှုပ်နှံထားသော အဝါရောင် ပလတ်စတစ်ပုံး ခြောက်ပုံးအား ပုံးများအတွင်း၌ ကာလတန်ဖိုး ကျပ်သိန်း ၁၂၉၆၀ ခန့်ရှိသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၄၃၂၀၀၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့သို့ နယ်မြေရှင်းလင်းစဉ် ကျော်သက်၊ စောဆန်းအောင် ကြွင်းကျန်အဖွဲ့များနှင့် ထိတွေ့မှုများ ဖြစ်ပွားခဲ့ပြီး ၎င်းတို့ထံမှ လက်နက်နှစ်လက်၊ ကျည်အိမ် နှစ် ခုနှင့် ကျည် ၂၀ တောင့်တို့ကိုလည်း သိမ်းဆည်းရမိခဲ့သည်။

ကျော်သက်နှင့်စောဆန်းအောင် ခေါင်းဆောင်သော အဖွဲ့သည် ကိုယ်ကျိုးစီးပွားအတွက် လူသားမျိုးနွယ်နှင့် အနာဂတ် လူငယ်၊ လူရွယ်များ၏ဘဝ အညွန့်တုံးစေမည့် မူးယစ်ဆေးဝါးများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိရာ ထုတ်လုပ်ထားသော ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်ကလည်း WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၀၀၀ နှင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့် စက်ပစ္စည်းများကို စတင်သိမ်းဆည်းရမိခဲ့ပြီး ယခုအခါ ထပ်မံသိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံလျက်ရှိကြောင်းနှင့် တပ်မတော်နှင့် နယ်ခြားစောင့်တပ်(BGF)တို့က ကော့ကရိတ်မြို့နယ်အတွင်း ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# ဇူလိုင် ၂၂ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၁၅၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၈၀၀၀ မှ ၁၃၈၀၀၀ |
| ၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၇၀၀၀ မှ ၁၀၅၀၀၀ |
| ၁၀ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၁၀၀၀၀ မှ ၁၆၀၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ၊ ပျော်ဘွယ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀ မှ ၈၆၀ |
| ၁၂ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၀၀ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၁၄ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀ မှ ၇၀၀ |
| ၁၅ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၅၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ မှ ၂၁၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၃၀၀၀ |
| ၁၈ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၆၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

❊ ကျောဖုံးမှ

ဦးဆောင်သည့် အဖွဲ့ထံ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

တပ်မတော်(ရေ)က ကယ်ဆယ်ခဲ့သည့် ယာယီစောင့်ရှောက်ထားသူများအနက် ကျန်ရှိသူများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ နိုင်ငံသားစိစစ်မှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်းနှင့် စိစစ်အတည်ပြုမှုများ ဆောင်ရွက်ပြီးစီးပါက မူလနေရင်းနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**




တောင်ပြို(လက်ဝဲ)မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအလံတင်အစည်းအဝေးကျင်းပပြီး တပ်မတော်(ရေ)က ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် ထပ်မံအတည်ပြုပြီးသူ ၁၅၅ ဦးကို လွှဲပြောင်းပေးအပ်သည့် စာလွှာပေးအပ်စဉ်။

GRACE COLLECTION

ပိုးစစ်ချိတ်၊ ထိုင်းပိုးထည်အမျိုးမျိုး၊ ကွန်ပျူတာပန်းထိုးချိတ် ဒီဇိုင်းမျိုးစုံနှင့် လုပဆန်းသစ်သော အရည်အသွေးမြင့်ဇာမျိုးစုံတို့အား ၂၄-၇-၂၀၁၅ရက်မှ ၂၆-၇-၂၀၁၅ရက်အထိ မိုးရာသီ အထူးလျှော့ဈေး (up to 50%) ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း မိတ်ဟောင်းမိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။

No.F-129, 1st Floor, Junction Square, Kyuntaw Street,
Sanchaung Township, Yangon. Ph:09-5048594, 09-43057349

အောင်ပြည့်စုံ

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။

09-5232770
09-5134770

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ခုတင် (၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

- ပြင်ပလူနာဌာန လေးထပ်ဆောင် အမိုးပြုပြင်ခြင်းလုပ်ငန်း

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၇-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီ

**တင်ဒါပိတ်မည့်ရက်** - ၆-၈-၂၀၁၅ ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးသို့ လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ခုတင် (၅၀၀)ဆံ့အထူးကုဆေးရုံကြီး**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်၊**
**ရန်ကုန်တိုင်းဒေသကြီး**

POST ရာထူးဝင်ခွင့်သင်တန်း
● ဆရာမဝင်ခွင့်တန်းခွဲများ
● ဥလပိုင်းပြေမည့် ဦးစီးမှူး တန်းခွဲ(စနေ၊တနင်္ဂနွေ ၉း၀၀-၁၂း၀၀)
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၄၂၀၁၂၉၃၃၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၁၀၀၅၅ Honda Scoopyi, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွန်း ၉/မရမ(နိုင်)၀၉၀၃၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## စိတ်ပူနေသည်/အမြန်ပြန်လာပါ



ဦးကျော်မြင့်နှင့် ဒေါ်ခင်မာညိုတို့၏မြေး မောင်သူပိုင်ထွန်း အသက်(၁၄)နှစ် နဝမတန်းတက်နေသူသည် ၂၀-၁၀-၂၀၁၄ရက် နံနက် ၆နာရီတွင် ပုသိမ်မြို့နယ်အမှတ်(၂) ရပ်ကွက်၊ ကန်လမ်း၊ ကုလားတန်း၊ အမှတ်(၁၂)နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် ထိန်းသိမ်းပေးထားသူအား ထိုက်တန်စွာကျေးဇူးဆပ်ပါမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၃၆၂၁၀၁၅၁၊ ၀၉-၂၅၄၀၉၅၂၃၁**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/9688 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား(၁)ချပ် ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## လူပျောက်ကြော်ငြာ



ဦးလှမောင် အသက် (၅၂)နှစ်၊ အရပ် ၄ ပေ ၈ လက်မ၊ ဆံပင်အမဲ၊ ကျေးတော စစ်တွေမြို့၊ ရခိုင်ပြည်နယ် မသွားတတ် မလာတတ် စိတ်မမှန်သောသူသည် ဦးအောင်ဝင်း အမှတ် ၉၇၂၊ ဗန္ဓုလလမ်း၊ ၁၀၄ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ ခေတ္တရောက်ရှိပြီး ၁၉-၇-၂၀၁၅ရက် ညနေ ၄း၃၀ နာရီတွင် အထက်ပါအိမ်မှ ပျောက်ဆုံးသွားပါသည်။ တွေ့ရှိကအကြောင်းကြားရန်။

**ဖုန်း-၀၉-၄၅၀၅၃၉၉၆၈၊ ၀၉-၇၉၉၂၆၅၄၇၂၊ ၀၉-၂၅၂၆၈၄၆၄၄၊ ၀၉-၂၆၁၁၁၀၄၁၄၊ ၀၉-၈၆၁၅၄၅၀**

# ကျိုင်းတုံမြို့ နောင်တုံကန်တွင်းသေဆုံးသည့်ငါးများ ဆယ်ယူရှင်းလင်း

ကျိုင်းတုံ ဇူလိုင် ၂၂

**ရှမ်းပြည်နယ် ကျိုင်းတုံမြို့ မြို့ကျက်သရေဆောင်နောင်တုံကန်အတွင်းရှိ ငါးများ ဇူလိုင် ၂၀ ရက်တွင် အစုလိုက်အပြုံလိုက် သေဆုံးလျက်ရှိသည်ကို တွေ့ရသည်။**



နောင်တုံကန်တွင်းရှိ ငါးများသည် အစုလိုက်အပြုံလိုက်သေဆုံးလျက်ရှိရာ အနံ့ဆိုးများထွက်ပေါ်လျက်ရှိခြင်းကြောင့် နောင်တုံကန်ပတ်လည် ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များပိတ်ထားရသည်။ ထို့ပြင် ကန်အနီးရှိ လူနေအိမ်များတွင် အနံ့ဆိုးများ ပျံ့နှံ့လျက်ရှိသည်။ ယင်းအနံ့ဆိုးများကြောင့် နောင်တုံကန်ပတ်လည် ကိုယ်ကာယလေ့ကျင့်ခန်းလုပ်ကြသူများ၊ အုပ်စုလိုက်လမ်းလျှောက်ကြသူများ ဇူလိုင် ၂၁ ရက်နေ့မှစ၍ မရှိတော့ပေ။

ငါးသေကောင်များမှ ပေါ်ထွက်လျက်ရှိသည့် အနံ့ဆိုးများကို အမြန်ရှင်းလင်းနိုင်ရေးအတွက် ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးနှင့် မြို့ပေါ်(၅)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ အဆိုပါနေရာသို့ ကွင်းဆင်းပြီး လိုအပ်သည့် ဝါးဖောင်များကို မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နှလုံးလှပိုင်ရှင်များ အခမဲ့ လူမှုကူညီရေးအသင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝါးဖောင်နှင့်လှေများ အသုံးပြုကာ ကန်တွင်းရှိ ငါးသေကောင်များကို ဆယ်ထုတ်လျက်ရှိသည်။ ဆယ်ထုတ်ယူပြီးသည့် ငါးသေကောင်များကို စည်ပင်သာယာမှ အမှိုက်သိမ်းယာဉ်များဖြင့် သယ်ဆောင်ကာ အမှိုက်စွန့်ပစ်နေရာသို့ မီးရှို့ဖျက်ဆီးလျက်ရှိသည်။

အဆိုပါ နောင်တုံကန်သည် ရေဝင်ရေလဲမရှိသဖြင့် ငါးများသေဆုံးရသည်ဟု ထင်မြင်ယူဆကြပြီး ကန်နှင့်



ငါးမိုင်ဝေးသည့် ကျိုင်းဖောင်းချောင်းမှ ချောင်းရေဖြည့်သွင်းနိုင်ရေးအတွက် ပိတ်ဆို့လျက်ရှိသည့် ရေသွင်းမြောင်းဟောင်းကို မီးသတ်ယာဉ်များ အသုံးပြုပြီး မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။

ကန်တွင်းရှိ ငါးများ သေဆုံးမှုနှုန်းရပ်တန့်ခြင်း မရှိသဖြင့် ဇူလိုင် ၂၂ ရက်တွင် ငါးသေများ ဆယ်ထုတ်ခြင်းနှင့်စည်ပင်သာယာမှ သတ်မှတ်ထားသည့် အမှိုက်ပုံသို့ အမြန်စွန့်ပစ်နိုင်ရေးအတွက် လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်ရပ်ကွက်များမှ ပြည်သူ ၈၀ ခန့်ဖြင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဟု သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကမ်းပြိုကာကွယ်ရေးအတွက် ရေစီးအားလျှော့နည်းစေမည့် Steel Cable Groyne များ တပ်ဆင်မည်

**စဉ့်ကူး ဇူလိုင် ၂၂**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ မြစ်ကမ်းပါးပြိုသည့် ကျေးရွာများအတွက် ရေစီးအားလျှော့နည်းစေသည့် ပေ ၂၀၀ အရှည်ရှိ Steel Cable Groyne နှစ်ခုကို ဇူလိုင် ၂၁ ရက်မှ စတင်လုပ်ဆောင်ပေးကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ ဟသ်ာမကျေးရွာ၊ မြစ်ကမ်းကြီးကျေးရွာ၊ ကြက်တူရွေးကျေးရွာတို့တွင် ဇူလိုင်လပထမပတ်အတွင်းက ကမ်းပါးပြိုမှုဖြစ်ပေါ်ခဲ့ပြီး ဇူလိုင် ၁၉ ရက်အထိ အိမ်ထောင်စု ၄၃ စု ရွှေ့ပြောင်းခဲ့ရသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကမ်းပြိုကာကွယ်ရေးအတွက် ငွေကျပ် ၁၀ သိန်းထောက်ပံ့ပေးအပ်ခဲ့ကာ ကမ်းပြိုကာကွယ်ရေးအတွက် ရေစီးအားလျှော့နည်းစေရန် Steel Cable Groyne ဖြင့် ပေ ၂၀၀ အရှည် နှစ်ခုကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကာ လက်ရှိအချိန်တွင် အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား ဌာနဆိုင်ရာများနှင့် ဒေသခံများ ပူးပေါင်း၍ ဆောင်ရွက်နေကြောင်း ဟသ်ာမရွာမှ ဒေသခံတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် ယခုနှစ်ဘတ်ဂျက်အရ ရွာပေါင်း ၂၂ ရွာတွင် ကမ်းပြိုကာကွယ်ရေးလုပ်ဆောင်ရန် ငွေကျပ်သန်းပေါင်း ၂၉၂၄ ဒသမ ၃ သန်းနှင့် ရေလမ်းကြောင်းဖွံ့ဖြိုးရေးအတွက် ငွေကျပ်သန်းပေါင်း ၃၂၄ သန်း စုစုပေါင်း ငွေကျပ်သန်းပေါင်း ၃၂၄၈ ဒသမ ၃ သန်း သုံးစွဲပြီးဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်**

# ရေဘေးသင့်ပြည်သူများအား ဝိုင်းဝန်းလှူဒါန်း

**ကသာ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ကောလင်းမြို့နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

ရေဘေးကြောင့် ဒုက္ခရောက်ကြရသူများ အများအပြားရှိလာခဲ့သဖြင့် ရေဘေးသင့်ပြည်သူများကို စေတနာရှင် ပြည်သူများက ဝိုင်းဝန်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကသာမြို့နယ်အတွင်းမှ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများက ရေဘေးသင့်ပြည်သူများအတွက် အစားအသောက်နှင့် ဆေးဝါးများ၊ ခြင်စောင်နှင့် ခြင်ထောင်များ၊ အသက်ကယ်အင်္ကျီများ၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များ၊ အလှူငွေများ စသည်တို့ကို ကသာမြို့နယ်ရှိ စေတနာရှင်ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများမှ လှူဒါန်းကူညီခဲ့ကြသည်။

ကသာခရိုင် ကောလင်းမြို့နယ်ရှိ ရေဘေးသင့် ပြည်သူများအား လှူဒါန်းကူညီကြရန် ကသာမြို့နယ် မီးသတ်ဦးစီးရုံးရှေ့၌ အလှူခံစခန်း ဖွင့်လှစ်ထားပြီး လှူဒါန်းငွေနှင့်ပစ္စည်းမျိုးစုံတို့ကို ကသာမီးသတ်ဦးစီးမှူး၊ ကသာခရိုင်နှင့် မြို့နယ် ပြန်/ဆက် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စာရင်းဖြင့် လက်ခံဆောင်ရွက်ကာ ဇူလိုင်၂၀ ရက် နှင့်၂၁ရက်တို့တွင် သွားရောက်၍ ရေဘေးသင့် ပြည်သူများကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဖိုးနိုင်(ကသာ)**






# မြောက်ဥက္ကလာ ကန်သာယာပန်းခြံ ၂၀၁၇ မတ်လအပြီး အဆင့်မြှင့်တင်ဖွင့်လှစ်မည်

■ သတင်း - ခင်ရတနာ၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း) ■




**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ပန်းဥယျာဉ်နှင့် အားကစားကွင်းများကို အများပြည်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက် ဦးစားပေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ပထမဆုံး လှိုင်းတုများ ထည့်သွင်းကာ အပန်းဖြေနိုင်မည့် ပန်းခြံအဖြစ် မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပန်းခြံကို ရွေးချယ်ကာ ပြင်ဆင်မွမ်းမံမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းခြံသည် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီးဘေး ခေမာသီလမ်းနှင့် ဥဇနာလမ်းကြားတွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၉ ဒသမ ၈ ဧကခန့် ကျယ်ဝန်းကာ အစိုးရပိုင်မြေ ၁၉၅၂ခုနှစ် မြောက်ဥက္ကလာပမြို့ စတင်တည်ထောင်စဉ်က နန္ဒဝန်ရေကန်အဖြစ်လည်းကောင်း၊ ၁၉၈၉ ခုနှစ်အရောက် ကန်သာယာပန်းခြံအဖြစ်လည်းကောင်း ပြောင်းလဲဆောင်ရွက်ခဲ့ပြီး ပန်းပုဆရာကြီး ဦးမောင်လွင်က တော်လှန်ရေးနေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တုကို ၁၉၉၀ မတ် ၂၅ရက်က ထုလုပ်ပြီးစီးခဲ့သည့် ပန်းခြံတစ်ခုလည်း ဖြစ်သည်။

"ပန်းခြံက အချိန်တိုင်းရေမြုပ်နေတော့ ပြုပြင်ထိန်းသိမ်းရတာ အလွန်ကုန်ကျစရိတ်များပြားပါတယ်။ ၂၀၁၂ခုနှစ်မှာ ကျွန်တော်တို့ ပြန်လည်ပြင်ဆင်တော့ ကွန်ကရစ်နဲ့လုပ်ထားတဲ့ ဗိုလ်ချုပ်မြင်းစီးရုပ်တုက ပျက်စီးနေတာဖြစ်ပါတယ်။ ရုပ်တုဘေးက ပန်းခုံတွေနဲ့ ရေပန်းတွေ အခင်းကြွေပြားတွေကို ပြန်လည်ခင်းကျင်းပြီး ဆလိုက်မီးတိုင်တွေ လုပ်ဆောင်ခဲ့တာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဘဏ္ဍာငွေ ၈၃ သိန်း သုံးစွဲခဲ့ရတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဌာနမှူး ဦးကိုကိုလင်းက ပြောကြားသည်။

အဆိုပါ မြောက်ဥက္ကလာ ကန်သာယာပန်းခြံကို ၂၀၁၃ ခုနှစ်အထိ ကော်မတီမှ ထိန်းသိမ်းစောင့်ရှောက်ထားသော်လည်း မျက်မှောက်ခေတ်ကာလနှင့် လိုက်လျောညီထွေမှုမရှိခြင်း၊ မြေပြင်အနေအထားအရ မိုးရာသီတစ်လျှောက် ရေဝပ်ခြင်း၊ ဒီရေတက်ချိန်များတွင်ရေနစ်မြုပ်တတ်ခြင်းများကြောင့်အကျိုးတူပူးပေါင်းလိုသည့် လုပ်ငန်းရှင်များ၏ အကူအညီဖြင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ ခေတ်မီကလေးကစားကွင်းများ၊ အပန်းဖြေကစားနည်းများနှင့် ရေပန်းမြင်ကွင်းအလှများ၊ ရေလွှာလျှောများနှင့် ကျန်းမာရေးကစားကွင်းငယ်များအပြင် မြန်မာနိုင်ငံတွင် မရှိသေးသည့် ပင်လယ်ကမ်းခြေအတုနှင့် လှိုင်းတုများ ဖန်တီးကာ အဆင့်မြှင့်တင်သွားရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။

"အားလုံးကိုခြုံပြီး Theme Park ကစားကွင်းကို တည်ဆောက်ဖို့လျာထားပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ ဘဏ္ဍာငွေပေါ်မှာ အခြေခံပြီး အကျိုးတူပူးပေါင်းမယ့်သူကို ရွေးချယ်ရာမှာ အဆင့်ဆင့်စနစ်တကျပြုလုပ်ထားတာဖြစ်ပါတယ်။ လုပ်ပိုင်ခွင့်ရရှိတဲ့ ကုမ္ပဏီကိုလည်း တည်ဆောက်ဆဲသုံးနှစ်ကိုတော့ အခမဲ့တည်ဆောက်ခွင့်ပြုမယ်။ နောက်ပိုင်းမှာ ၂၀၃၉ ခုနှစ်အထိ လေးနှစ်တစ်ကြိမ် စာချုပ်ချုပ်ဆိုသွားဖို့ လျာထားပါတယ်။ ငှားရမ်းခကိုတော့ တစ်ဧကကို ငွေကျပ် ၂၅ သိန်း သတ်မှတ်ထားပြီး မြေအသုံးချမှုကို ပရီမီယံကြေး ငွေကျပ် ၁၂၅ သိန်း သွင်းရမှာဖြစ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက မြေငှားရမ်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ပြောကြားသည်။

မြောက်ဥက္ကလာ ကန်သာယာပန်းခြံကို ၂၀၁၇ မတ်တွင် ဖွင့်လှစ်နိုင်ရန် လျာထားဆောင်ရွက်နေပြီး လက်ရှိတည်ဆောက်မည့်လုပ်ငန်း အပိုင်း(က)ကို သုံးနှစ်သတ်မှတ်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့နိုင်ငံမှာ ကမ်းခြေတွေရှိပေမယ့် လူတိုင်းသွားလာဖို့ အခက်အခဲရှိပါတယ်။ မော်တော်ကားကျပ်တည်းနေတာကြောင့် မြို့လယ်က ပန်းခြံတွေကို သွားနိုင်ဖို့အတွက် အချိန်၊ငွေနဲ့ အခြားဆုံးရှုံးမှုတွေကို မြောက်ဥက္ကလာ ကန်သာယာပန်းခြံက အထိုက်အလျောက် ဖြေရှင်းပေးမယ်လို့ ယုံကြည်ပါတယ်။ စင်ကာပူမှာ ခုနစ်နှစ်လေ့လာခဲ့တဲ့အတွက် Theme Park ကို မြန်မာပြည်သူတွေအတွက် ယူဆောင်ပေးချင်လို့ ကြိုးစားဆောင်ရွက်နေတယ်။ တခြားရည်ရွယ်ချက်က ရေကို အဓိကထားပြီးကစားတဲ့နည်းတွေဖြစ်လို့ ရေသန့်စနစ်နဲ့ ရေသိုလှောင်စနစ်တွေက မီးရေးထင်းရေး ရေလိုအပ်လာခဲ့ရင်တောင် ထုတ်သုံးနိုင်ဖို့အထိ ကြိုးစားဆောင်ရွက်နေပါတယ်။ အဓိကဆောင်ရွက်တဲ့နေရာမှာ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ မြင်းစီးရုပ်တုကိုလည်း ဦးစားပေးပြီး အကောင်းဆုံးပြုပြင်လို့ ဂါရဝပြုနိုင်တဲ့ သာယာလှပတဲ့ နေရာလေးတစ်ခုဖန်တီးတာလည်း ပါဝင်မှာဖြစ်ပါတယ်"ဟု လုပ်ငန်းလုပ်ဆောင်ခွင့်ရရှိသော တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ပြင် ကလေးကစားကွင်းများ၊ သစီးဒီမှ ဖိုက်ဒီအထိ ရုပ်ရှင်ရုံငယ်များ၊ စိမ်းလန်းစိုပြည်ဇရိယာများ၊ ကျန်းမာရေးလေ့ကျင့်ကိုရိယာများအပါအဝင် ဆောင်ရွက်ရန် နေရာများ၊ နိုင်ငံတကာအဆင့်မီ ကစားနည်းများနှင့် အပျော်စီးယာဉ်များ၊ ပြိုင်ကားများ၊ ရေလွှာလျှောကစားနည်းများအပြင် ရေပေါ်နှင်းလျှော၊ အပျော်စီးရေပေါ်ချောင်းနှင့် တောင်ပေါ်ရေလွှာလျှောများ၊ မြေအောက်ရေကန်များနှင့် ရေပေါ်ကစားနည်းများကို စတင်အကောင်အထည်ဖော်လျက်ရှိကြောင်းသိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ပန်းခြံပေါင်း ၆၃ ခုကို အများပြည်သူများ အေးချမ်းစွာ အနားယူအပန်းဖြေနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံပြင်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ဦးစားပေးအဆင့်တွင် မဟာဗန္ဓုလပန်းခြံ၊ ဦးဥတ္တမပန်းခြံ၊ ကန်တော်ကြီးသဘာဝဥယျာဉ်၊ အင်းလျားကန်ပေါင် (ကမ္ဘာအေး ၁ နှင့် ၂)၊ အင်းလျားကန်ပေါင် ပြည်လမ်း၊ အင်းလျားပန်းခြံနှင့် သခင်မြပန်းခြံ၊ ကန်သာယာ(ကုက္ကိုင်း)နှင့် အင်းစိန် နံ့သာမြိုင်ပန်းခြံများကို အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ပြည်သူများ စိတ်အေးချမ်းသာစွာ လက်တွေ့ခံစားရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဇွန်လက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ ပန်းခြံများသို့ အပန်းဖြေသူများ ဝင်ရောက်သည့်နှုန်းထားမှာ အရှေ့ပိုင်းခရိုင်၌ ၄၄၃၀၊ အနောက်ပိုင်းခရိုင်အတွင်း ၅၈၇၉၆၅ ဦး၊ တောင်ပိုင်းခရိုင်အတွင်း ၆၆၅၂၄ နှင့် မြောက်ပိုင်းခရိုင်အတွင်း ၃၃၅၅၁ ဦးတို့ ဝင်ရောက်အပန်းဖြေအနားယူခဲ့ကြကြောင်း သိရှိရသည်။

**အဓိကဆောင်ရွက်တဲ့နေရာမှာ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ မြင်းစီးရုပ်တုကိုလည်း ဦးစားပေးပြီး အကောင်းဆုံးပြုပြင်လို့ ဂါရဝပြုနိုင်တဲ့ သာယာလှပတဲ့ နေရာလေးတစ်ခု ဖန်တီးတာလည်း ပါဝင်မှာဖြစ်ပါတယ်။**

---


**စက်မှုဝန်ကြီးဌာန**
**မြန်မာ့ဆေးဝါးလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ခြင်း**

၁။ ဆေးဝါးစက်ရုံ(အင်းစိန်)၊ အလှကုန်ပစ္စည်းထုတ်လုပ်ရေးဌာနခွဲ၊ ဆေးဝါးကုန်ကြမ်းထုတ်လုပ်ရေးဌာနခွဲ(ပြင်ဦးလွင်)၊ အမှတ်(၃)ဆေးဝါးစက်ရုံ(စစ်ကိုင်း)နှင့် ဇေယျဝတီ သကြားစက်ရုံတို့မှ အသုံးမလိုပိုလျှံစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၂၇-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၈-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆**



**နေနတ်သားစာသင်တိုက်(၅၃)ကြိမ်မြောက်**
**စပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ နေနတ်သားစာသင်တိုက်၌ (၅၃)ကြိမ်မြောက် စပေါင်းဝါဆိုသင်္ကန်းလှူဒါန်းပွဲကို ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ရက် ၂၆-၇-၂၀၁၅ရက် တနင်္ဂနွေနေ့ မွန်းလွဲ(၂)နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ပရိယတ္တိသာသနာနုဂ္ဂဟအဖွဲ့**



**GOLDEN STAR** *Travels & Tours*

- ☆ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး July - 30
- ☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း July - 30
- ☆ တောင်ကြီး-အင်းလေး-ပင်းတယ July - 30
- ☆ ကျိုက်ထီးရိုး-ချောင်းသာ - ငွေဆောင်

Ph: 209200, 544383, 430480, 703448, 705968



**ဖခင်အမည်မှန်**

အထက(ခွဲ) တော်ခရမ်းကြီး၊ ကွမ်းခြံကုန်းမြို့နယ် တက္ကသိုလ်ဝင်တန်း (A)မှ မသဇင်နွယ်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ၁၂/ကခက(နိုင်) ၀၁၀၉၈၈ ဖြစ်ပါကြောင်း။



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်နယ်အစိုးရအဖွဲ့ရုံး**
**မွန်ပြည်နယ်**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်မော်လမြိုင်မြို့နယ် စုပေါင်းရုံးဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအား စိတ်ပါဝင်စားသူလိုင်စင်ရ ဆောက်လုပ်ရေးကုမ္ပဏီများ အနေဖြင့်အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်းနှင့် ဒေသခံကုမ္ပဏီအားဦးစားပေးမည် ဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်းမွန်ပြည်နယ် အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

၃။ **(က)တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၇-၂၀၁၅ ရက်
**(ခ)တင်ဒါပိတ်မည့်ရက်** - ၂၀-၈-၂၀၁၅ ရက်
**(ဂ)တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ
**(ဃ)ဆက်သွယ်ရမည့်ဖုန်းနံပါတ်** - ၀၅၇-၂၁၄၈၁၊ ၀၅၇-၂၄၇၃၀

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး**
**မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၁၄၈၁၊ ၀၅၇-၂၄၇၃၀**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်နယ်အစိုးရအဖွဲ့ရုံး**
**မွန်ပြည်နယ်**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အငှားအိမ်ရာစီမံကိန်းဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအား စိတ်ပါဝင်စားသူ လိုင်စင်ရဆောက်လုပ်ရေးကုမ္ပဏီများ အနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် ဒေသခံကုမ္ပဏီအား ဦးစားပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

၃။ **(က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၇-၂၀၁၅ ရက်
**(ခ) တင်ဒါပိတ်မည့်ရက်** - ၁၀-၈-၂၀၁၅ ရက်
**(ဂ) တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ
**(ဃ) ဆက်သွယ်ရမည့်ဖုန်း** - ၀၅၇-၂၁၄၈၁၊ ၀၅၇-၂၄၇၃၀

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး**
**မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၁၄၈၁၊ ၀၅၇-၂၄၇၃၀**



**အမွေပြတ်ကြော်ငြာ**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့ (၇)ရပ်ကွက်၊ စာတိုက်လမ်း၊ အမှတ်(၁၇) နေ ဦးမောင်အေး(ဘ)ဦးမောင်လှ (၁၄/ညတန(နိုင်)၀၉၁၃၈၈)နှင့်ဇနီး ဒေါ်ကျင်မြိုင်(ဘ) ဦးကြွယ်ဖြိုး(၁၄/ညတန(နိုင်) ၀၉၁၃၇၉)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြော်ငြာအပ်ပါသည်။

ဦးမောင်အေး+ဒေါ်ကျင်မြိုင်တို့၏သမီးဖြစ်သူ ဒေါ်သီတာ(၁၄/ညတန(နိုင်) ၀၉၁၃၉၁) သည် စီးပွားရေးနှင့်လူမှုရေးလုပ်ငန်းများတွင် ၄င်း၏သဘောဆန္ဒအတိုင်း ဆောင်ရွက်နေသူဖြစ်ပါသောကြောင့် မိဘများစိတ်ဆင်းရဲနေရသည့်အတွက် ယနေ့မှစ၍ အမွေခံသမီးအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့်ဒေါ်သီတာနှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းကို အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ (ဦးမောင်အေး) (ဒေါ်ကျင်မြိုင်)

လွှဲအပ်ညွှန်ကြားချက်အရ
ဦးရွှေထွန်း(စဉ်-အ/ထ-၆၃၇၄)
ဥပဒေအကျိုးဆောင်ကြီး
တရားမဥပဒေ +စာချုပ်စာတမ်းဥပဒေ
သက်သေခံဥပဒေ+အမွေဆက်ခံခြင်းဥပဒေ } ဂုဏ်ထူး
တိုက်(၂၃)၊ (ပ)ထပ်၊ ဦးဖိုးလမ်း၊ စမ်းချောင်းမြို့နယ်။
၀၉-၄၅၀၀၆၀၃၂၀၊ ၀၉-၄၃၁၄၂၅၈၈၊ ၀၉-၈၅၈၅၅၈၇

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်

**■ တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ-သူဇာနွယ်(ဖျာပုံ)**

မြန်မာနိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်အဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ စီမံကိန်းများကို တစ်နိုင်ငံလုံး အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် တရုတ်နိုင်ငံ CITIC Group နှင့် မြန်မာနိုင်ငံ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းကာ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာ ၅၀ ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ထူထောင်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် ၄င်းကျေးလက်ရန်ပုံငွေ ရွာ ၅၀ မှ ဒေသခံများအား CITIC Group၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံအစိုးရနှင့် CP ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ထားသည့် အောင်မြင်ပြီး ထိုင်း နိုင်ငံရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ စီမံကိန်း များသို့ လေ့လာရေးခရီး ပို့ဆောင်စဉ်နှင့် ကျောက်ဖြူမြို့နယ် အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းလုပ်ဆောင်ရာ နေရာသို့သွားရောက်ခဲ့သည်။ အဆိုပါစီမံကိန်းကို လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်ဖြူမြို့နယ် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ စီမံကိန်းနှင့်ပတ်သက်၍ ပြည်သူများသိရှိလေ့လာနိုင်ရေး အတွက် တာဝန်ရှိသူများအား မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ပါသည်။



**Mr. Frank Ma Chuanfu**

**ဒုတိယဉက္ကဋ္ဌ**

**CITIC ဆောက်လုပ်ရေးကုမ္ပဏီ**

**မေး ။ ။ရခိုင်ပြည်နယ် ကျောက်ဖြူကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ စီမံကိန်းစတင်ဆောင်ရွက်ဖြစ်ပုံနဲ့ လက်ရှိ ဆောင်ရွက်ထားမှုအခြေအနေ ပြောပြပေးပါ။**

ဖြေ။ ။ အခု ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး အမှန်တကယ် လိုအပ်နေတဲ့ ရွာ ၅၀ ကို အတတ်နိုင်ဆုံး စိစစ်ရွေးချယ်ပြီး စတင်အကောင်အထည်ဖော်နေပါပြီ။ အဲ့ဒီရွာ ၅၀ ကို တစ်ရွာ ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးပါတယ်။ အဓိကကတော့ ကျေးလက်နဲ့ကိုက်ညီမယ့် စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေမှာ အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ပါတယ်။

ကျွန်တော်တို့က ငွေကြေးစိုက်ထုတ်ပေးပြီး နည်းပညာတွေကိုတော့ CP ကုမ္ပဏီက ကူညီပေးပါတယ်။ သူတို့နဲ့ ပူးပေါင်းပြီးလုပ်ဖြစ်တာကလည်း CP အနေနဲ့ ထိုင်းနိုင်ငံမှာ အစိုးရနဲ့ပူးပေါင်းပြီး ကျေးလက်ရန်ပုံငွေ ထူထောင်ရေးလုပ်ငန်းတွေ အောင်မြင်နေတာ တွေ့ရတယ်။ ထိုင်းအစိုးရက ပြည်သူတွေရဲ့ လူမှုစီးပွားအဆင့်မြှင့်တင်ဖို့ အစီအစဉ်တစ်ရပ်အဖြစ် ဒီကျေးလက်ရန်ပုံငွေ စီမံကိန်းကို ၂၀၀၂ ခုနှစ်ကတည်းကစခဲ့တာပါ။ အခုအထိလည်း အောင်မြင်နေတယ်။

ဒါကြောင့် ဒီစီမံကိန်း ကျေးရွာတွေကလည်း CP နဲ့ပူးပေါင်းပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို အဓိကထားလုပ်ဆောင်နေကြတယ်။ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ စီမံကိန်းကျေးရွာ ၅၀ မှ ကျေးလက်ရန်ပုံငွေ ကော်မတီဝင်တွေကို နှစ်သုတ်ခွဲပြီး ထိုင်းနိုင်ငံရှိ CP က အကောင်အထည်ဖော်ဆောင်ရွက်ထားတဲ့ နေရာတွေကို သွားရောက်လေ့လာသင်ယူဖို့လည်း စီစဉ်ပေးခဲ့ပြီးပါပြီ။ မွေးမြူရေးပဲဖြစ်ဖြစ်၊ စိုက်ပျိုးရေးပဲဖြစ်ဖြစ်၊ ဆန်စက်လုပ်ငန်းပဲဖြစ်ဖြစ်၊ လက်ကားရောင်းဝယ်ရေးဆိုင်တွေပဲဖြစ်ဖြစ် အဓိကကတော့ ကျေးရွာမှာရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးတွေနဲ့ အများဆုံးဆက်စပ်နေပါတယ်။ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နဲ့ CP တို့တွေ့ဆုံချိန်မှာတင်ပြပြီး မြန်မာနိုင်ငံမှာ ဒီစီမံကိန်းတွေလုပ်ဖို့ တိုက်တွန်းခဲ့ပါတယ်။ ဒါ့ကြောင့် လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက CPက မြန်မာနိုင်ငံမှာ ကျေးလက်ရန်ပုံငွေ ရွာ ၅၀ စလုပ်ခဲ့ပါတယ်။

သူတို့ကတော့ မြန်မာပြည်အနှံ့သွားနိုင်တဲ့ ရွာတွေ ရွေးလိုက်ပါတယ်။ ထိုင်းမှာတော့ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်ကစခဲ့ပေမယ့် မြန်မာပြည်မှာတော့ အသစ်အဆန်းဖြစ်နေတယ်။ အဲ့ဒါ ကြောင့် CPက ကျေးလက်ရန်ပုံငွေမစမီ နှစ်နှစ်လောက် အချိန်ယူလေ့လာခဲ့တယ်။ ကျွန်တော်တို့ စတဲ့အချိန်မှာ တော့ ပိုလွယ်ကူလာတယ်။ ဘာလို့လဲဆိုတော့ CP က မြန်မာပြည်မှာ အရင်စခဲ့တဲ့အတွက် သူတို့ရဲ့ အတွေ့အကြုံတွေက ကျွန်တော်တို့စတဲ့အချိန်မှာ အထောက်အကူ ဖြစ်ခဲ့တယ်။ အခုကျွန်တော်တို့လုပ်ငန်းစတာ တစ်နှစ်မပြည့်သေးခင်မှာပဲ လုပ်ငန်းစလို့ရနေပြီ။ မကြာခင် လုပ်ငန်းပြီးမြောက်တော့မှာပါ။ သူတို့ရဲ့အတွေ့အကြုံတွေကြောင့် ပိုပြီးလွယ်ကူတယ်လို့ ပြောလို့ရပါတယ်။

အခု ကျွန်တော်တို့လုပ်ငန်းက ပထမအဆင့် ပညာပေးသင်တန်းတွေ ပြီးဆုံးသွားပါပြီ။ သူတို့ကျေးရွာ အသီးသီးရဲ့ ဘဏ်စာရင်းထဲမှာ ရန်ပုံငွေကျပ် သိန်း ၃၀၀ စီ ထည့်ပေးပြီးသွားပါပြီ၊ ငွေလည်း စချေးပေးနေပြီး တချို့ရွာတွေဆိုရင် နှစ်သုတ်ပေးပြီးသွားပါပြီ။ နောက်ရွာတွေကိုလည်း အမြန်ဆုံးထုတ်ပေးနိုင်ဖို့ ကော်မတီဝင်တွေက စီစဉ်နေကြပါတယ်။

နောက်တစ်ဆင့် အနေနဲ့ ကျွန်တော်တို့က အခွင့်အရေးရခဲ့ရင် ဒီစီမံကိန်းရွာ ၅၀ ကို ကွင်းဆင်း ကြည့်ရှုပြီး အောင်မြင်တဲ့ရွာတွေကို အားပေးမှာဖြစ်သလို အဆင်မပြေ ခက်ခဲနေတဲ့ရွာကိုလည်း ရန်ပုံငွေမပျောက်ပျက်အောင် ထိန်းသိမ်းရမယ့် နည်းလမ်းတွေ၊ လိုအပ်တဲ့ သင်တန်းအသိပညာ အကြံဉာဏ်တွေ ထပ်မံပံ့ပိုးကူညီစောင့်ရှောက်ပေးဖို့ရှိပါတယ်။

လက်ရှိအချိန်မှာ ကျွန်တော်တို့ တရုတ်ပြည်မှာလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းတွေ အထူးအောင်မြင်နေပါတယ်။ အကယ်၍ အခွင့်အရေးရခဲ့ရင် တရုတ်ပြည်က စံပြကျေးရွာခေါင်းဆောင်တွေကို ရွာအထိဖိတ်ခေါ်ပြီး ကျေးလက်ရန်ပုံငွေ အတွေ့အကြုံတွေမျှဝေဖို့ စီစဉ်ပေးချင်ပါတယ်။ ထိုင်းနိုင်ငံမှာ အောင်မြင်နေတဲ့ စံပြကျေးရွာ ကိုယ်စားလှယ်တွေကို ဖိတ်ခေါ်ပြီး အတွေ့အကြုံ ဖလှယ်နိုင်ရေးအတွက် စီစဉ်ပေးဖို့ရှိပါတယ်။ အခု ကျောက်ဖြူကျေးလက်စီမံကိန်း ရွာ ၅၀ က ထူးချွန်တဲ့ ကိုယ်စားလှယ်တွေကိုလည်း သွားရောက်လေ့လာနိုင်ဖို့၊ နှစ်ဦးနှစ်ဖက် အပြန်အလှန် နီးနီးနှောဖလှယ်နိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒါမှသာ မတူညီတဲ့ ယဉ်ကျေးမှုတွေကိုလည်း အပြန်အလှန် နားလည်လာနိုင်ဖို့လည်း ရည်ရွယ်ပါတယ်။

အခု ဒီစီမံကိန်းကို အကောင်အထည်ဖော်ရာမှာ တချို့နေရာတွေဆို လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့အတွက် ကျွန်တော်တို့ သွားအားပေးဖို့ ခက်ခဲနေတာတွေရှိပါတယ်။ ဒါပေမယ့် တရုတ်စကားပုံတစ်ခုရှိပါတယ်။ "အပင်ပန်းမရှိဘဲ ဘယ်တော့မှ ငြိမ်းငြိမ်းချမ်းချမ်း နေလို့မရ"ဆိုသလိုပဲ ကျွန်တော်တို့အနေနဲ့ ဘယ်လိုအခက်အခဲပဲရှိရှိ ဒီစီမံကိန်းအောင်မြင်အောင် အစွမ်းကုန် ဆက်လက်ကြိုးစားလုပ်ဆောင်သွားမှာပါ။

**မေး။ ။ CITIC Group အနေနဲ့ မြန်မာတစ်နိုင်ငံလုံးရှိ ကျေးရွာများအနက် ဒီရခိုင်ပြည်နယ် ကျောက်ဖြူဒေသကိုမှ စီမံကိန်းဒေသအဖြစ် ဘာ့ကြောင့် ရွေးချယ်ဖြစ်တာပါလဲ။**

ဖြေ။ ။ ကျွန်တော်တို့ CITIC Groupကို တရုတ်ပြည် တံခါးဖွင့်ဝါဒစတဲ့အချိန် ၁၉၇၉ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တာပါ။ အဲ့ဒီအချိန်တုန်းက တရုတ်လူမျိုးတွေက အပြင်လောကမှာ ဘာတွေဖြစ်နေတယ်ဆိုတာ လုံးဝမသိကြဘူး။ အဲ့ဒီတော့ တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ၊ စက်မှုလုပ်ငန်းသုံးကိရိယာတွေ၊ နည်းပညာတွေတိုးတက်ဖို့ လိုအပ်တာတွေ သိလာတယ်။ အဲ့လိုအချိန်မှာ ကျွန်တော်တို့ CITIC Group ရဲ့ ရည်ရွယ်ချက်က စျေးကွက်ထိုးဖောက်မှုရရှိဖို့၊ တရုတ်နိုင်ငံနဲ့ တခြားအနောက်နိုင်ငံတွေ ဆက်ဆံရေးအတွက် တံတားတစ်စင်းသဖွယ်ဖြစ်စေဖို့ ရည်ရွယ်ဖွဲ့စည်းဖြစ်ခဲ့ပါတယ်။

အခုဆိုရင် CITIC Group ရဲ့ သက်တမ်းက အနှစ် ၃၀ ကျော် အတွေ့အကြုံရှိနေပါပြီ။ ဒါပေမယ့် စျေးကွက်ကို ဘယ်လောက်ပဲ နားလည်နားလည် အဓိကကတော့ ကျွန်တော်တို့မှာ ယုံကြည်ချက်တစ်ခုထားရှိပါတယ်။ အဲ့ဒါကတော့ သူတစ်ပါးကို ဖြူစင်တဲ့နှလုံးသားနဲ့ ဆက်ဆံနိုင်ရေးပါ။ ဘယ်နိုင်ငံ ဘယ်ဒေသပဲရောက်ရောက် စီးပွားရေးလုပ်မယ်ဆိုရင် အရင်ဆုံးစဉ်းစားရမှာက လက်ရှိဒေသခံတွေရဲ့ လူနေမှုအဆင့်၊ သူတို့အတွက် အကျိုးအမြတ်၊ ဒေသဖွံ့ဖြိုးဖို့ အရင်ဆုံး ကြိုးစားပေးဖို့ပါပဲ။ CITIC ကို ပထမဆုံးတည်ထောင်ခဲ့တဲ့ ခေါင်းဆောင်ကလည်း လူမှုရေးတာဝန်တွေကို အများကြီးသင်ပေးခဲ့တယ်။ လူမှုရေးလုပ်ငန်းတွေက ဝန်ထမ်းအားလုံးကို စိတ်သဘောထား ပြည့်ဝစေတယ်လို့ ယုံကြည်ထားတယ်။ တရုတ်နိုင်ငံမှာလည်း နေရာအနှံ့ ဆေးရုံ၊ ဆေးခန်း၊ ကျောင်းတွေ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းတော်တော်များများကို လုပ်ပေးခဲ့တယ်။

တိဗက်နဲ့ ယူနန်ပြည်နယ်မှာလည်း ဆင်းရဲတဲ့ရွာတွေ ဆင်းရဲမှု ပပျောက်အောင် လုပ်ပေးပါတယ်။ တရုတ်ပြည်သာမက အိမ်နီးချင်းနိုင်ငံတွေမှာလည်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်ပေးနေပါပြီ။ ဒါ့အပြင် ကျွန်တော်တို့ ရုံးရှိတဲ့ နိုင်ငံတွေမှာလည်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းတွေ အများကြီး လုပ်ဆောင်ပါတယ်။ မြန်မာပြည်မှာလည်း ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာ လုပ်ငန်းတွေ လုပ်ဆောင်ခဲ့တာ အခုအထိပါပဲ။ ဥပမာအားဖြင့် စက်မှုဇုန်၊ ရေအားလျှပ်စစ်၊ စတဲ့လုပ်ငန်းတွေ ပါဝင်ပါတယ်။

အဲ့ဒီလို လုပ်ငန်းအတွေ့အကြုံတွေကြောင့် ကျွန်တော်တို့အနေနဲ့ လူမှုဖွံ့ဖြိုးရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေမှာ ပိုပြီးတာဝန်ရှိလာပါတယ်။

ဒီကျောက်ဖြူ ကျေးလက်ရန်ပုံငွေစဖြစ်တဲ့ အကြောင်းကတော့ ၂၀၀၉ ခုနှစ်ကတည်းက မြန်မာပြည်နဲ့ CITIC Group တို့ ကျောက်ဖြူဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ဖို့ စာချွန်လွှာလက်မှတ်ရေးထိုးထားပါတယ်။ စာချွန်လွှာထဲမှာ အဓိကက CITIC က ဦးဆောင်ပြီး ကျောက်ဖြူစီးပွားရေးဇုန် ထူထောင်ရေး ကူညီပေးဖို့ဆိုတဲ့အချက်ပါပါတယ်။

အခု စာချွန်လွှာအတိုင်း ကျွန်တော်တို့က ကျောက်ဖြူဒေသမှာ လိုအပ်တဲ့ အချက်အလက်တွေ သုတေသနလုပ်ပြီး မြန်မာအစိုးရကို တင်ပြထားပြီးပါပြီ။ အဲလိုတင်ပြပြီးနောက်ပိုင်း ၂၀၁၁ ခုနှစ်မှာ မြန်မာနိုင်ငံနဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ ဆွေးနွေးခဲ့ချိန်မှာ အခက်အခဲအမျိုးမျိုးကြောင့်ကျောက်ဖြူစီးပွားရေးဇုန်စီမံကိန်းကို ခေတ္တရပ်နားထားခဲ့ရပါတယ်။

၂၀၁၃ ခုနှစ် ကုန်ခါနီးမှာတော့ ကျောက်ဖြူစီးပွားရေးဇုန်ကို နိုင်ငံတကာတင်ဒါခေါ်ဖို့ ကြော်ငြာခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ ကျွန်တော်တို့ CITIC Group အနေနဲ့ လုပ်ငန်းချင်း ဆက်စပ်နေတဲ့ နိုင်ငံတကာကုမ္ပဏီတွေနဲ့ လက်တွဲပြီး ကျောက်ဖြူရေနက် ဆိပ်ကမ်းတင်ဒါကို ဝင်ပြိုင်လိုက်ပါတယ်။ ဒီတင်ဒါကို ပြည်တွင်းပြည်ပ ကုမ္ပဏီတွေလည်း ဝင်ရောက်ယှဉ်ပြိုင်ထားတယ်လို့ သိရပါတယ်။

ကျွန်တော်တို့အနေနဲ့ တင်ဒါဝင်ပြိုင်ဖို့ စိတ်ကူးလိုက်ပြီဆိုကတည်းက ဒေသပတ်ဝန်းကျင်ရှိ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းတွေကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ CP ကလည်း ကျွန်တော်တို့ အစုရှယ်ယာဝင်ဖြစ်တဲ့အတွက် သူတို့နဲ့ပူးပေါင်းပြီး ဒီကျောက်ဖြူကျေးလက် ရန်ပုံငွေ စီမံကိန်းကို စတင်ခဲ့တာပါ။ ပြီးခဲ့တဲ့ အောက်တိုဘာလပိုင်းက တရုတ်နိုင်ငံဝန်ကြီးချုပ် မြန်မာနိုင်ငံကို လာလည်ချိန်မှာ ဒီကျေးလက်ရန်ပုံငွေ စီမံကိန်းအတွက် နိုင်ငံတော်သမ္မတဦးသိန်းစိန်ရှေ့မှာပဲ နှစ်ဦး နှစ်ဖက် လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီစီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးဌာနနဲ့ တွဲဖက်လုပ်ဆောင်ရမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ငွေကြေးရန်ပုံငွေကို ကျွန်တော်တို့ CITIC က တာဝန်ယူထုတ်ပေးပြီး စိုက်ပျိုးမွေးမြူရေး နည်းပညာတွေကို CPကကူညီပေးသွားမှာပါ။

*စာမျက်နှာ ၁၆ သို့*

## စမ်းချောင်းမြို့နယ်၌ စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် UNITED SANCH-AUNG CHESS CLUB (၈)ကြိမ်မြောက် စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၁၉ ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း ခန်းမ၌ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် စမ်းချောင်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမင်းအောင် (အလုပ်အမှုဆောင်အဖွဲ့ဝင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်)က ပထမရွှေ့ကွက်ကိုရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲများကို ဇူလိုင် ၂၅ ရက်အထိ ညနေ ၆ နာရီမှ ည ၉ နာရီအထိ နေ့စဉ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၇)**



## ဘော်လီဘောနှင့်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

**ပင်းတယ ဇူလိုင် ၂၂**

TSDP အစီအစဉ်အရ ကျင်းပသည့် ၂၀၁၅ ခုနှစ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌဖလားရပ်ကွက်၊ ကျေးရွာအုပ်စုလိုက် အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်း၊ ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကိုဇူလိုင် ၂၀ ရက် နံနက် ၁၁ နာရီက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ထို့နောက် ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုကို ပင်းတယမြို့နယ် တောင်ပေါ်ကြီးကျေးရွာ၊ ဒုတိယဆုကို ရွာငံမြို့နယ် ကျွန်းကြီးကျေးရွာနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုများကို ရွာငံမြို့နယ် စျေးတန်းရပ်ကွက်နှင့် ရေဦးကျေးရွာတို့ကရရှိခဲ့ပြီး ဆုများကို ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌဦးထူးကိုကိုက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

# မိတ္ထီလာဖောင်တော်ဦးဘုရားပွဲ စည်စည်ကားကားကျင်းပမည်



**မိတ္ထီလာ ဇူလိုင် ၂၂**

ယခုနှစ်တွင် မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၏ ဩဝါဒခံယူ၍ မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှု၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်ကွပ်ကဲမှု၊ ဂေါပကအဖွဲ့နှင့် ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ လုံခြုံရေးတာဝန်ယူမှုတို့ဖြင့် နှစ်နှစ်တိုင် မကျင်းပခဲ့သည့် မိတ္ထီလာမြို့ သမိုင်းဝင်ဖောင်တော်ဦး စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ကုန်းပွဲ၊ ရေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မိတ္ထီလာမြို့တွင် ရှေးမင်းများ တည်ထားကိုးကွယ်ခဲ့သည့် သမိုင်းဝင် ဘုရားစေတီ ၂၃ ဆူရှိသည်။ ထိုဘုရားစေတီများအနက် မြို့မလေးရပ်မင်းရပ်နယ်မြေရှိ အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ဖောင်တော်ဦးစေတီတော်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ (၁၃၀)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တော်သလင်းလဆန်း ၁၀ ရက်မှ တော်သလင်းလပြည့်နေ့အထိ ကျင်းပမည်ဖြစ်ရာ မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ၊ ဆွမ်းသပိတ်ပွဲ၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲများဖြင့် ထည့်သွင်းပါဝင်မည်ဖြစ်သည်။

နယ်လှည့် ဈေးသည်များကလည်း ဆိုင်ခန်းများအတွက် ဂေါပကအဖွဲ့နှင့်ဆက်သွယ်၍ ဆိုင်ခန်းများဖြတ်ယူနိုင်ကြောင်း သိရသည်။ မိတ္ထီလာ နယ်လူထုကလည်း ဖောင်တော်ဦးဘုရားပွဲ ကျင်းပခြင်းဖြင့် ရာသီဥတုကောင်းမွန်ခြင်း၊ မိုးလေဝသမှန်ကန်ခြင်း၊ သီးနှံအထွက်တိုးခြင်းစသည့် ဝိသေသနလက္ခဏာများ ရှိခဲ့ခြင်းတို့ကြောင့် ဖောင်တော်ဦးဘုရားပွဲ ကျင်းပမည်ကို ဝမ်းမြောက်ဝမ်းသာကြိုဆိုနေကြသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ယဉ်ကျေးလိမ္မာနှစ်ပတ်လည်နေ့ ဆုချီးမြှင့်

**လယ်ဝေး ဇူလိုင် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကြောင်ရေစံပြကျေးရွာ ရွာလယ်ကျောင်းတိုက်တွင် တနင်္ဂနွေနေ့အပတ်စဉ် ဗုဒ္ဓဓမ္မကျောင်းတော် ယဉ်ကျေးလိမ္မာသင်တန်း ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နိဂြောဓာရုံကျောင်းတိုက်ဆရာတော် ဦးပညာသီရိထံမှ ငါးပါးသီလခံယူတည်ဆောက်ပြီးနောက် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသူ သင်တန်းသား သင်တန်းသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥတ္တရာမြေ)**



**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

# မိုးကြိုချည်မျှင်ရှည်ဝါ တောင်သူပညာပေးစိုက်ကွင်း သရုပ်ပြပွဲကျင်းပ

**ကျောက်ဆည် ဇူလိုင် ၂၂**

မိုးကြိုချည်မျှင်ဝါ ထွက်နှုန်းကောင်းမွန်ရေးနှင့် အရည်အသွေးပြည့်မီသော ချည်မျှင်ဝါများရရှိစေရေးအတွက် ကျောက်ဆည်မြို့နယ် စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးမှူးကာ ဇူလိုင် ၂၀ ရက်က မှိုင်းပန်ကျေးရွာကွင်း တောင်သူဦးမောင်အေး၏ ရွှေတောင်(၈)နှင့် ငွေချည်(၉)ဝါမျိုးများ စိုက်ခင်းသုံးဧကတွင် တောင်သူပညာပေးစိုက်ခင်းကွင်းသရုပ်ပြပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲတွင် မန္တလေးတိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးထွန်းဝင်းက မျိုးကောင်းမျိုးသန့် ရွေးချယ်ရေး၊ အဓိကလိုအပ်သည့် ယူရီးယား၊ တီစူပါ၊ ပိုတက်မြေဩဇာများအပြင် အခြားလိုအပ်သည့် အာဟာရဓာတ်များဖြစ်သည့် ကယ်လစီယံ၊ မဂ္ဂနီဆီယမ်၊ ဆာလဖာ၊ ဘိုရွန်၊ ဇင့်နှင့် ကြေးနီဓာတ်များပါဝင်သည့် ရွက်ဖျန်းမြေဩဇာများ သုံးစွဲရန်လိုအပ်ကြောင်းဆွေးနွေးပြီး ကျောက်ဆည်ခရိုင်ဦးစီးမှူး ဦးကျော်သူရိန်က မျိုးကောင်းမျိုးသန့် ရွှေတောင်(၈)၊ ငွေချည်(၉)နှင့် ငွေချည် (၆)မျိုးများကို တောင်သူများ လိုသလောက်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များကိုလည်း စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနမှ သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများက ကွင်းဆင်းပညာပေးလျက်ရှိကြောင်း၊ တောင်သူများ ဝါစိုက်ပျိုးမှုနှင့် ပတ်သက်သည့် လိုအပ်ချက်များကို အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်ကြောင်း ဆွေးနွေးပြီး ပညာပေးစိုက်ကွင်းအတွင်း လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

ကျောက်ဆည် မြို့နယ်အတွင်းတွင် မိုးကြိုချည်မျှင်ရှည်ဝါကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဧက ၂၀၀ စိုက်ပျိုးရန် လျာထားခဲ့ပြီး ၂၉၇ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



*စာမျက်နှာ ၁၅ မှ*

ဘာပဲဖြစ်ဖြစ် ဒီကျောက်ဖြူဒေသ ကျေးရွာရန်ပုံငွေ စီမံကိန်းကတော့ သမ္မတဦးသိန်းစိန်ကိုယ်တိုင် တစ်ပြည်လုံးအတိုင်းအတာနဲ့ ဖော်ဆောင်နေတဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကို တစ်စိတ်တစ်ဒေသ အထောက်အကူပြုပါဝင်နိုင်လိမ့်မယ်လို့ အပြည့်အဝယုံကြည်ထားပါတယ်။

**မေး။ ။ CITIC Group အနေနဲ့ အကယ်၍များ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း တင်ဒါမအောင်ခဲ့ရင် မြန်မာပြည်မှာ အခုလုပ်နေတဲ့ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းတွေ ရပ်ပစ်မှာလား ဆက်လုပ်သွားမှာလား သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း တင်ဒါဝင်ပြိုင်ထားတာတော့ မှန်ပါတယ်။ ကျိန်းသေရမယ်လို့တော့ မရည်ရွယ်ထားပါဘူး။ အကယ်၍တင်ဒါမရခဲ့ရင်လည်း ကျွန်တော်တို့ CITIC ရဲ့ မူလရည်ရွယ်ချက်အတိုင်း မြန်မာပြည်တစ်ဝန်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆက်လုပ်သွားမှာပါ၊ ဒီဒေသမှာ လုပ်ငန်းရခဲ့မယ်ဆိုရင်တော့ ဒီဒေသနဲ့ဆိုင်တဲ့ လိုအပ်တဲ့ ဆေးရုံ၊ ဆေးခန်း၊ ကျောင်းတွေ လှူဒါန်းနိုင်ဖို့ ရည်ရွယ်ထားပါတယ်။ ပြည်ထောင်စုဝန်ကြီးရုံးနဲ့ သက်ဆိုင်သူတွေနဲ့ ဆွေးနွေးတဲ့အခါ အကြိမ်ကြိမ်ပြောပါတယ်။ တချို့ရွာတွေ လမ်းပန်းဆက်သွယ်ရေးမကောင်းဘူး၊ တချို့သောက်သုံးရေမလုံလောက်ဘူး စတဲ့အကူအညီတွေ လိုအပ်တယ်လို့ ပြောပြထားပါတယ်။ ကျွန်တော်တို့အနေနဲ့နောက်ပိုင်းမှာ အဲ့ဒီအခက်အခဲတွေကို တစ်စိတ်တစ်ပိုင်း ဖြေရှင်းပေးနိုင်ဖို့ကြိုးစားနေပါတယ်။ အခက်အခဲမျိုးစုံများနေတဲ့ အချိန်မှာ သူတစ်ပါးကူညီလှူဒါန်းမှုကို အားကိုးနေရင် ပြဿနာအားလုံး တစ်ပြိုင်နက်တည်း ဖြေရှင်းနိုင်ဖို့မလွယ်ဘူး။ အဲဒီတော့ ဒေသဖွံ့ဖြိုးရေးအစီအစဉ်တွေ လုပ်မှ ရနိုင်မယ်။

ဥပမာအားဖြင့် စက်မှုလက်မှုထွန်းကားရေး၊ စက်ရုံအလုပ်ရုံတည်ဆောက်ရေး၊ စက်မှုဇုန်တွေ တည်ထောင်နိုင်မှ ပတ်ဝန်းကျင်ရှိလူတွေ အလုပ်အကိုင်ရရှိ ဖွံ့ဖြိုးလာမယ်၊ နယ်ခံပြည်သူလူထုတွေကို လုပ်ငန်းရအောင် ဖန်တီးပေးနိုင်မှ ဝင်ငွေတိုးလာမယ်၊ ဝင်ငွေတိုးလာမှ ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာပါလိမ့်မယ်။ အဲ့ဒီအခါကျမှ ဒေသတစ်ခုလုံး ဖွံ့ဖြိုးသာယာမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း နိုင်ငံတစ်ဝန်းစီးပွားရေးဇုန်သုံးဇုန် သတ်မှတ်ပေးထားပါတယ်။ အဲ့ဒီထဲမှာ ကျောက်ဖြူဒေသလည်းပါဝင်နေတော့ ဒေသခံတွေအတွက် ဝမ်းသာဂုဏ်ယူစရာပါ။ အစိုးရပဲဖြစ်ဖြစ်၊ ဒေသခံပြည်သူတွေပဲဖြစ်ဖြစ် ကမ္ဘာ့အဆင့်မီပြီး လူမှုရေးလုပ်ငန်းတာဝန်ကျေတဲ့ နိုင်ငံတကာကုမ္ပဏီတွေကို ရွေးချယ်ပါမှ ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

ပြည်သူတွေရဲ့ ကောင်းတဲ့ရွေးချယ်မှုအပေါ်မှာ မူတည်ပါတယ်။ ကောင်းတဲ့ကုမ္ပဏီဝင်လာမှ ဒေသတစ်ခုလုံး ပတ်ဝန်းကျင်သာယာမှုရှိပါလိမ့်မယ်။ မြန်မာအစိုးရပဲဖြစ်ဖြစ်၊ ဒေသခံပြည်သူတွေပဲဖြစ်ဖြစ် အကောင်းဆုံးကုမ္ပဏီကို ရွေးချယ်ပေးလိမ့်မယ်လို့ ကျွန်တော်တို့လည်း ယုံကြည်ပါတယ်။

ကျွန်တော်တို့ရဲ့ တရုတ်သမ္မတကြီးကိုယ်တိုင် ကုမ္ပဏီကြီးတွေကို မှာထားတာရှိပါတယ်။ ဘယ်နိုင်ငံပဲရောက်ရောက် စီးပွားရေးလုပ်ဆောင်တဲ့အခါ ဒေသခံအစိုးရ၊ ဒေသခံပြည်သူလူထုရဲ့ တောင်းဆိုချက်နဲ့ ကိုက်မယ့်အလုပ်၊ ဒေသခံအကျိုးများများရရှိမယ့် အလုပ်လုပ်ပေးဖို့ မှာထားပါတယ်၊ အခုကျွန်တော်တို့ လုပ်ငန်းလုပ်ကိုင်ရာမှာလည်း နယ်ခံတွေရဲ့ ယဉ်ကျေးမှု ဓလေ့တွေကို ဒီထက်ပိုလေ့လာပြီး ပိုကောင်းအောင် လုပ်ဖို့မှာထားပါတယ်။ ကျွန်တော်တို့ရဲ့ တာဝန်ပိုင်းမှာလည်း ဒေသဖွံ့ဖြိုးရေးကို အထူးအလေးပေးလုပ်ဆောင်သွားမှာပါ။

**မေး။ ။ အခုလက်ရှိလုပ်ကိုင်နေတဲ့ ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေစီမံကိန်းအပေါ် ဘယ်လောက်အထိ မျှော်လင့်ထားပါသလဲ။**

ဖြေ။ ။ လုပ်ငန်းလုပ်ရင်တော့ အရှုံးအမြတ်နှစ်ခုစလုံးကို လက်ခံနိုင်ရပါမယ်။ တချို့ရွာကော်မတီဝင်တွေ တော်ကြတယ်။ လုပ်လည်းလုပ်နိုင်တယ်။ ထိုင်းနိုင်ငံမှာလည်း ဒီလိုပါပဲ။ ဥပမာ ထိုင်းမှာဆိုရင် ထိုင်းအစိုးရရဲ့ (၁၄)နှစ် အတွေ့အကြုံအရ အောင်မြင်မှု ၄၀ ရာခိုင်နှုန်း၊ တိုးတက်မှုနှေးကွေးတာ ၄၀ ရာခိုင်နှုန်း၊ ကျဆုံးတာ ၂၀ ရာခိုင်နှုန်း လောက်ရှိတယ်လို့ ပြောပါတယ်။ ကျရှုံးတာလည်း အကြောင်းအရင်းအမျိုးမျိုး ရှိပါတယ်။ ဒီရန်ပုံငွေအောင်မြင်ခြင်းဟာ ကျေးရွာကော်မတီဝင်တွေအပေါ် မူတည်နေတော့ ပညာရေးခံယူချက်အားနည်းလို့ ကျရှုံးခဲ့ရင်လည်း ရန်ပုံငွေထပ်ပေးတဲ့နည်းမဟုတ်ဘဲ ဆင်းရဲမှုလျှော့ချဖို့ နည်းလမ်းတွေရှိပါသေးတယ်။ ရန်ပုံငွေပေးလှူတယ်ဆိုတာလည်း နှစ်မျိုးရှိပါတယ်။ ပထမတစ်မျိုးက မတတ်နိုင်တဲ့သူကို ကူညီတဲ့အလှူပါ၊ နောက်တစ်မျိုးက အားဖြည့်ပေးတဲ့အလှူပါ။ အခုကျေးရွာ ရန်ပုံငွေပေးလှူတယ်ဆိုတာက ဒီငွေယူပြီး ပိုတိုးပွားတိုးတက်အောင်လုပ်ဖို့ပေးတဲ့ အားပေးတဲ့အလှူမျိုးပါ။ ကုန်အောင်သုံးပစ်ဖို့ပေးတဲ့အလှူမျိုးမဟုတ်ပါဘူး။

ဒီရန်ပုံငွေတိုးပွားဖို့နဲ့ တိုးပွားလာခဲ့ရင်လည်း မိမိကျေးရွာဖွံ့ဖြိုးရေးအတွက် မိမိတို့ကိုယ်တိုင် အသုံးချလုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။ အောင်မြင်တယ်၊ ကျရှုံးတယ်ဆိုတာကတော့ အချိန်ယူပြီးကြည့်ရမယ့်အရာပါ အချိန်တိုအတွင်း မသိနိုင်ပါဘူး။ အဓိကကတော့ ကိုယ့်စွမ်းအစနဲ့ ကျေးရွာထူထောင်နိုင်ဖို့ အားပေးပါတယ်။ လုပ်နေရင်း လမ်းလွဲသွားရင်လည်း ကျွန်တော်တို့အနေနဲ့ ဝိုင်းဝန်းတည့်မတ်ပေးဖို့ ကြိုးစားပါ့မယ်။ နိုင်ငံတော်အစိုးရရော ပြည်သူရော ကျွန်တော်တို့နဲ့အတူ အောင်မြင်အောင် ဝိုင်းဝန်းဖော်ဆောင်ကြမယ်လို့ ယုံကြည်ထားပါတယ်။

# ကျေးရွာဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်



**ကော့ကရိတ် ဇူလိုင် ၂၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ဇူလိုင်၂ ရက်က မြန်မာ့တပ်မတော်နှင့် နယ်ခြားစောင့်တပ်(BGF)တပ်ဖွဲ့များက နယ်မြေရှင်းလင်းမှုဆောင်ရွက်စဉ် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)ခွဲထွက် (KKO)အဖွဲ့တို့ ထိတွေ့မှုဖြစ်ပွားပြီးနောက် အနီးရှိ ကောင်းမှုကျေးရွာနှင့် ဇော်ဟဲကျေးရွာမှ စိုးရိမ်စိတ်ဖြင့် ခေတ္တနေရပ်စွန့်ခွာခဲ့သည့် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများကို ဇူလိုင် ၂၀ ရက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

ရန်ကုတ်ကျေးရွာအုပ်စု လှိုင်စိမ်းကျေးရွာရှိ မိကျောင်းကုန်းဘုန်းတော်ကြီးသို့ ရှောင်တိမ်းရောက်ရှိနေသည့် ကောင်းမှုကျေးရွာနှင့် ဇော်ဟဲကျေးရွာများမှ ပြည်သူများအား ကရင်ပြည်နယ်အစိုးရအဖွဲ့၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် နယ်ခြားစောင့်တပ်(BGF)တပ်ဖွဲ့တို့က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဒေသခံပြည်သူ အိမ်ထောင်စု ၅၈ စုအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်အိတ် ၅၈ အိတ်၊ ခေါက်ဆွဲဖာအကြီး ၁၀ ဖာ၊ စားသုံးဆီ တစ်လီတာဝင် ၁၂ ဘူးပါ ငါးဖာ၊ ကြက်ဥအလုံး ၃၀ ပါ ဖာ ၄၀တို့ကို ပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများအတွက်လည်း ဗလာစာအုပ် ၅၆၀၊ လက်ရေးလှစာအုပ် ၅၆၀ အုပ်၊ ကျောပိုးလွယ်အိတ် ၅၆ အိတ်၊ ကျောက်သင်ပုန်းပိုက်ဘုတ်နှင့် ဘလက်ဘုတ် သုံးချပ်စီတို့ကို ကော့ကရိတ်ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့မိမြို့ဖများက ပေးအပ်ခဲ့ကြသည်။

နယ်မြေခံတပ်မှ အရာရှိများနှင့် နယ်ခြားစောင့် တပ်(BGF) တပ်နယ်(၃)မှ တပ်နယ်မှူး၊ အရာရှိများက စုပေါင်းလှူဒါန်းသော ကွေကာအုပ် တစ်ဖာ၊ အကြော်စုံတစ်ဖာ၊ မုန့်ခြောက်တစ်ဖာ၊ လိမ္မော်အချိုရည် ခြောက်ဖာနှင့် သံဘူးအချိုရည် ငါးကတ်ကိုလည်း နယ်မြေခံတပ်မှ ဒုတိယတပ်မမှူး၊ နယ်ခြားစောင့်တပ်(BGF)တပ်နယ်(၃)မှ တပ်နယ်မှူးတို့က ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် ကော့ကရိတ်မြို့ ခရိုင်ပြည်သူ့ဆေးရုံမှ ဆရာဝန်များ၊ ဆေးဝန်ထမ်းများနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်မြေပြင်ဆေးတပ်ခွဲမှ ဆေးတပ်ဖွဲ့ဝင်များက ကျေးရွာနေ ဒေသခံပြည်သူများအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

## ဧက ၄၄၀ အဆင့်မြင့်စံပြစိုက်ကွင်း၌ စုပေါင်းမျိုးစေ့ချပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်ရှိ အလျင်လို ဧက ၄၄၀ အဆင့်မြင့် စံပြစိုက်ခင်း၌ ပုလဲသွယ်စပ်မျိုး GW 1 တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ GW 1, F 1 မျိုးစေ့ထုတ်စိုက်ခင်းများအတွက် မျိုးစေ့ချပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ ဇူလိုင် ၂၀ရက်က ပြုလုပ်သည်။

နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဦး၊ နေပြည် တော် ဒက္ခိဏခရိုင်ဦးစီးမှူး ဒေါ်အေးအေးမြင့်၊ ပျဉ်းမနားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှငြိမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းကိုစိတ်ဝင်စားသော အလျင်လိုကျေးရွာနှင့် ဝန်းကျင်ကျေးရွာများမှ တောင်သူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံတောင်သူများစုပေါင်း၍ မျိုးစေ့ချစိုက်ပျိုးခဲ့ကြသည်။

၂၀၁၅-၂၀၁၆ မိုးစပါးရာသီတွင် နေပြည်တော်ပျဉ်းမနားမြို့နယ်၌ မိုးစပါးဧက ၁၆၁၇၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကာရန်ခ**

## လူကုန်ကူးမှု အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ချင်းရွှေဟော် ဇူလိုင် ၂၂**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို လားရှိုးမြို့မှ ချင်းရွှေဟော်နှင့် လောက်ကိုင်မြို့များသို့ ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်လိုင်းများ၌ ဇူလိုင် ၂၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ်(၁၇) တပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ်(၂) ချင်းရွှေဟော်မှ တပ်ဖွဲ့ဝင်များက ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့်အတူ ချင်းရွှေဟော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ချင်းရွှေဟော်-လောက်ကိုင်လမ်းဆုံ၌ စောင့်ဆိုင်း၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လားရှိုးမြို့မှ ချင်းရွှေဟော်နှင့် လောက်ကိုင်မြို့များသို့ ပြေးဆွဲနေသည့် ခရီးသည်တင် မော်တော်ယာဉ်များပေါ်ပါ ခရီးသွားပြည်သူများအား လူကုန်ကူးမှုဆိုင်ရာများ အသိပညာပေးဆွေးနွေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပြေးဆွဲနေသော မော်တော်ယာဉ်များတွင် လူကုန်ကူးမှုနှင့်ပတ်သက်၍ မသင်္ကာဖွယ်တွေ့ရှိပါက သတင်းပေးပို့နိုင်သည့် ဖုန်းနံပါတ်နှင့် စတေကာများကပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ပြည်သူလူထုအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူများပါ ပူးပေါင်းဆောင်ရွက်နိုင်စေရန်နှင့် နယ်စပ်ထွက်ပေါက်များမှ တစ်ဆင့် တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများနှင့် ဒေသခံပြည်သူများ လူကုန်ကူးမခံရစေရန်ရည်ရွယ်၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**




## မြို့နယ်အားကစားမြှင့်တင်ရေးအစီအစဉ်အရ ကျိုက်ထိုမြို့နယ်၌ အားကစားပွဲများကျင်းပ

**ကျိုက်ထို ဇူလိုင် ၂၂**

ကျိုက်ထိုမြို့နယ်အတွင်း အားကစားမြှင့်တင်ရေးအစီအစဉ်(Township Sports Development Programme-TSDP)အရ ကျင်းပပြုလုပ်သည့် အားကစားပြိုင်ပွဲများ ဖွင့်ပွဲကို ကျိုက်ထိုမြို့နယ်အားကစားကွင်း၌ ဇူလိုင် ၂၀ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး မွန်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် ဘင်ခရာအဖွဲ့နှင့် ကျိုက်ထိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပန်းပွားအကအဖွဲ့၊ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူလေ့ကျင့်ခန်းအဖွဲ့များက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေပြီး ပြိုင်ပွဲကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ် တပ်မမှူးတို့က အားကစားသမားများအား လိုက်လံနှုတ်ဆက်ပြီး ဘောလုံးပွဲစဉ် ကိုကျင်းပရာ ပွဲဦးထွက်အဖြစ် တောင်သူစုရပ်ကွက်နှင့် သိမ်ဇရပ်ကျေးရွာတို့ ယှဉ်ပြိုင်ကစားကြပြီး တောင်သူစုရပ်ကွက် ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြို့နယ်အားကစားမြှင့်တင်ရေးအစီအစဉ်အရ ကျင်းပသည့် အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲအပြင် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် တာဝေးအပြေးပြိုင်ပွဲများလည်း ပါဝင်ပြီး ကျန်ပြိုင်ပွဲများကို နောက်ရက်များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

## မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

**မိတ္ထီလာ ဇူလိုင် ၂၂**

မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို တက္ကသိုလ်အားကစားခန်းမ၌ ဇူလိုင် ၂၁ ရက်က ကျင်းပသည်။



ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရူပဗေဒအသင်းနှင့် ဓာတုဗေဒအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဓာတုဗေဒအသင်းက အနိုင်ရဗိုလ်စွဲသွားသည်။ ပြိုင်ပွဲတွင် ပထမဆုရ ဓာတုဗေဒအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် တစ်ဦးချင်းဆုများကို ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဌေးနှင့် ဒုတိယဆုရ ရူပဗေဒအသင်းအား တစ်ဦးချင်းဆုများကို အားကစားပညာပေါင်းစပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနီနီအောင်တို့က ပေးအပ်ချီးမြှင့်ခဲ့သည်။

မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်က စတင်ကျင်းပခဲ့ပြီး ဘူမိဗေဒ၊ မြန်မာစာ၊ သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဒဿနိကဗေဒ၊ သတ္တဗေဒ၊ အရှေ့တိုင်းပညာ၊ သင်္ချာ၊ ပထဝီဝင်၊ ရုက္ခဗေဒ၊ အင်္ဂလိပ်စာဘာသာရပ်များမှ အသင်း ၁၂ သင်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ပြည်သူများ၏ ရုံးလုပ်ငန်းများအဆင်ပြေစေရန် စုပေါင်းရုံးဖွင့်လှစ်

**သထုံ ဇူလိုင် ၂၂**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရမည့်ကိစ္စများအတွက် တစ်နေရာတည်းတွင် ဆောင်ရွက်ပြီးစီးနိုင်ရန်အတွက် One stop shop စုပေါင်းရုံးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇူလိုင် ၂၀ ရက်က စတင်ဖွင့်လှစ်ထားကြောင်း သိရသည်။

အဆိုပါစုပေါင်းရုံးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် ပြည်သူလူထုနှင့် အများဆုံးထိတွေ့ကာ လုပ်ငန်းများဆောင်ရွက်နေရသည့် ဌာနများမှ ထုတ်နုတ်အင်အားများဖြင့် စုဖွဲ့ကာ ဖွင့်လှစ်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။

စုပေါင်းရုံးများ ဖွင့်လှစ်ရာသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုကာ စုပေါင်းရုံးဝန်ထမ်းများအား ဦးစီးဌာနအလိုက် လုပ်ငန်းများကြန့်ကြာမှုမရှိစေရေးအတွက် ဆွေးနွေးမှာကြားခဲ့သည်။



ဝန်ထမ်းများအား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက တွေ့ဆုံမှာကြားစဉ်။

သထုံမြို့နယ်အတွင်းမှ ပြည်သူများ၏ ရုံးဌာနနှင့်ဆိုင်သော ကိစ္စများကို ဆောင်ရွက်ရာတွင် အဆင်ပြေစွာဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများအနေဖြင့် ဦးစီးဌာနများအလိုက် အပြန်အလှန်ထိန်းကျောင်းမှု ပြုနိုင်ရန်အတွက် စုပေါင်းရုံးများကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ရန်ဆွေးနွေး

**ဖဲ ဇူလိုင် ၂၂**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ်သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဖဲမြို့နယ် တောင်ပေါ်ဒေသ လိုင်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဇူလိုင် ၁၉ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် တောင်ပေါ်ဒေသ လိုင်ကျေးရွာလည်းပါဝင်သည့်အတွက် မွေးမြူရေးနှင့် နှစ်ရှည်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ အရင်းမပျောက်မတည်ငွေ ကျပ်သိန်း ၃၀၀ ထုတ်ပေးမည်ဖြစ်ပြီး ရရှိမည့်ငွေကို ကျေးရွာပြည်သူများ အကျိုးရှိရှိအသုံးချရန် မှာကြားသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးယုနိုင်လင်းက မြို့နယ်အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာ ၁၀ ရွာတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံကိန်း ရန်ပုံငွေနှင့်ပတ်သက်၍ ကျေးရွာကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်ရန်နှင့် ကျသင့်မည့်အတိုးနှုန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ လိုင်ကျေးရွာအပြင် ပဇီကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌လည်း မြစိမ်းရောင်စီမံကိန်းရန်ပုံငွေထုတ်ပေးရေး ဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဖဲ)**

# ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် ဇူလိုင် ၂၂**

အမေရိကန်ပြည်ထောင်စု လော့အိန်ဂျလိစ်မြို့၌ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၂ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဉာဏ်ရည်မမီသူများ နွေရာသီအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့သည် ဇူလိုင် ၂၁ ရက်က ရန်ကုန်မြို့မှ ထွက်ခွာသွားကြောင်း သိရသည်။

မြန်မာနိုင်ငံဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့် ဦးဆောင်သော မြန်မာကစားသမားအဖွဲ့ဝင် ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အားကစားသမားများအဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၂ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းချမ်းထက်**



# တောင်ပြိုကျမှုကြောင့် ဝန်းသိုမြို့နယ်မှ နမ်းခမ်း–ဘုံချောင်းရထားလမ်းပိုင်း ပိတ်ထားရ

**ကသာ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဘုံချောင်းဘူတာကြားနှင့် နမ်းခမ်းဘူတာအကြား မိုင်တိုင်အမှတ်(၅၆၂/၁)နှင့်(၅၆၂/၂)တွင် ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခန့်က တောင်ပြိုကျခဲ့သဖြင့် အဆိုပါလမ်းပိုင်းကို နံနက် ၉ နာရီခွဲခန့်မှ စတင်ပိတ်ထားကြောင်း သိရသည်။

ဘုံချောင်း-နမ်းခမ်းလမ်းပိုင်းကြားမှ အလျားပေ ၈၀၊ အနံ ၁၅ ပေ၊ အမြင့် ၂၅ ပေခန့်ရှိ တောင်ပြိုကျခဲ့ခြင်းဖြစ်ပြီး လမ်းပိုင်းကို ပြုပြင်ရန်အတွက် နမ်းခမ်းရုံပိုင်ကြီး ဦးဝင်းရွှေနှင့် လမ်းဗိုလ်ဦးကျော်မျိုးထွန်းတို့ဦးဆောင်သော ဝန်ထမ်းများ၊ မီးရထားရဲတပ်ဖွဲ့မှ ရဲတပ်ကြပ် သန်းစိုးအောင်နှင့် မီးရထားရဲတပ်ဖွဲ့ဝင်များ၊ နမ်းခမ်းရဲကင်းစခန်းမှ ရဲတပ်ကြပ်မြင့်သူနှင့် တပ်ဖွဲ့ဝင်များက နံနက် ၁၂ နာရီခန့်တွင် သွားရောက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ တောင်ပြိုကျမှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုတစ်စုံတစ်ရာမရှိခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ဘိန်းအစားထိုးသီးနှံစိုက်ပျိုးသူများ သမဝါယမအသင်းဖွဲ့စည်း

**တောင်ကြီး ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံ၊ ဟိုပုံးနှင့် လွိုင်လင်မြို့နယ်များအတွင်းမှ ဘိန်းအစားထိုးသီးနှံ ကော်ဖီပင်စိုက်ပျိုးထုတ်လုပ်သူများအတွက် သမဝါယမအသင်းကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၂၀ ရက်က စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး UNODCနှင့် CCDAC တို့ ပူးပေါင်း၍ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အသင်းဖွဲ့စည်းသည့် အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားကာ သမဝါယမအသင်း အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသူများက ကတိသစ္စာ ပြုခဲ့သည်။

ထို့နောက် UNODCအဖွဲ့ ဌာနေမန်နေဂျာ(ယာယီ) Mr.Jochen Wiese က ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို ကူညီပေးသွားမည့်အစီအစဉ်များနှင့်ပတ်သက်၍ ယခုလက်ရှိရွာငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ဆက်လက်၍ ရှမ်းပြည်နယ်တောင်ပိုင်းရှိ လွိုင်လင်နှင့် ဟိုပုံးတို့တွင် လည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမဝါယမဝန်ကြီးဌာန ညွှန်ကြားရေးမှူး(နေပြည်တော်) ဦးစိုင်းကျော်မင်းက သမဝါယမအသင်း ဖွဲ့စည်းရသည့်အကြောင်းနှင့် ရှေ့လုပ်ငန်းများ စီစဉ် ထားရှိမှုများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဌာန ဦးစီးအရာရှိဦးမြင့်သိန်းက ဘိန်းအစားထိုးသီးနှံအဖြစ် ကော်ဖီစိုက်ပျိုးနေမှု အခြေအနေများ၊ ကော်ဖီစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ပါဝင်ကူညီဆောင်ရွက်ပေးနေမှုအခြေအနေနှင့် ဆက်လက်ကူညီသွားမည့် အကြောင်းကို ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ တွဲဘက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ကျော်ဝင်းကလည်း ဘိန်းအစားထိုးသီးနှံ ကော်ဖီစိုက်ပျိုးသူများ သမဝါယမအသင်းဖွဲ့စည်းခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုလျော့ကျကာ နိုင်ငံတော်အတွက်လိုအပ်နေသော လူ့စွမ်းအား အရင်းအမြစ်များပေါ် ထွန်းလာစေနိုင်ကြောင်းနှင့် တိုင်းရင်းသား တောင်သူများကလည်း ကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားသည်။



အသင်းအမှုဆောင်များ ကတိသစ္စာပြုနေစဉ်

သမဝါယမအသင်း ဖွဲ့စည်းသည့် အခမ်းအနားသို့ ရွာငံမြို့၊ ဟိုပုံးမြို့နှင့် လွိုင်လင်မြို့နယ်အတွင်းရှိ ဒေသခံကော်ဖီစိုက်တောင်သူများ၊ တိုင်းရင်းသား ပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**

# ဂျပန်အစိုးရနှင့် ပြည်သူများလှူဒါန်းသည့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ကျောက်ကြီး ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် နောင်ကုန်းကျေးရွာအုပ်စု ရန်မျိုးအောင်စုစည်းကျေးရွာများမှ လေးပေါ်မူကျေးရွာ အလယ်တန်းကျောင်းခွဲတွင် ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများက ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၀ရက်က ကျင်းပသည်။

ကျောင်းဆောင်သစ်ပေးအပ်ပွဲတွင် ကျောက်ကြီးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်း ၊ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဘောဘီအုန်းနှင့် ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျူဘာလီစံလှတို့က ကျေးဇူးတင်စကားပြောကြားပြီး ဂျပန်နိုင်ငံသံရုံးဒုတိယအတွင်းဝန် Mr Suzuki Kazuyosiu ကလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံသံရုံး ဒုတိယအတွင်းဝန်က ကျောက်ကြီးမြို့နယ်ပညာရေးမှူးကိုယ်စား ကျောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းရီအား ကျောင်းဆောင်သစ်ကို လွှဲပြောင်းပေးအပ်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ အာရ်စီတစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ဂျပန်အစိုးရနှင့် ပြည်သူများ၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ကာ ကျပ်သိန်း ၁၀၀၀ ခန့် တန်ဖိုးရှိကြောင်း သိရသည်။

**(၀၄၅)**

# အက်သလက်တီကိုတို့အနာဂတ် တောက်ပနိုင်ပါ့မလား




လာလီဂါမှာ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ရဲ့ လွှမ်းမိုးမှုကို ချေဖျက်ဖြိုလဲဖို့ကြိုးစားနေတဲ့ အက်သလက်တီကိုဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက အဆင့်သုံးနေရာကို အသည်းအသန်အားထုတ်ရယူခဲ့ရတာမို့ လာမယ့်ဘောလုံးရာသီမှာတော့ အသွင်သစ်နဲ့ ဖြတ်သန်းပြီး လာလီဂါဖလားကို ပြန်လည်ရယူဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ဘောလုံးရာသီမှာ လာလီဂါဖလားကို ရယူနိုင်ခဲ့ပြီး ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာတို့ရဲ့ ကြီးစိုးမှုကို စိန်ခေါ်နိုင်ခဲ့တဲ့ အက်သလက်တီကိုဟာ ဒီနှစ်မှာ ဘောလုံးသမားအသစ်ခေါ်ယူဖြည့်ဆည်းမှုတွေပြုနေပါတယ်။ လောလောဆယ်မှာတော့ ပေါ်တိုအသင်းမှ မာတီနက်ဇ်ကို ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းနဲ့ ခေါ်ယူထားပြီးဖြစ်သလို ဗီလာရီးရဲအသင်းက ဗီယက်တိုကိုလည်း ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ နဲ့ အားဖြည့်ထားပါတယ်။ ဒါ့အပြင် ဗယ်လီကာနိုအသင်းကို အငှားချထားတဲ့ အင်ဆူအာလည်း ပြန်ရောက်လာပြီဖြစ်လို့ အက်သလက်တီကိုအတွက် ရာသီအကြို ခြေစွမ်းပွဲတွေမှာလည်း ပါဝင်ကစားနေပြီဖြစ်ပါတယ်။

ဒါပေမယ့် အက်သလက်တီကိုဟာ အသင်းရဲ့ အားထားရတဲ့ အာဒါတူရန်ကို ပြိုင်ဘက်ဘာစီလိုနာထံပြောင်းရွှေ့ကြေးယူရို ၃၅ သန်းနဲ့ ထုတ်ရောင်းလိုက်တာကတော့ အသင်းရဲ့ ဟန်ချက်ကို ထိခိုက်သွားစေနိုင်တဲ့ အပြင် အယ်လ်ဒါဝိုင်ရယ်ကိုလည်း စပါးအသင်းထံ ယူရို ၁၅ သန်းနဲ့ ထုတ်ရောင်းခဲ့တာဟာ အသင်းရဲ့စွမ်းဆောင်မှု ပုံရိပ်တွေ ကျဆင်းခဲ့တာမို့ ပြန်လည်ကောင်းမွန်အောင် ရုန်းကန်ရတော့မှာဖြစ်ပါတယ်။

တကယ်တော့ ပြီးခဲ့တဲ့ ဘောလုံးရာသီမတိုင်ခင်မှာ အသင်းရဲ့ အားထားရတဲ့တိုက်စစ်မှူး ကော်စတာကို ချယ်လ်ဆီးထံ ယူရို ၃၈ သန်းနဲ့ ထုတ်ရောင်းခဲ့မှုကြောင့် ပြီးခဲ့တဲ့ လာလီဂါမှာ အဆင့် ၃ နေရာမှာ ရပ်တည်နိုင်အောင် ရုန်းကန်ခဲ့ရတဲ့ ဖြစ်ရပ်တွေက ပူပူနွေးနွေးရှိနေဆဲဖြစ်ပါတယ်။ ကော်စတာကို ထုတ်ရောင်းခဲ့ပြီး ဂရစ်ဇ်မန်းကို ယူရိုသန်း ၃၀ နဲ့ ခေါ်ယူအားဖြည့်ခဲ့ပေမယ့် ရာသီကုန်ချိန်မှာတော့ ချန်ပီယံလိဂ်ဝင်ခွင့်ရအောင် ခြေကုန်လက်ပမ်းကျတဲ့အထိရုန်းကန်ခဲ့ရတာမို့ ဒီနှစ်မှာ အဲဒီလို အဖြစ်မျိုး မကြုံတွေ့အောင် အားထုတ်ပါလိမ့်မယ်။

ပြီးခဲ့တဲ့နှစ်က ရာသီအကြို ပြင်ဆင်မှုတွေအဖြစ် ဘောလုံးသမားဝယ်ယူမှုမှာ ယူရို ၁၁၇ သန်းကျော်သုံးစွဲခဲ့ပေမယ့် ဒီနှစ်မှာတော့ ယူရိုသန်း ၅၀ ကျော်ပဲ သုံးစွဲထားပါသေးတယ်။ အက်သလက်တီကိုတာဝန်ရှိသူတွေကတော့ ယူရို သန်း ၁၀၀ နီးပါး အပြောင်းအရွှေ့အတွက် အသုံးပြုသွားမယ်လို့ ဆိုနေပါတယ်။

ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ တိုက်စစ်မှူး ကော်စတာထွက်သွားပေမယ့် အသစ်ခေါ်ယူအားဖြည့်ခဲ့တဲ့ ဂရစ်ဇ်မန်းက စုစုပေါင်း ၂၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သလို ဒီနှစ်မှာခေါ်ယူထားတဲ့မာတီနက်ဇ်ကရော ဂိုးဘယ်လောက်အထိ သွင်းယူပေးနိုင်မလဲဆိုတာကို ကြည့်ရမှာ ဖြစ်ပါတယ်။ ရာသီအကြို ခြေစမ်းပွဲငါးပွဲကစားပြီးချိန်မှာ ရလဒ်ကောင်းတွေ ရရှိထားတဲ့ အက်သလက်တီကိုဟာ လာမယ့်ရာသီမှာတော့ လာလီဂါဖလားကို မျှော်မှန်းတဲ့အထိ ကြိုးစားသွားဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။

လာမယ့်ဘောလုံးရာသီမှာ တိုက်စစ်မှူးတွေရဲ့ သွင်းဂိုးစုစုပေါင်း ၈၀ နီးပါးအထိ ရရှိနိုင်ဖို့မျှော်မှန်းနေတဲ့ အက်သလက်တီကိုဟာ ဂရစ်ဇ်မန်း၊ မာတီနက်ဇ်တို့ရဲ့ အားထုတ်မှုအပေါ် ယုံကြည်မှု အပြည့်ထားရှိနေတာမို့ မျှော်လင့်တဲ့အတိုင်း ဖြစ်လာမယ်လို့ အက်သလက်တီကိုတာဝန်ရှိသူတွေ မျှော်လင့်နေတယ်လို့ဆိုပါတယ်။ ပြီးခဲ့တဲ့နှစ်က အက်သလက်တီကိုတို့ စုစုပေါင်းသွင်းဂိုး ၆၇ ဂိုးရရှိခဲ့တာဟာ လာမယ့်နှစ်မှာ အဲဒီသွင်းဂိုးတွေကို ကျော်လွန်ပြီး ရယူနိုင်ခြင်း ရှိမရှိစောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဒါ့အပြင် အက်သလက်တီကိုရဲ့ လာလီဂါဖလား မျှော်လင့်ချက်ဟာလည်း ဘယ်လောက်အထိ တောက်ပပြည့်ဝနိုင်မလဲ အကဲခပ်ရမှာဖြစ်ပါတယ်။

မိုးမြင့်လင်းလတ်

## စတားလင်းနေရာယူမယ်ဆိုတဲ့ ဂျော်ဒန်အိုင်ဘေး

ရာဟင်းစတားလင်း မန်စီးတီးကို ပြောင်းသွားပြီးတဲ့နောက် ဂျော်ဒန်အိုင်ဘေးက သူအနေနဲ့ ပုံမှန်ပွဲထွက်ကစားခွင့်များ ပိုမိုရလိုကြောင်း ပြောဆိုလိုက်ပါတယ်။ စတားလင်းလို အကောင်းဆုံးကစားပေးနိုင်တဲ့ ကစားသမားဖြစ်ဖို့လိုတယ်လို့ သူကဆိုပါတယ်။ လီဗာပူးကွင်းလယ်ကစားသမားဟောင်း စတီဗင်ဂျရတ်ကလည်း အိုင်ဘေးဟာ စတားလင်းရဲ့ နေရာမှာ အကောင်းဆုံးကစားနိုင်လိမ့်မယ်လို့ဆိုပါတယ်။ လီဗာပူးတောင်ပံတိုက်စစ်မှူး ဂျော်ဒန်အိုင်ဘေးဟာ အရည်အချင်းပြည့်ဝတဲ့ တိုက်စစ်မှူးကောင်းတစ်ဦး ဖြစ်တယ်လို့လည်း နည်းပြရော်ဂျာကဆိုပါတယ်။


အသက် ၁၉နှစ်အရွယ်သာရှိသေးတဲ့ ဂျော်ဒန်အိုင်ဘေးဟာ လာမယ့် ပရီမီယာလိဂ်ရာသီမှာ ပုံမှန်ကစားခွင့်တွေရလာဖို့ မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ စတားလင်းဟာ ပေါင် ၄၉ သန်းနဲ့ မန်စီးတီးကို ပြောင်းသွားခဲ့ပါပြီ။ သူ့နေရာမှာ ဂျော်ဒန်အိုင်ဘေးက ပုံမှန်ကစားပေးခွင့်ရဖို့ မျှော်လင့်ထားတာဖြစ်ပါတယ်။



## ချယ်လ်ဆီးပစ်မှတ်ထားပြန်တဲ့ အောစဘတ် နောက်ခံလူ

နောက်တန်းကစားသမား လိုအပ်ချက်ရှိနေတဲ့ ချယ်လ်ဆီးအသင်းအနေနဲ့ ဘွန်ဒက်စ်လီဂါ ဘယ်နောက်ခံကစားသမား ဘာဘာရာမန်ကို ပေါင် ၁၅ သန်းနဲ့ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။

အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ ဂါနာလက်ရွေးစင်ကစားသမား ရာမန်ကို အက်သလက်တီကိုသို့ပြန်မယ့် ဖီးလစ်လူးဝစ်ရဲ့နေရာမှာ အစားထိုးဖို့ခေါ်ယူသွားဖွယ် ရှိနေပါတယ်။ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးက ဖီးလက်လူးဝစ်ကို အက်သလက်တီကိုသို့ပြန်ဖို့ သဘောတူညီခဲ့ပြီးတဲ့နောက် ရာမန်ကို ခေါ်ယူ ဖို့ကြိုးစားနေတယ်လို့ ဆိုပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိတဲ့ လူးဝစ်ဟာ ပြီးခဲ့တဲ့



ရာသီက ချယ်လ်ဆီးမှာ အောင်မြင်မှုမရခဲ့တဲ့ အတွက် အသင်းဟောင်းကို ပြန်ဖို့ ဖြစ်လာခဲ့ပါတယ်။

သို့ပေမယ့် ရာမန်ကို ခေါ်ယူဖို့ ချယ်လ်ဆီးနဲ့ အောစဘတ်တို့ သဘောတူညီမှုတော့ မရသေးပါဘူး။

သို့ပေမယ့် ကွန်မြူနတီဒိုင်းပြိုင်ပွဲအမီ ခေါ်ယူလိမ့်မယ်လို့တော့ဆိုပါတယ်။ နည်းပြမော်ရင်ဟိုအနေနဲ့ အသက်အရွယ်ရလာပြီဖြစ်တဲ့ ဂွန်တယ်ရီကို အဓိကအားထားနေရာမှ သွက်လက်မြန်ဆန်တဲ့ လူငယ် နောက်ခံကစားသမားတွေနဲ့ အစားထိုးမယ့် အနေအထားရှိပါတယ်။

## အာဆင်နယ်စိတ်ဝင်စားနေတဲ့ ဘင်ဇီမာ

အာဆင်ဝင်းဂါးအနေနဲ့ ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာကို ခေါ်ယူဖို့ စိတ်အားထက်သန်နေတယ်လို့ ဆိုပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ဘင်ဇီမာကို စိတ်ဝင်စားနေသော်လည်း ယခုနှစ်နွေရာသီမတိုင်မီ ခေါ်ယူနိုင်ဖွယ်မရှိဘူးလို့ ဆိုပါတယ်။ အာဆင်ဝင်းဂါးအနေနဲ့ ၂၀၁၃ ခုနှစ်ကလည်းက ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာကို ခေါ်ယူဖို့ ကြိုးစားနေတာပါ။ သို့ပေမယ့် အောင်မြင်မှုမရခဲ့ပါဘူး။ အခုလည်း ရီးရဲမက်ဒရစ်က ဘင်ဇီမာကို မရောင်းဘူးလို့ဆိုပါတယ်။ မီဆွပ်အိုဇေးလ်ကို မခေါ်ယူမီကတည်းက ဘင်ဇီမာကို ခေါ်ယူဖို့ ကြိုးစားနေခဲ့တယ်လို့ဆိုပါတယ်။ အသက် ၂၇ နှစ် အရွယ်ရှိတဲ့ တိုက်စစ်မှူး ဘင်ဇီမာဟာ အကောင်းဆုံးတိုက်စစ်မှူးတွေထဲက တစ်ဦးပါလို့ အာဆင်နယ်နည်းပြက ဆိုပါတယ်။ ဒီအတွက် အာဆင်နယ်က ဘင်ဇီမာကို အရခေါ်ယူမယ့် တိုက်စစ်မှူးတွေထဲက တစ်ဦးဖြစ်လာနိုင်ပါတယ်။ ရီးရဲမက်ဒရစ်နည်းပြဖြစ်လာတဲ့ ဘင်နီတက်ဇ်ကလည်း မန်စီးတီးတိုက်စစ်မှူးအဂူရိုကို ခေါ်ယူဖို့ကြိုးစားနေတာပါ။ အဂူရိုရီးရဲမက်ဒရစ်ကို ရောက်လာခဲ့ရင်တော့ ဘင်ဇီမာကို ရောင်းထုတ်ဖွယ်


ကောင်းမြတ်သူ-စုစည်းသည်

ရှိပါတယ်။ လက်ရှိအခြေအနေမှာ နည်းပြဝင်းဂါးက ဝေါကော့ကို ဂျီရောက်ရဲ့ အရန်ကစားသမားအဖြစ် အသုံးပြုချင်နေတာပါ။ ဆန်ချက်ဇ်ကတော့ အဓိကတိုက်စစ်မှူးအဖြစ် အဝေးမှာဖြစ်ပေမယ့် ဝဲဘက်ဘက် ဒဏ်ရာရထားတဲ့အတွက် ဘင်ဇီမာကို ခေါ်ယူဖို့ ကြိုးစားနေတာ ဖြစ်ပါတယ်။

# ရထားစီး၍ခရီးသွားသည့် ပြည်သူများ စာပေဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိ

**ဆိပ်ဖြူ ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဆိပ်ဖြူဘူတာမှ မြန်မာ့မီးရထားဝန်ထမ်းများ၊ စာပေချစ်မြတ်နိုးသူ စေတနာရှင် အလှူရှင်များပူးပေါင်း၍ ဆိပ်ဖြူ-ပခုက္ကူ RBE လူစီးရထားပေါ်တွင် ခရီးသွားပြည်သူများ စာအုပ်များ အခမဲ့ဖတ်ရှုနိုင်ရန် ဇူလိုင် ၁၇ ရက်မှ စတင်စီစဉ်ပေးထားကြောင်း သိရသည်။

စာအုပ်ဖတ်ရှုမှု အဆင်ပြေစေရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးက စာအုပ်များကို ၁၅ ရက်လျှင်တစ်ကြိမ် လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့မီးရထားဝန်ထမ်းများကလည်း ဆိပ်ဖြူ-ပခုက္ကူ RBE လူစီးရထားပေါ်တွင် ခရီးသွားပြည်သူများ လိုရာခရီးဘူတာရောက်သည်ထိ စာအုပ်များဖတ်ရှုနိုင်ရန် ငှားရမ်းပေးခြင်းအပြင် သောက်ရေသန့်ဘူးကြီးများ ထားရှိပေးခြင်း၊ ခရီးသွားပြည်သူများ သန့်ရှင်းစွာ ရထားစီးနင်းနိုင်ရန်အတွက် အမှိုက်ထည့်ရန် ပလတ်စတစ်အိတ်များ ချိတ်ဆွဲပေးခြင်း စသည့်ဝန်ဆောင်မှုများကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ စာအုပ်များ အခမဲ့ငှားရမ်းဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးထားမှုကို ခရီးသွားပြည်များကလည်း သဘောကျနှစ်သက်လျက်ရှိပြီး ဒေသခံခရီးသွားပြည်သူများနှင့် သံဃာတော်များကပါ စာအုပ်များ ငှားရမ်းဖတ်ရှုလျက်ရှိသည်ကို တွေ့ရသည်။ မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် ယခုလို ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမှုအပေါ် အထူးကျေးဇူးတင်ကြောင်းနှင့် လိုရာခရီးရောက်သည်အထိ စာအုပ်များ ဖတ်ရှုလေ့လာနိုင်သည့်အတွက် အားရကြောင်း ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

ဆိပ်ဖြူမြို့နယ်ရှိ မြန်မာ့မီးရထားတိုင်းအမှတ်(၁၀) ဆိပ်ဖြူဘူတာ၌ ရထားစီးမည့် ခရီးသွားပြည်သူများ ခရီးမထွက်ခွာမီအချိန်တွင် စာပေဗဟုသုတများလေ့လာဖတ်ရှုနိုင်ရန်အတွက် စာအုပ်များငှားရမ်းပေးမှုကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆိပ်ဖြူဘူတာမှ မြန်မာ့မီးရထားဝန်ထမ်းများ ပူးပေါင်း၍ ယခင်ကပင် ဆောင်ရွက်ထားကြောင်း၊ ယခုအခါ ရထားပေါ်တွင်ပါ စာအုပ်များဖတ်ရှုနိုင်ရန် ဝန်ဆောင်မှုများတိုးချဲ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**



# မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာများသို့ မူးမြစ်ရေများဝင်ရောက်

**မြင်းမူ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိ မြို့နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြင်းမူမြို့နယ်အတွင်းရှိ မူးမြစ်ဘေးတစ်လျှောက်ကျေးရွာများသို့ ဇူလိုင် ၂၀ ရက် နေ့လည်ပိုင်းမှ စတင်ပြီး မူးမြစ်ရေ ဝင်ရောက်လာကြောင်း သိရသည်။

မြင်းမူမြို့နယ်အတွင်းမှ မူးမြစ်ဘေးတစ်လျှောက်ကျေးရွာများဖြစ်သည့် သပြေသာ၊ မခုရ၊ ပုံညာနှင့် မေဂျာကျေးရွာများတွင် မူးမြစ်ရေ အနည်းငယ် စတင်ဝင်ရောက်လျက်ရှိသည်။ အလားတူ ညောင်မြစ်ကျေးရွာနှင့် မကျီးကန် ကျေးရွာအကြား၊ မကျီးကန်ကျေးရွာမှ တစ်မိုင်ကျော်ခန့်နေရာတွင် နိမ့်ဆင်းနေသည့် တာရိုးအောက်မှ မူးမြစ်ရေထိုးဖောက်ဝင်ရောက်မှုကြောင့် ယာခင်းများဆီသို့ ရေများနစ်ပေခန့်ထိ ဝင်ရောက်လျက်ရှိသည်။

အဆိုပါ တာရိုးအောက်မှ မူးမြစ်ရေ ထိုးဖောက်ဝင်ရောက်မှုကို ပျော့ရွာ၊ ညောင်မြစ်ရွာနှင့် မကျီးကန်ရွာများမှ ဒေသခံပြည်သူများက သဲအိတ်များဖြင့် ကာရံထားမှုကြောင့် ရေဝင်ရောက်မှု မရှိတော့ကြောင်း၊ ရေဝင်ရောက်မှုကိုလုံခြုံစိတ်ချစွာ တားဆီးနိုင်ရန်အတွက် စစ်ကိုင်းခရိုင်ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် အသုံးပြုပိတ်ဆို့သွားမည်ဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်အတွင်း ရေဝင်ရောက်သည့် နေရာများနှင့် ကျေးရွာများသို့ စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးသန်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြင်းမူမြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေကြီးမှု ဖြစ်ပေါ်လာပါက အဆင်သင့်ဖြစ်ရေး၊ ကျွဲနွားများကို ရေဘေးလွတ်ရာ ပျော့ရွာကျေးရွာဘက်သို့ ရွှေ့ပြောင်းထားရှိရေးတို့ကို စီမံဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ရေဘေးအန္တရာယ်ကြုံတင်ကာကွယ်နိုင်ရန်အတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စောင့်ကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**



# ဖမ်းဆီးရမိသော အသားလုံးအတုများ ဖျက်ဆီး

**တာချီလိတ် ဇူလိုင် ၂၂**

တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း မိုဘိုင်းအဖွဲ့က တာချီလိတ်မြို့နယ် တာလေတိုးဂိတ်အနီး၌ ဇူလိုင် ၈ ရက်က ဖမ်းဆီးရမိထားသော အသားလုံးတုများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

တာချီလိတ်ဘက်မှ မောင်းနှင်လာသော လွယ်နန်းခုံ ခရီးသည်တင်ယာဉ်ပေါ်၌ တရားမဝင်သယ်ဆောင်လာသော အသားလုံးအတု လေးအိတ်(ခန့်မှန်းတန်ဖိုးကျပ် ၇၅၀၀၀၀) ကို တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ ကွပ်ကဲမှုအောက်ရှိ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းက ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး အများပြည်သူစားသုံးရန်မသင့်တော်သည့် FDA ထောက်ခံချက်မပါဝင်သော စားသောက်ကုန်များဖြစ်သဖြင့် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများပါဝင်သောအဖွဲ့က ဇူလိုင်လ ဒုတိယပတ်က မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

# ဒလမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်း ကျန်းမာရေး စစ်ဆေးပေး

**ဒလ ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား သွေးလွန်တုပ်ကွေးနှင့် သွားနှင့်ခံတွင်းရောဂါများအကြောင်း ဟောပြောခြင်းနှင့် သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးခြင်းများကို ဒလမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဇူလိုင် ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် သွားနှင့်ခံတွင်းရောဂါဆရာဝန် ဒေါက်တာအိအိချိုက သွေးလွန်တုပ်ကွေးရောဂါနှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်နည်းလမ်းများ၊ သွားနှင့်ခံတွင်းတွင် ဖြစ်တတ်သောရောဂါများ၊ နည်းစနစ်မှန်ကန်စွာ သွားတိုက်ခြင်း၊ ခံတွင်းသန့်ရှင်းရေးအကြောင်းနှင့် သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် ဆောင်ရန်ရှောင်ရန်များ စသည်တို့ကို ဟောပြောခဲ့သည်။

ထို့နောက် ဒလမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများက သူငယ်တန်းမှစတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူ ၄၂၂ ဦး၏ သွားနှင့်ခံတွင်းကျန်းမာရေးအခြေအနေများကို တစ်ဦးချင်းကြည့်ရှုစမ်းသပ်ပေးပြီး သွားနုတ်ရန်လိုအပ်သော ကျောင်းသား ကျောင်းသူများကို ဒလပြည်သူ့ဆေးရုံသို့လာရောက်ရန် ရက်ချိန်းပေးခဲ့ကြောင်း၊ သူငယ်တန်း ကျောင်းသား ကျောင်းသူ ၈၄ ဦးကို သွားတိုက်တံများ ဝေငှပေးခဲ့သည်။ သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးရာသို့ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများက ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

**သန်းဌွေး(ဒလ)**



# ကန့်ဘလူမြို့နယ်မှ ရေဘေးကြုံတွေ့နေရသော ပြည်သူများအတွက် မန္တလေး ပြဟ္မစိုရ်လူမှုကူညီရေးအသင်းက အလှူငွေပေးအပ်မည်

**မန္တလေး ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းမှ ရေဘေးကြုံတွေ့နေရသော ပြည်သူများအတွက် မန္တလေးမြို့ ပြဟ္မစိုရ်လူမှုကူညီရေးအသင်းက အလှူငွေများ ပေးအပ်သွားမည်ဖြစ်ပြီး မန္တလေးမြို့မိမြို့ဖများက အသင်းသို့ အလှူငွေများပေးအပ်ပွဲကို ဇူလိုင် ၂၁ ရက်က ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် မန္တလေးမြို့မှ မြို့မိမြို့ဖများဖြစ်သော ဦးကျော်မင်း မိသားစု(ရွှေမြင်းလက်ဖက်ခြောက်)က ကျပ် ငါးသိန်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ကျပ်ငါးသိန်း၊ ဦးမြမောင်မိသားစု(မြပွဲရုံ)က ကျပ်ငါးသိန်း၊ မန္တလေးအခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သည်ကြီးများအသင်းက ကျပ်ငါးသိန်း၊ မန္တလေးအခြေစိုက် တက်ဟုန်ပြည်နယ်ခွဲကုန်သည်ကြီးများအသင်းက ကျပ်သုံးသိန်း၊ မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ကျပ်နှစ်သိန်းနှင့် အခြားအလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ၃၈ သိန်းကို ပြဟ္မစိုရ်အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ရရှိသောအလှူငွေများအား ကန့်ဘလူမြို့နယ်မှ ရေဘေးကြုံပြည်သူများထံ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်းဗိုလ်(အရာတော်)**

## နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့စည်ပင်သာယာရေးဝန်ကြီးဌာန တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ကြီးကြပ်မှုအောက်ရှိ မြို့နယ်စည်ပင်ယာရေးအဖွဲ့(၂၈)မြို့နယ်များ၏ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ တတိယပတ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဉာဏ်ဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်မြင့်က လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍တင်ပြခဲ့သည်။ ထို့အပြင်အခြားရန်ပုံငွေများဖြစ်သော အလှူရှင်၊ NGO၊ ကိုယ်ထူကိုယ်ထ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဖွံ့ဖြိုးရေးရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ရန်ပုံငွေ၊ နိုင်ငံတော်သမ္မတရုံးသီးသန့်ရန်ပုံငွေစသည့်ရန်ပုံငွေစုစုပေါင်းငွေကျပ် ၃၅၀၅ ဒသမ ၆၉ သန်းဖြင့်လည်းကောင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ **(မြန်မာ့အလင်း)**

## ငါးလုပ်ငန်းဆိုင်ရာပညာပေးဟောပြောပွဲကျင်းပ

**တောင်ကုတ် ဇူလိုင် ၂၂**

တောင်ကုတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတမျိုးထိန်းသိမ်းရန်လိုအပ်ပုံကို ကျောင်းနေအရွယ်ကလေးများကအစ သိရှိနားလည်ကြစေရန် ရည်ရွယ်လျက်ပညာပေးဟောပြောပွဲကို ဇူလိုင်လ တတိယပတ်က မအီမြို့-ဂျီဖြူတောင်(အလက) ကျောင်းနှင့်လက်ပန်ကျေးရွာ(အထက)ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန(မွေးမြူရေးဌာနခွဲ)ညွှန်ကြားရေးမှူး ဦးလှထွန်း၊ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးထူးမြင့်၊ မအီမြို့ အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ၊ ငါးလုပ်ငန်းရှင်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပညာပေး ဗီဒီယို ဇာတ်လမ်းများကို ထည့်သွင်း ပြသပေးခဲ့ကြောင်း သိရသည်။ **ကျော်ဆင့်(တောင်ကုတ်)**

# စစ်တောင်းမြစ်ကြောင်းသွားစက်လှေများ ရေအောက်ငုတ်များကို သတိပြုရန်လို



**ရေတာရှည် ဇူလိုင် ၂၂**

မိုးရာသီကာလရောက်လျှင် စစ်တောင်းမြစ် အရှေ့ဘက်နှင့်အနောက်ဘက်ဆက်သွယ်သွားလာကြသည့် ယာယီမြစ်ကူးတံတားများ ဖြုတ်သိမ်းကာ ကူးတို့ စက်လှေများဖြင့်သာ နေစဉ်သွားလာကြရသည်။ ယခုအချိန်သည် တောင်သူများစိုက်ပျိုးထားသော ပြောင်း၊ နှမ်း၊ မြေပဲများတင်ပို့ရာတွင် လည်းကောင်း၊ တစ်နေရာနှင့်တစ်နေရာ ခရီးသွားကြသည့်အခါ စက်တပ်လှေများကို အသုံးပြုသွားလာကြသည့်အတွက် တံတားပျက်များကြောင့် ရေအောက်ငုတ်များ နေရာအနှံ့အပြားတွင်ရှိနေရာ မတော်တဆမှုဖြစ်ပွားခြင်းမရှိစေရန် အထူးသတိပြုရန်လိုအပ်ကြောင်း ဒေသခံများက ပြောပြသည်။ "ယာယီတံတားတွေ ဖျက်သိမ်းလိုက်တော့ ငုတ်တိုင်တွေကို အကုန်မနုတ်ဘူး။ ရေအောက်မှာကျန်နေတာ၊ စက်လှေတွေက ကုန်နဲ့လူတင်ပြီးလာရင် အောက်က ရေငုတ်ကိုကြောက်ရတာ၊ ဝမ်းပေါက်လို့ကတော့ အကုန်ဒုက္ခရောက်ကုန်မှာ၊ သတိထားမောင်းသင့်တာပေါ့"ဟု ဆွာရွာမကျေးရွာဒေသခံတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**



## ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေနုတ်မြောင်း စက်အားလူအားဖြင့် ဆယ်ယူရှင်းလင်း

**ရန်ကုန် ဇူလိုင် ၂၂**

မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက်အတွင်းရှိ မုဒိတာအိမ်ရာဝင်းအနီး ပေါ်တော်မူဘုရားလမ်းနှင့် ဦးဘဟန်လမ်းသွယ်ထိပ်တို့အကြားဝန်းကျင်ရှိ ဗဟိုလမ်းပိုင်းတွင် လမ်းသားများ ပျက်စီးခဲ့ကာ ဇူလိုင် ၁၈ ရက်က ယင်းလမ်းပိုင်း ကွန်ကရစ်လမ်းသစ်ခင်းရန် ပြင်ဆင်နေသည်ကို စတင်မြင်တွေ့ရပြီး ဇူလိုင် ၂၀ ရက်တွင် လမ်းသားအချို့ ကွန်ကရစ်လမ်းခင်းပြီးကြောင်း သိရသည်။

ယင်းသို့လမ်းသားအသစ်ခင်းမှုကြောင့် ဗဟိုလမ်းနှင့် သမိုင်းဘူတာလမ်းဆုံရာမှ ဗဟိုလမ်းအတိုင်းဝင်လာသော ယာဉ်များ ပေါ်တော်မူဘုရားလမ်းမှလမ်းလွှဲ မောင်းနှင်၍ ဖြတ်သန်းနိုင်ရန်အသိပေးစာတန်းများ လမ်းသားပေါ်တွင် ထောင်ထားကြောင်း တက္ကစီအငှားယာဉ်မောင်းတစ်ဦးက ပြောသည်။

ကွန်ကရစ်လမ်းသစ်ခင်းပေးရာတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းကို လူအား၊ စက်အားဖြင့် တူးဖော်ဆယ်ယူရှင်းလင်းမှုကိုပါ ဆောင်ရွက်ပေးနေသဖြင့် ရက်အနည်းငယ်အတွင်း (၂)ရပ်ကွက်၏ လူနေအိမ်အများအပြား ဖြတ်သန်းဖောက်လုပ်ထားသော ဗဟိုလမ်းပိုင်းတွင် ရေကြီးရေလျှံကင်းဝေးပြီး သွားလာရေးအဆင်ပြေလာနိုင်သည်ဟု ယင်းနေရာကိုဖြတ်သန်းသွားလာနေသူများက ပြောသည်။ **ခင်ဆိုင်**

## အသက်မွေးဝမ်းကျောင်း ပညာသင်တန်းဖွင့်ပွဲကျင်းပ

**မြိတ် ဇူလိုင် ၂၂**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ရန်ပုံငွေဖြင့် ကျေးလက်ဒေသများတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဇူလိုင် ၂၁ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု စန္ဒဝတ် အနောက်ကျောင်းဓမ္မာရုံ၌ မြိတ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ဒေသခံလူငယ်များအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာ အခြေခံလက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက အမှာစကားပြောကြားပြီး မြိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ထွန်းက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သော သားငါးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးလာစေရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးလာစေရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမြင့်မားစေရေး၊ မြို့ပြကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းလာစေရေးနှင့် သားငါးကဏ္ဍစားနပ်ရိက္ခာဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးနှင့် ကျေးလက်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ စန္ဒဝတ်၊ ကွမ်းသီးချောင်း၊ ရွှေပေး၊ ရွာသစ်၊ ကုန်းမြင့်သာယာ၊ မရင်းငယ်ဖျား၊ ရွှေဒူး၊ သာရမဲ၊ ကျောက်ဖြူတောင်၊ ကျွဲကူး၊ ချမ်းမြေ့သာရီ၊ ရေမြစ်ကြီးကျေးရွာအသီးသီးမှ ဒေသခံ သင်တန်းသား ၅၉ ဦး၊ သင်တန်းသူ ၁၁ ဦး စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၇၀ တို့ကို ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ ၅ ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

## ရေတိုက်စားသွားသည့် လမ်းတံတားများ ပြန်လည်ပြုပြင်လျက်ရှိ

**ကနီ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်၌ ဇူလိုင်လ တတိယပတ်တွင် မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် ကနီ-ချောင်းမ-မုံရွာကားလမ်းပေါ်တွင် မိုင်တိုင် အမှတ် (၂၂/၇)နှင့် (၂၃/၀) အကြား မုဌေ့ချောင်းပေါ်ရှိ တံတားအမှတ် (၂/၂၃) တံတားမှာ ရေတိုက်စားမှုကြောင့် ချဉ်းကပ်လမ်း ပျက်စီးခဲ့သည်။

အဆိုပါ တံတားမှာ ကနီမြို့နယ်မှ ပြည်သူများ မုံရွာသို့ သွားလာရာတွင် အရေးပါသော တံတားဖြစ်၍ ပြည်သူများ ခရီးသွားလာရေးအဆင်ပြေစေရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ချောင်းရေပြတ်ချိန်တွင် မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်သန္တာအောင်က ကြီးကြပ်၍ အဆိုပါတံတားဘေးမှ ယာယီမြေသားလမ်းခင်းခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ကနီ-မင်းကင်းလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၆/၂)နှင့် (၆/၃) အကြားတွင် မြေသားလမ်း ပြတ်သွားပြီး (၆/၆)နှင့် (၆/၇)အကြား တောင်ဖြူချောင်းပေါ်ရှိ တံတားအမှတ် (၁/၇)တံတားကိုလည်း အချိန်နှင့် တစ်ပြေးညီ



ဆောင်ရွက်ပေးမှုကြောင့် ပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာလျက်ရှိကြောင်းသိရသည်။

**သန်းဌေးအောင်(ကနီ)**

## သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ကွင်းဆင်း

**ဒေါ့ဖုန်းယန် ဇူလိုင် ၂၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ ဖာကေကျေးရွာအုပ်စု ဝိန်းမွန်ကျေးရွာ၌ ကျေးလက်နေပြည်သူများ သွေးလွန်တုပ်ကွေး ရောဂါ ဖြစ်ပွားမှု မရှိစေရေးအတွက် ဇူလိုင်လ ဒုတိယပတ်က မြို့နယ်ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့ ကျေးလက်ကျန်းမာရေးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဌ ဒေါ်ချစ်စုနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ ကျေးရွာနေ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# ကောင်းဆိုးနှစ်ဖြာ အဏုမြူနည်းပညာ |အပိုင်း(၃)|

သိပ္ပံစာရေးဆရာကိုကိုအောင်

အရပ်ဘက်သုံး အဏုမြူနည်းပညာဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နေကြသော နိုင်ငံများအလိုက် နိုင်ငံအချို့၏ နှစ်စဉ်ပျမ်းမျှထုတ်လုပ်မှုပမာဏများမှာ ဂျပန်နိုင်ငံကမဂ္ဂါဝပ် ၂၅၀၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံက မဂ္ဂါဝပ် ၁၅၀၊ တောင်ကိုရီးယားနိုင်ငံက မဂ္ဂါဝပ် ၁၄၀၊ ဂျာမနီနိုင်ငံက မဂ္ဂါဝပ် ၁၂၀၊ ကနေဒါနိုင်ငံက မဂ္ဂါဝပ် ၈၀၊ ယူကရိန်းနိုင်ငံက ၇၅ မဂ္ဂါဝပ်နှင့် အင်္ဂလန် နိုင်ငံက မဂ္ဂါဝပ် ၆၀ စသည်ဖြင့် အသီးသီးဖြစ်ကြသည်။

အဏုမြူစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ကနဦး ကုန်ကျစရိတ်အားဖြင့် ကြီးမားသော်လည်း ရေရှည်အကျိုးဖြစ်ထွန်းမှုကို အများအပြား ရရှိစေနိုင်သည်။ အဏုမြူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုသည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ လေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ ရုပ်ကြွင်းလောင်စာသုံး ဓာတ်အားပေးစက်ရုံပေါင်းများစွာတို့ထက် လျှပ်စစ်ဓာတ်အားကို ပိုမိုများပြားစွာ ထုတ်လုပ်ပေးနိုင်စွမ်းရှိသည်။

ကနဦးတည်ဆောက်မှု စရိတ်စကနှင့် နည်းပညာအားဖြင့် အလွန်မြင့်မားသော်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ကုန်ကျစရိတ်အားဖြင့် အလွန်သက်သာသည့် အဏုမြူဓာတ်အားပေးစက်ရုံများသည် နေရာအကျယ်အဝန်း လုပ်အားသုံးစွဲရမှုနှင့် အချိန်ယူရမှုတို့ကို များစွာလျှော့ပါး သက်သာစေသည်။ အဏုမြူဓာတ်အားပေးစက်ရုံတစ်ခုကို တည်ဆောက်ရန်လိုအပ်သော မြေနေရာ အကျယ်အဝန်းမှာ ယင်းနှင့်ထပ်တူထပ်မျှလျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်သည့် သမားရိုးကျ နည်းပညာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများစွာကို တည်ဆောက်ရန် လိုအပ်သော မြေနေရာအကျယ်အဝန်း၏ အပုံသုံးဆယ်လျှင် တစ်ပုံမျှသာရှိနေသည်။

လုပ်အားသုံးစွဲရမှုအနေဖြင့်လည်း လျှပ်စစ်ဓာတ်အား ဆတူထုတ်လုပ်ပေးနိုင်သည့် စက်ရုံများစွာတို့တွင် အသုံးပြုရမည့်လူအင်အား၏ ၃၀ ရာခိုင်နှုန်းမျှကိုသာ လိုအပ်သည်။ လျှပ်စစ်ဓာတ်အား ဆတူထုတ်လုပ်ပေးနိုင်သော သမားရိုးကျနည်းပညာ သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများစွာကို တည်ဆောက်ရမည့် အချိန်ကာလ၏ လေးပုံတစ်ပုံမျှဖြင့် အဏုမြူဓာတ်အားပေးစက်ရုံတစ်ခုကို အပြီးသတ်တည်ဆောက်နိုင်သည်။

အဏုမြူလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ဓာတ်ပေါင်းဖိုများတွင် လောင်စာချောင်းများ၏ အပူချိန်ကို လျှော့ချပေးနိုင်ရန်အတွက် Heavy Water ခေါ် ရေလေးကို အသုံးပြုရသည်။ ရေလေးသည် မျက်မြင်နှင့်ထိတွေ့မှုအားဖြင့် အများသုံးရိုးရိုးရေနှင့် အတူတူပင် ဖြစ်သော်လည်း ရေဆူမှတ်နှင့် ရေခဲမှတ်များမှာမူ ရိုးရိုးရေထက်ပို၍မြင့်မားသည်။ ရိုးရိုးရေတွင်အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်တို့ပါဝင်သော်လည်း ရေလေးတွင်မူ ဟိုက်ဒရိုဂျင်၏နေရာတွင် ဒျူတေရီယံပါဝင်မှုကြောင့် အများသုံး ရိုးရိုးရေနှင့်နှိုင်းယှဉ်လျှင် ထုထည်ခြင်းတူညီပါက အလေးချိန်အားဖြင့် ၁၀ ရာခိုင်နှုန်း ပိုမိုလေးလံသည့်အတွက် ရေလေးဟုခေါ်ဆိုခြင်းဖြစ်သည်။

အဏုမြူလောင်စာချောင်းများ၏ အပူချိန်ကို လျှော့ချရာတွင် ရိုးရိုးရေကို မသုံးဘဲ ရေလေးကိုသာ အသုံးပြုကြရသည်။ လောင်စာချောင်းများ၏ ဓာတ်ပြုမှုအရှိန်ကို အတိုးအလျှော့ပြုလုပ်ရာတွင် အအေးခံရေအဖြစ်ရေလေးများကို ထည့်သွင်းထားသည့် ပြွန်များအတွင်းသို့ အပူချိန်ထိန်းသံမဏိချောင်းများကို အသွင်းအထုတ်ပြုလုပ်ပေးရသည်။ အဏုမြူဓာတ်ပေါင်းဖိုများအတွက် ဓာတ်ခွဲခန်းမှ သီးသန့်ထုတ်လုပ်ပေးထားသော ရေလေးများကိုလည်းကောင်း၊ အပူချိန်ထိန်း သံမဏိချောင်းများကိုလည်းကောင်း၊ အဏုမြူစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းစဉ်တွင် ကာလကြာရှည်စွာဖြင့် တစ်ဆက်တစ်စပ်တည်း သုံးစွဲသွားနိုင်သည်။

အဏုမြူစွမ်းအင်ထုတ်လုပ်ရာတွင် အဓိကပစ္စည်းဖြစ်သည့် ယူရေနီယံလောင်စာချောင်းများကိုလည်း အကြိမ်ပေါင်းများစွာသော ဓာတ်ပြုမှုများအတွက် အသုံးချနိုင်သဖြင့် အဏုမြူဓာတ်အားပေးစက်ရုံ၏ ထုတ်လုပ်မှုကုန်ကျစရိတ်သည် သက်တမ်းကြာရှည်လာလေ ပို၍ တွက်ခြေကိုက်လာလေဖြစ်သည်။ ယေဘုယျအားဖြင့် လျှပ်စစ်ဓာတ်အား တစ်ကီလိုဝပ်နာရီ ထုတ်လုပ်ရန်အတွက် လိုအပ်သောယူရေနီယံ၏ ကုန်ကျစရိတ်မှာ ၀ ဒသမ ၂ ဆင့်သာဖြစ်သည့်အတွက် အလွန်သက်သာသော နှုန်းထားဖြင့် လျှပ်စစ်ဓာတ်အားများကို ပေးပို့ဖြန့်ဖြူးပေးနိုင်စွမ်းရှိသည်။

အဏုမြူလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရာတွင် ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဓာတ်အားပမာဏအပေါ် မူတည်ပြီး ကုန်ကျစရိတ်များလည်း ခြားနားလျက်ရှိသည်။ ကနဦးတည်ဆောက်မှု စရိတ်စကအားဖြင့် ကြီးမားလွန်းလှသည်ဟုဆိုရာတွင် ယင်းစက်ရုံများ၏ သဘောသဘာဝအရ လူနေမြို့ရွာများနှင့် အလွန်ဝေးကွာသော နေရာများကို ရွေးချယ်ကြရသည့်အတွက် ဝေးလံသီခေါင်သော နေရာချင်းတူစေကာမူ ပထဝီအနေအထားအရ လမ်းပန်းချောမွေ့သော ဒေသနှင့် ဆက်သွယ်မှုခက်ခဲပြီး ကြမ်းတမ်းသောလမ်းခရီးကို ဖြတ်သန်းရသည့်ဒေသနှစ်ခုတွင် စွမ်းအင်ထုတ်လုပ်ပေးနိုင်မှု ပမာဏခြင်းတူညီသော အဏုမြူဓာတ်အားပေးစက်ရုံများကိုတည်ဆောက်ရာ၌ စရိတ်စကမှာ များစွာကွာခြားသွားနိုင်သည်။



ထို့ကြောင့်ပင် တစ်မဂ္ဂါဝပ်လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်သော အဏုမြူ ဓာတ်အားပေးစက်ရုံတစ်ရုံ၏ တည်ဆောက်မှုကုန်ကျစရိတ်သည် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်သောနေရာများအတွက် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကျော်ခန့်သာ ကုန်ကျမည်ဖြစ်သော်လည်း လမ်းပန်းဆက်သွယ်မှု အလွန်ကြမ်းတမ်းခက်ခဲသော ဒေသများ၌မူ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့်အထိပင် ကုန်ကျနိုင်သည်။

ဤမျှ ကုန်ကျစရိတ်ခြားနားသွားရခြင်းမှာ အလွန်အဆင့်မြင့်သည့် နည်းပညာများဖြင့် ထုတ်လုပ်ထားရသော အဏုမြူဓာတ်အားပေး စက်ပစ္စည်းအစိတ်အပိုင်းများကို လုံးဝထိခိုက်ပျက်စီးမှု မရှိစေရန်နှင့်တစ်စုံတစ်ရာ အမှားအယွင်းမဖြစ်ပေါ်စေရန်အတွက် အထူးဂရုပြု၍ ရွှေ့ပြောင်းသယ်ဆောင်ကြရာတွင် လမ်းပန်းဆက်သွယ်ရေး အနေအထားအပေါ် မူတည်ပြီး ကုန်ကျစရိတ်အလွန်ခြားနားသွားနိုင်သောကြောင့်ဖြစ်သည်။

ယင်းသို့ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် ကုန်ပစ္စည်းကြီးများကို တင်ဆောင်မောင်းနှင်ကြမည့် ထရပ်ကားကြီးများ ဘေးအန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်အောင် သစ်ပင်သစ်တောများကို ခုတ်ထွင်ရှင်းလင်းရခြင်း၊ မြစ်ကူး၊ ချောင်းကူးတံတားများကိုခိုင်ခံ့အောင် ဆောက်လုပ်ရခြင်း၊ ကျယ်ဝန်းပြီး အဆင့်မီသော မြေပြင်လမ်းများ၊ တောင်ပတ်လမ်းနှင့် ဥမင်လမ်းများကို ခက်ခဲစွာ ဖောက်လုပ်ရခြင်းတို့သည်အချိန်၊ လုပ်အားနှင့်ငွေကြေးကုန်ကျမှု ကိန်းဂဏန်းပမာဏကို ကြီးမားစေသောကြောင့် ဖြစ်သည်။

ထို့ပြင် အဏုမြူဓာတ်အားပေးစက်ရုံ တည်ဆောက်နေစဉ်ကာလအတွင်း အသေးစား ရုပ်ကြွင်းလောင်စာသုံး ဓာတ်အားပေးစက်ရုံကို ကြိုတင်တည်ဆောက်ရခြင်း၊ ကုန်ကြမ်းသိုလှောင်သည့် ဂိုဒေါင်ကြီးများကို ကုန်ကြမ်းအမျိုးအစားလိုက်လုံခြုံစိတ်ချရမှု အဆင့်မီအောင်ကြိုတင်တည်ဆောက်ရခြင်း၊ ဓာတ်ရောင်ခြည်သင့်ရောက်မှုမှ ကာကွယ်ပေးနိုင်သည့် ဝတ်စုံများထားရှိရန် သီးသန့်အဆောက်အအုံဆောက်လုပ်ပေးရခြင်း၊ တည်ဆောက်ဆဲကာလနှင့် စက်ရုံလည်ပတ်နေသည့် ကာလတစ်လျှောက်လုံး၌ အကယ်၍မတော်တဆမှု တစ်ခုခုဖြစ်ပွားခဲ့ပါက မြေထု၊ လေထုနှင့် ရေထုထဲသို့ ရေဒီယိုသတ္တိကြွဓာတ်ငွေ့နှင့် သတ္တုအမှုန်အမွှားများ ပျံ့နှံ့ရောက်ရှိသွားမည့်အရေးကို တားဆီးပေးနိုင်သော ဘိုရွန်သတ္တုနှင့် ခဲသတ္တုများ သိုလှောင်သည့် ဂိုဒေါင်ကြီးများကို ပင်မစက်ရုံနှင့်အလှမ်းကွာဝေးရာ၌ ဆောက်လုပ်ထားရခြင်း၊ အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်သည့် ရဟတ်ယာဉ်များထိန်းသိမ်းထားရှိရန်နှင့် ပြင်ဆင်ထိန်းသိမ်းမှု ပြုလုပ်နိုင်ရန် အဆောက်အအုံများဆောက်လုပ်ပေးရခြင်း၊ သေးငယ်သော ရေဒီယိုသတ္တိကြွ ဓာတ်ငွေ့ယိုစိမ့်မှုမှသည် ကြီးမားသော ဓာတ်ရောင်ခြည်သင့်ရောက်မှုအထိသော ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် အရေးပေါ် ဆေးကုသမှုပြုလုပ်ပေးနိုင်သည့် အသေးစားဆေးရုံတည်ဆောက်ထားရခြင်းစသော ပံ့ပိုးတည်ဆောက်ဖြည့်ဆည်းမှု များစွာတို့ကိုလည်း ကြိုတင်ဆောင်ရွက်ပေးကြရသည်။

ဤမျှကနဦးတည်ဆောက်မှု ကုန်ကျစရိတ်ကြီးမားလွန်းလှသော အဏုမြူဓာတ်အားပေးစက်ရုံ စီမံကိန်းများကို အကောင်အထည်ဖော်ကြရာတွင် အလွန်ချမ်းသာကြွယ်ဝသောမြို့ရှင်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံအများစုတို့က ချေးငွေနှင့် နည်းပညာအကူအညီများကို ရယူပြီးမှသာ အကောင်အထည်ဖော်ကြရသည်။ သို့ရာတွင် လည်ပတ်မှုစရိတ်စက အလွန်သက်သာလှသောကြောင့် ထုတ်လုပ်ဖြန့်ဖြူးပေးလိုက်သည့် လျှပ်စစ်ဓာတ်အားခများဖြင့် စက်ရုံစတင်လည်ပတ်ပြီးနောက် ဆယ်စုနှစ်တစ်စုခန့်အတွင်းမှာပင် ချေးငွေ၏ ရာခိုင်နှုန်းအများစုကို ပြန်လည်ပေးဆပ်နိုင်စွမ်းရှိကြသည်။

**ပြောင်းလဲလာသော အဏုမြူဓာတ်အားပေးစက်ရုံပုံစံများ**

မျက်မှောက်ကာလတွင်ပြောင်းလဲတိုးတက်လာသော နည်းပညာများကြောင့် အဏုမြူဓာတ်အားပေးစက်ရုံများတည်ဆောက်ရာတွင် ကုန်ကျစရိတ်များ လျော့ပါးသက်သာလာသလို တည်ဆောက်မှုအချိန်ကာလလည်းပို၍ တိုတောင်းလာပြီဖြစ်သည်။

ထို့ပြင်သမားရိုးကျ ဓာတ်အားပေးစက်ရုံအရွယ်အစားလောက် ထုထည်ပမာဏ မကြီးမားသော အလတ်စားနှင့်အငယ်စား အဏုမြူဓာတ်အားပေးစက်ရုံများကိုလည်း တည်ဆောက်လာနိုင်ပြီဖြစ်သည်။

အလတ်စားအဏုမြူ ဓာတ်အားပေးစက်ရုံများသည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀ ခန့်အထိ ထုတ်လုပ်ပေးနိုင်စွမ်းရှိပြီး၊ အငယ်စားအဏုမြူဓာတ်အားပေးစက်ရုံများကမူ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀ ကျော်ထုတ်လုပ်ပေးနိုင်စွမ်းရှိကြသည်။ အလတ်စားနှင့် အငယ်စားဓာတ်အားပေးစက်ရုံများဟု ဆိုသော်လည်း အကယ်၍ လျှပ်စစ်ဓာတ်အားထပ်မံတိုးချဲ့ထုတ်လုပ်လိုသည့်အခါ မူလစက်ရုံကိုပင် ထပ်ဆင့်တိုးချဲ့နိုင်အောင် ပုံစံထုတ်ပေးထားခြင်းဖြစ်သည်။

အငယ်စားအဏုမြူဓာတ်အားပေးစက်ရုံအတွက် စက်ပစ္စည်းအစိတ်အပိုင်းများကို ရထားဖြင့် သယ်ဆောင်သွားနိုင်ပြီး၊ စက်ရုံတည်ဆောက်မည့်နေရာတွင် လွယ်လင့်တကူ ချိတ်ဆက်တပ်ဆင်ခြင်းအားဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀ ကျော် ထုတ်လုပ်ပေးနိုင်သော စက်ရုံများဖြစ်လာကြမည်ဖြစ်သည်။ အငယ်စားအဏုမြူဓာတ်အားပေးစက်ရုံများသည် တည်ဆောက်တပ်ဆင်ပြီးနောက် လုပ်ငန်းစတင်လည်ပတ်သည်မှ သုံးနှစ်တာကာလအတွင်း ပြင်ဆင်ထိန်းသိမ်းမှု လုံးဝပြုလုပ်စရာမလိုသော ခေတ်သစ်ပုံစံများဖြစ်ကြသည်။

ဂျပန်နိုင်ငံ တိုရှီဘာကုမ္ပဏီမှထုတ်လုပ်သော 4S အမျိုးအစားအဏုမြူ ဓာတ်အားပေးစက်ရုံများသည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀မှ မဂ္ဂါဝပ် ၁၅၀ အတွင်း ထုတ်လုပ်ပေးနိုင်စွမ်းရှိကြသည်။ 4S ၏ အဓိပ္ပာယ်မှာ Super-Safe, Small and Simple ဖြစ်ပြီး၊ လှုပ်ရှားလည်ပတ်သည့် အစိတ်အပိုင်းများ ပါဝင်ခြင်းမရှိသည့် အဆင့်မြင့်နည်းပညာသုံး ဓာတ်အားပေးစက်များဖြစ်ကြသည်။ လှုပ်ရှားလည်ပတ်မှု မရှိသည့်အတွက် ကိုင်တွယ်မောင်းနှင်သူမလိုအပ်သော အဏုမြူဓာတ်အားပေးစက်အမျိုးအစားလည်းဖြစ်သည်။

အဏုမြူနည်းပညာအရ အဏုမြူစွမ်းအင်ရရှိရေးအတွက် ယူရေနီယံ နျူကလိယပ်စ်များက အင်အားပမာဏအလွန်ကြီးမားသော အပူဓာတ်ကို ထုတ်ပေးသည်ဖြစ်ရာ ထိုမျှမြင့်မားသော အပူချိန်ကို လျှော့ချနိုင်ရေးအတွက် သမားရိုးကျအဏုမြူ ဓာတ်အားပေးစက်ရုံများမှာကဲ့သို့ သံမဏိချောင်းနှင့် ရေလေးတို့ကိုအသုံးပြုရန် မလိုအပ်သော 4S နည်းပညာသည် ဓာတ်အားပေးစက်အရွယ်အစားကိုများစွာ ကျုံ့သွားစေခဲ့သည်။

ထို့ပြင် နျူကလိယပ်စ်တစ်ခုမှ နျူထရွန်များစွာတိုးပွားဖြစ်ပေါ်လာစေသည့် ဆင့်ကဲဖြစ်စဉ်ကို ရီဖလက်တာများဖြင့် လုပ်ဆောင်စေသည့် နည်းပညာသစ်ဖြစ်သောကြောင့် အကယ်၍တစ်စုံတစ်ခုသောအကြောင်းကြောင့် အဏုမြူဆင့်ကဲ ဓာတ်ပြုဖြစ်စဉ်ကို ရပ်ဆိုင်းလိုပါက ရီဖလက်တာများကို ဖယ်ရှားလိုက်သည်နှင့် ချက်ခြင်းရပ်တန့်သွားလိမ့်မည်ဖြစ်သည်။ ထို့ကြောင့်ပင် 4S နည်းပညာသုံး အဏုမြူဓာတ်အားပေးစက်များသည် အန္တရာယ်ဖြစ်နိုင်ခြေ အလွန်နည်းပါးသည်။

# အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဘုတ်ပြင်း ဇူလိုင် ၂၂**

အခြေခံပညာမူလတန်းကျောင်းများတွင် ပညာသင်ယူလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ၏ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှုရှိစေရေး၊ ကျန်းမာရေးကောင်းမွန်ပြီး အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဇူလိုင် ၁၄ ရက်မှ ၁၇ ရက်အထိ အခြေခံပညာကျောင်းများ တပ်တွင်း မူလတန်းကြိုကျောင်းများသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုတွင် မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၀၀ အား ကျန်းမာရေးအသိပေးဟောပြောဆွေးနွေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ဆေးဝါးများဖြင့် ကုသမှုပေးခြင်း၊ ဗီတာမင်အေတိုက်ကျွေးခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းမှုလုပ်ငန်းများ စစ်ဆေး ပညာပေးခြင်း၊ သောက်သုံးရေကန်များ၊ ခြင်မပေါက်ဖွားရေး ဖုံး၊ အုပ်သုံးစွဲရေးပညာပေးဆွေးနွေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

# Congratulations UAB BANK!

"The Asian Banking & Finance Awards 2015"

UAB United Amara Bank

(၂၀၁၅)ခုနှစ်အတွက် စင်္ကာပူနိုင်ငံအခြေစိုက် Asian Banking & Finance (ABF)မှ
ဇူလိုင်လ(၈)ရက်နေ့တွင် ဂုဏ်ပြုချီးမြှင့်သော –

***Wholesale Banking Awards***

(၁) Myanmar Domestic Project Finance Bank of the Year

(၂) Myanmar Domestic Trade Finance Bank of the Year

ASIAN BANKING & FINANCE WHOLESALE BANKING AWARDS '15

***Retail Banking Awards***

(၃) Core Banking System Initiative of the Year

ASIAN BANKING & FINANCE RETAIL BANKING AWARDS 2015

စုစုပေါင်း ဆု(၃)ဆုအား **ယူနိုက်တက်အမရဘဏ်**မှ လက်ခံရရှိခြင်းအတွက်
အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

Quality Assurance awba အရည်အသွေးအထူးအာမခံ

**မြန်မာ့ဩဘာလုပ်ငန်းစု**

အမှတ်(၃၃)၊ရွှေပိတောက်ရိပ်မွန်၊ဘုရင့်နောင်လမ်းမကြီး၊
ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ဖုန်း-(၀၁)၅၃၈၂၃၁၊၅၃၈၀၉၇။

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းသွားရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၉-၆-၂၀၁၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၁၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့်** ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာ ထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာ ပိတ်ရက်မတိုင်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁/၀၃၆-၃၀၃၃၈) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ၂၀၁၄-၂၀၁၅ ခုနှစ် (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး

# ဖိတ်ကြားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၂၄)ကြိမ်မြောက်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ကုန်သည်စက်မှုအသင်းချုပ်အသင်းသား အားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ရက်စွဲ** - ၁၅-၈-၂၀၁၅ ရက် (စနေနေ့)

**အချိန်** - ၁၃း၃၀ နာရီ (၁၃း၀၀ နာရီအရောက်နေရာယူပါရန်)

**နေရာ** - အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

အစည်းအဝေးဖိတ်စာ၊ အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာတို့ကို အသင်းသားများထံ ဆက်လက်ပေးပို့မည်ဖြစ်ပြီး အသင်းချုပ်ဝက်ဆိုဒ်ဖြစ်သော www.umfcci.com.mm တွင်လည်း ဖော်ပြထားမည်ဖြစ်ပါသည်။

အဆိုပါအစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုသည်များကို ကုန်သည်စက်မှုအသင်းချုပ်ရုံးတည်ရှိရာအမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ (ဖုန်း-၀၁-၂၁၄၃၄၄ မှ ၂၁၄၃၄၉ အထိ၊ အသင်းသားရေးရာဌာန လိုင်းခွဲ ၁၃၁၊ ၀၁-၂၃၀၁၅၆၂၊ အတွင်းရေးမှူးဌာန ဖုန်း-၀၁-၂၃၀၁၅၅၆၊ စီမံရေးရာဌာန ဖုန်း-၀၁-၂၃၀၁၅၆၅)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် နေရာထိုင်ခင်းအဆင်ပြေစွာ ကြိုတင်စီစဉ်နိုင်ရန်အတွက် တက်ရောက်ကြမည့်အသင်းသားများ၏ အမည်စာရင်းကို ၁၂-၈-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၂း၀၀ နာရီမတိုင်မီ ကြိုတင်စာရင်းပေးသွင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

---

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန်မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၂-၇-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၄-၇-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

**ရန်ကုန်စီးပွားရေးတက္ကသိုလ်လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှု ပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC) တွင် ဇူလိုင်လအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။**

**" Financial Management Course for Entrepreneurs"**

**စတင်ဖွင့်လှစ်မည့်ရက်စွဲ** - ၂၇-၇-၂၀၁၅ရက် မှ ၇-၈-၂၀၁၅ရက် (ညနေပိုင်း ၉ရက်သင်တန်း)

**သင်တန်းကြေး** - ၄၅၀၀၀ိ/(ကျပ်လေးသောင်းငါးထောင်တိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

**သင်တန်းစုံစမ်းရန် -ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)**
**ဖုန်း - ၅၂၂၈၇၅၊ ၅၂၂၈၇၆**

---

**ပျောက်ဆုံးကြောင်း**

ဘေစီလှ(ဘ)ဦးရော်ဘင် ၁၃/တခလ(နိုင်)၀၆၂၈၇၅ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၉၀၃၅၁၂၅**

---

## သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)တွင် ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာ (Diploma in Computer Science) (D.C.Sc) အချိန်ပြည့်သင်တန်းကို ၃-၈-၂၀၁၅ ရက်မှစ၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

၂။ ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာ(Diploma in Computer Science) (D.C.Sc) သင်တန်းသို့ အောက်ဖော်ပြပါ သတ်မှတ်ထားသည့် အရည်အချင်းအချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

(က) တက္ကသိုလ်တစ်ခုခုမှ (B.Com), B.Sc (Phys/ Chem/ Maths/ Geol)ဘွဲ့ရရှိသူဖြစ်ရမည်။

(ခ) ၃-၈-၂၀၁၅ ရက်တွင် အသက် (၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) သင်တန်းကို အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) သင်တန်းကာလမှာ တစ်နှစ်ဖြစ်ပြီး သင်တန်းချိန်မှာ တနင်္လာနေ့မှသောကြာနေ့ထိ ဖြစ်ပါသည်။

(င) ကျောင်းဖွင့်ကာလတစ်နှစ်သင်တန်းအတွက် ကျောင်းလခတစ်လလျှင် ၈၀၀၀ကျပ်နှုန်း ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ကွန်ပျူတာတက္ကသိုလ်(လားရှိုး)၏ စကားပြောကြေးနန်းအမှတ် ၀၉-၅၂၆၂၆၃၃၊ ၀၉-၃၆၀၀၅၀၄၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် (၅၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်

ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ (၅၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၉-၈-၂၀၁၅ရက်(စနေနေ့)နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၂၈-၈-၂၀၁၅ ရက် (သောကြာနေ့)နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ဖော်ပြပါ ဘွဲ့နှင်းသဘင်တက်ရောက်ရန် အကျုံးဝင်သူများ လျှောက်ထားနိုင်ပါသည်။

၁။ ၂၀၁၄ ခုနှစ် အောက်တိုဘာမှ ၂၀၁၅ ခုနှစ် ဇူလိုင်အထိ ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီဂရီ ဒီပလိုမာအောင်မြင်ပြီးသူများ။

၂။ ၂၀၁၄ ခုနှစ် ဇွန်လတွင် နောက်ဆုံးအမ်ဘီဘီအက်စ် အပိုင်း(ခ)(ပုံမှန်)စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး အလုပ်သင်ဆရာဝန်တာဝန်(၁)နှစ် ထမ်းဆောင်ပြီးသူများ။

(ထိုကာလမတိုင်မီက အောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။)

| | | |
|---|---|---|
| **ဘွဲ့နှင်းသဘင်ကြေး** | - | ၁၅၀၀ ကျပ် |
| **ပြင်ပဆရာဝန်များ၏ ဘွဲ့နှင်းသဘင်ကြေး** | - | ၁၅၀၀ ကျပ် |
| **အဝေးရောက်ဘွဲ့ကြေး** | - | ၁၀၀၀ ကျပ် |
| **လျှောက်လွှာပိတ်ရက်** | - | ၁၀-၈-၂၀၁၅ရက် (တနင်္လာနေ့) |

သတ်မှတ်ထားသော လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော ($1\frac{3}{2}\times2$)လက်မ နောက်ခံအပြာနုရောင်ကာလာ ဓါတ်ပုံ(၃)ပုံနှင့်အတူ လျှောက်ထားကြရမည်။

**မှတ်ချက်။** ။ ဓာတ်ပုံတွင် အမျိုးသားများသည် လည်းကတုံးအင်္ကျီအဖြူ (သို့) အနောက်တိုင်းဝတ်စုံပြည့်နှင့်အမျိုးသမီးများသည် မြန်မာအင်္ကျီရင်ဖုံး(သို့) ရင်စေ့နားရွက်ပေါ်ပုံ ဖြစ်ရမည်။ ဆံပင်ဆေးဆိုးထားခြင်းမရှိရပါ။
အသေးစိတ်အချက်အလက်များသိရှိလိုလျှင် ဤတက္ကသိုလ်စာမေးပွဲ၊ ဘွဲ့လွန်ဌာနစု(ဖုန်း-၂၅၁၀၃၂၊ ၂၅၁၀၃၇၊ ၂၅၁၅၉၆)လိုင်းခွဲ(၂၃)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သန္တာစိုး**
**မော်ကွန်းထိန်း၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ ၂၀၁၅ ခုနှစ် ဇွန်လ သုံးစွဲကာလအတွက် တယ်လီဖုန်းခေါ်ဆိုခများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထားပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်း မရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှုယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ကြိုတင် အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | တယ်လီဖုန်း အမျိုးအစား | နောက်ဆုံး အခွန်ငွေပေး သွင်းရမည့်ရက် |
|---|---|---|---|
| ၁။ | နေပြည်တော်၊ရန်ကုန်၊မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ကချင်၊ ကရင်၊ကယား၊ဧရာဝတီ၊မွန်၊ ပဲခူး(အရှေ့/အနောက်) | Auto နှင့် Mobile ဖုန်းများ E-mail,ADSL MPT Satellite | ၂၄-၇-၂၀၁၅ |
| ၂။ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်(တောင်ပိုင်း) ချင်း၊ရခိုင်၊တနင်္သာရီ | Auto နှင့် Mobile ဖုန်းများ E-mail,ADSL MPT Satellite | ၃၀-၇-၂၀၁၅ |

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

---

## မိဘအမည်မှန်

ဖားကန့်မြို့နယ်၊ အလက(ခွဲ) ဆိပ်မူ စတုတ္ထတန်း (B)မှ မောင်ရဲမီနိုင်၏မိဘအမည်မှန်မှာ ဦးအိုက်စိုင်း ၁/မကတ(နိုင်)၁၁၃၇၄၆ နှင့် ဒေါ်လွမ်းထွေး ၁/မကတ(နိုင်)၁၀၃၀၄၁ ဖြစ်ပါသည်။

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးဝင်း အသက်(၆၂)နှစ်**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာန**

ဦးစိုးဝင်း ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာနသည် (၂၀-၇-၂၀၁၅) ရက်နေ့တွင် ရုတ်တရက် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစု**
**သစ်တောဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/3824 SI Thu Light Truck,Light Truck (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရဲကျော် ၁၂/ပဘတ(နိုင်)၀၃၁၆၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂)၊ မြေကွက်အမှတ်(၂၀၁)၊ အကျယ်အဝန်း(၄၀×၆၀)ပေ မြေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ ယုဇန(၂)လမ်း၊ အမှတ်(၂၀၁)ဟုခေါ်တွင်သော ခြောက်ထပ်တိုက်၏ (၅-လွှာ)၊ (ခြေရင်းဘက်)၊ (၂၀×၅၅)ပေ အကျယ်အဝန်းရှိ တိုက်ခန်းကို (မြေပိုင်ရှင်+ကန်ထရိုက်တာ)ဖြစ်သူ ဒေါ်ခင်ခင်ရီထံမှဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိပါက မည်သူမဆို ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းဝင်း(မြန်အောင်)**
**LL.B, D.B.L, D.M.L, D.I.L(ADVOCATE)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၄၆)**
**အမှတ် ၆၂(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဦးသန်းထွန်း ၅/ဆလက(နိုင်)၀၅၆၀၉၃ (တုန္နိုင်းယှဉ်သာကုမ္ပဏီ)**

## သိရှိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အင်ကြင်းနှင့်ငုဝါလမ်းကြား၊ အေးရိပ်သာလမ်း၊ အကွက်အမှတ် (ဃ/၇၂)၊ အောင်မိုးမြေကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းအား အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ အောင်မိုးမြေကုမ္ပဏီသည် ရန်ကုန်မြို့၊ ရွာသာကြီး၊ အမက(ရှေ့)နှင့် ဒဂုံတက္ကသိုလ်အရှေ့ဘက် (ဘူတာအနီး)တွင် Ooredoo ဆက်သွယ်ရေးတာဝါတိုင် စိုက်ထူခြင်းလုပ်ငန်းများကို လုပ်ငန်းတန်ဖိုး၏ ၁၀ ရာခိုင်နှုန်း အကျိုးအမြတ်ခံစားရန် သဘောတူညီချက်ဖြင့် လူကြီးမင်း၏သဘောဆန္ဒအတိုင်း လုပ်ငန်းအကျိုးတူဆောင်ရွက်ခဲ့ပါသည်။

Ooredoo ဆက်သွယ်ရေးတာဝါတိုင်အမှတ် (YAW-4066) နှင့် (YAW-4008) တို့ကို ၂၀-၂-၂၀၁၄ ရက်မှ ၁၀-၄-၂၀၁၄ ရက်အထိ လုပ်ငန်းအကျိုးတူ ဆောင်ရွက်ခဲ့ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ အောင်မိုးမြေကုမ္ပဏီမှ အဆိုပါ ကာလအထိ ငွေကြေးစိုက်ထုတ်ကုန်ကျခံပြီး ဆောင်ရွက်ခဲ့သော်လည်း လူကြီးမင်း(တုန္နိုင်းယှဉ်သာကုမ္ပဏီ)မှ လုပ်ငန်းကျန်ငွေများ ပေးချေရန် ကျန်ရှိနေပါသည်။ လူကြီးမင်း (တုန္နိုင်းယှဉ်သာ ကုမ္ပဏီ)သို့ အကြိမ်ကြိမ် ဆက်သွယ်ပြောကြားသော်လည်း လူကြီးမင်းကတိထားရှိသည့် ၂၀-၅-၂၀၁၅ ရက်ကျော်လွန်နေပြီး လာရောက်ဆက်သွယ်ပေးချေခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့၏မိတ်ဆွေ ကုမ္ပဏီသို့ အမြန်ဆုံးလာရောက်ပေးသွင်းပါရန်နှင့် ပျက်ကွက်ပါက လူကြီးမင်း (တုန္နိုင်းယှဉ်သာကုမ္ပဏီ)အား တရားမကြောင်း၊ ပြစ်မှုကြောင်းတို့ဖြင့် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စန်းစန်းအောင် (စဉ်-၂၈၁၆၀)** | **ဦးတင်အေးအောင် (စဉ်-၂၉၇၈၉)** |
| **LL.B, WIPO, D.L.P (Switzerland)** | **LL.B** |

**အထက်တန်းရှေ့နေများ**
**အမှတ် ၆၂၊ ပထမထပ်၊ အခန်း (၁၀)၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ဒေါ်ကြည်ကြည်ဆွေ ၉/မထလ(နိုင်)၀၀၀၉၃၅ နှင့်သက်ဆိုင်သူ အများသိစေရန် သတိပေးတားမြစ်သည့်ကြော်ငြာ

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၃၀/ကတွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှလှ ၁၂/ကမရ(နိုင်)၀၃၇၅၄၉သည် ယင်းလိပ်စာရှင် မြေအကျယ်(၂၇'×၁၂၀')မြေကွက်ကို ၁၂-၆-၂၀၁၃ ရက်တွင် ဒေါ်ကြည်ကြည်ဆွေထံမှ ငွေကျပ်သိန်း(၄၀၀)တိတိ ပေးချေဝယ်ယူလက်ရောက်ရရှိကာ တစ်ထပ်တိုက်အိမ်ဆောက်လုပ်နေထိုင်လာသူဖြစ်ပါသည်။

၂။ လူကြီးမင်း၏သား ကိုပြည့်စုံသိန်းနှင့် ကျွန်ုပ်မိတ်ဆွေ၏သမီးတို့သည် အကြင်လင်မယားဖြစ်၍ ကိုပြည့်စုံသိန်းသည် ၄-၅-၂၀၁၅ ရက်တွင် ကွယ်လွန်ပြီးဖြစ်ရာ သားဖြစ်သူကွယ်လွန်ပြီးကာမှ ဒေါ်ကြည်ကြည်ဆွေက ဒေါ်လှလှကို ရောင်းချထားသည့်မြေကွက်တန်ဖိုးကို ငွေကျပ်သိန်း(၃၀၀)သာ လက်ခံရရှိထားကြောင်း ငွေကျပ်သိန်း(၁၀၀)မရရှိသေးကြောင်း မမှန်မကန်ပြောဆို နှောင့်ယှက်လာသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ၁၂-၆-၂၀၁၃ ရက်စွဲပါ မြေကွက်အပြီးအပိုင်ရောင်းချပေးခြင်းဆိုင်ရာ နှစ်ဖက်သဘောတူကတိစာချုပ်ကို ပြသ၍ဒေါ်လှလှက ငွေအကျေပေးချေထားပြီးဖြစ်ကြောင်းနှင့် ၎င်းတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ကြောင်း ဖြေရှင်းခဲ့သည်ဟုသိရှိရပါသည်။

၃။ သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှလှ၏ ဂုဏ်သိက္ခာကျဆင်းစေရန် လူကြီးမင်းဘက်မှ မမှန်မကန်ပြောဆို နှောင့်ယှက်နေခြင်းများကို ချက်ချင်းရပ်ဆိုင်း၍ ခုနစ်ရက်အတွင်း ဝန်ခံတောင်းပန်စေလိုပါသည်။ မလိုက်နာဘဲ ဆက်လက်နှောင့်ယှက်ပါက တည်ဆဲဥပဒေများဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထူးတားမြစ်သတိပေးကြေညာလိုက်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်မေစပယ်မြင့် အထက်တန်းရှေ့နေ(စဉ်-၃၂၉၉၂)**
**LL.B,D.B.L,D.I..L,D.L.P(101)WIPO(SWITZERLAND)**
**အမှတ် ၇၊ မြေညီထပ်၊ ၃၃လမ်း(အောက်ဘလောက်)၊ ၁ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၃၇၀၈၁၊ ၀၁-၅၃၄၃၆၉**

---

**ဘုရား၊ ရဟန်း ဒါယကာကြီး**

## ဦးမောင်စောသာ(မြောက်ဦး)ရခိုင်ပြည်နယ်

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ အမှတ်၇၁၊ ဣစ္ဆာသယလမ်း၊ ခြောက်လွှာ(ခြေရင်းခန်း)နေ (ဒေါ်အောင်စံနု)၏ခင်ပွန်း၊ ဒေါ်ဦးမေ၊ဦးအောင်ကျော်ဇံ(ခ)အာနီ-ဒေါ်သက်သက်ဦး၊ ဒေါ်ကျော့မေ၊ BIO ဦးသန်းလင်း-ဒေါ်သန်းနုစိန်၊ ဦးညိုဝင်း-ဒေါ်သိန်းနု(ခ)မဘုဝိုင်း (USA)၊ မောင်စောသန်း(RAY SHIPPING ENTER PRISE LIMITED)-မစန္ဒာဝင်းတို့၏ဖခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၁-၇-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးအောင်နိုင် (ငြိမ်း)

**B.Sc, D.S.A**

**(စစ်တက္ကသိုလ် အပတ်စဉ်-၁၆)**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ် ၁၆နေ နိုင်ငံတော်သမ္မတဟောင်း (ဒေါက်တာမောင်မောင်)-ဒေါ်ခင်မြင့်တို့၏သား၊ (ဦးဘိုအေး-ဒေါ်အေးကြည်)တို့၏သားသမက်၊ ဦးကျော်သူ (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)-ဒေါ်လဲ့လဲ့ကြည်တို့၏ညီ၊ ဦးသောင်းဦး-ဒေါ်ယဉ်ယဉ်ဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါ်ယဉ်ယဉ်အေး၊ ဦးဝင်းမောင်-ဒေါ်ခင်သီတာ၊ ဦးအောင်ရွှေဦး-ဒေါ်ခင်သီတာ၊ ဒေါ်ခင်စန္ဒာတို့၏အစ်ကို၊ ဒေါ်သဇင်ဌေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနန္ဒ-ဒေါ်ကေဇင်သွယ်၊ ဒေါ်ဝင်းမာအောင်၊ ဗိုလ်ကြီးအောင်နိုင်ထူးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၁-၇-၂၀၁၅ ရက် (အင်္ဂါနေ့)နံနက် ၁၀း၄၅နာရီတွင် ရန်ကုန်မြို့ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇- ၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## (၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဦးထွေးထွေး(အင်းတော်)**

**B.E(Civil) ၁၉၇၅-၁၉၈၁**

**(၂၃-၇-၂၀၁၂) မှ (၂၃-၇-၂၀၁၅)**

ကျေးဇူးရှင်ခင်ပွန်း၏ လုံခြုံနွေးထွေးသော မေတ္တာအရိပ်အောက်မှ ဝေးကွာခဲ့ရသည်မှာ (၃)နှစ်ပြည့်ခဲ့ပါပြီး။ တစ်ရက်မှမေ့လို့မရပါ။ ကိုကို့ရဲ့ မိသားစုအပေါ်ထားရှိသည့် အတိုင်းအဆမရှိ ကြီးမားလှသော မေတ္တာ၊ စေတနာနှင့် ကျေးဇူးတရားတို့ကို နေ့စဉ်အမြဲသတိရလျက် (၃)နှစ် တာကာလပြုပြုသမျှ ကုသိုလ်အစုစုတို့ကို အမျှပေးဝေပါတယ်။ ကိုကို မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး - ဒေါ်ဝင်းနွယ်သန်း**
**ချစ်သမီးလေး - ခြူးခြူး**

## ဝမ်းနည်းကြေကွဲခြင်း

## မောင်မြတ်သူရထွန်း

**အသက် (၃၀)**

သျှင်ပါကူဆေးရုံမှ Reception ဝန်ထမ်း မောင်မြတ်သူရထွန်းသည် ၂၀-၇-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သျှင်ပါကူဆေးရုံဝန်ထမ်းများ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ၂လမ်း၊ အမှတ် (ခ/၄၅၃)တွင် တည်ဆောက်ထားသော ငါးထပ်တိုက်ရှိ တတိယထပ်တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးအောင်ကိုဦး (စိုး-ဆောက်လုပ်ရေး) ၃/လဘမ(နိုင်)၀၀၁၀၃၁ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်ပြုလုပ်သည့် အဆိုပါ တတိယထပ်တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်မာသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရဲသီဟ LL.B**
**အထက်တန်းရှေ့နေ (စဉ်-၃၁၅၉၇)**
**အမှတ် (၆၂၈)၊ သဇင် ၄ လမ်း၊ (၁၅)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၆၀၇၀၂၊ ၀၉-၇၉၉၅၈၁၈၆၁**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ဦးတင့်လွင် (ဘ)ဦးလှညို၏ ဒုတိယတန်း ရေယာဉ်အုပ်လက်မှတ် အမှတ် ဆဒ-၀၂၆/၀၅သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ဆက်သွယ်ပေးပို့အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။ ဖုန်း-၀၉-၇၃၁၈၉၂၇၈

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F-4519 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E-9534 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်အေး(သထုံမြို့)

**သထုံမြို့ နှောင်ကုလားရော်ဘာခြံပိုင်ရှင်**

**အသက်(၉၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဖိုးရာဇာလမ်း၊ အမှတ် ၈ နေ (ဦးထော်ဝါ-ဒေါ်ဖွားစိန်)တို့၏သမီး၊ (ဦးဘွန်ပြူး)၏ဇနီး၊ ဦးမြင့်ဟန်-ဒေါ်အဲဂနက်(စ)ကြည်(နှောင်ကုလားရော်ဘာခြံ)၊ ဒေါ်စိုးစိုးနွယ်၊ ဦးသန်းထွေး-ဒေါ်ခင်မို့မို့(Royal Taste Restaurant)၊ ဦးသိန်းလှ-ဒေါ်မေသက်လွင်(American Vision Co.,Ltd)၊ ဦးဝင်းမြင့်-ဒေါ်နီနီဝင်း(Bagan Times Co.,Ltd.)တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၂၅-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်ထွေး**

**အသက် (၈၂)နှစ်**

ဦးအောင်စိုးနိုင် (ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါက်တာ ချိုချိုဝင်းတို့၏ မိခင် ဒေါ်ခင်ခင်ထွေးသည် ၁၉-၇-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ည ၁၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစု**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်ထွေး**

**အသက်(၈၂)နှစ်**

ဦးအောင်စိုးနိုင်(ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါက်တာချိုချိုဝင်း တို့၏မိခင် ဒေါ်ခင်ခင်ထွေး အသက်(၈၂)နှစ်သည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့)ည ၁၂း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျစ်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ဆေးရေးဌာနခွဲမှ ဝန်ထမ်းမိသားစု**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်ထွေး**

**အသက်(၈၂)နှစ်**

ဦးအောင်စိုးနိုင် (ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါက်တာချိုချိုဝင်းတို့၏မိခင် ဒေါ်ခင်ခင်ထွေး အသက်(၈၂)နှစ်သည် ၁၉-၇-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ည ၁၂း၀၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးနှင့်ဝန်ထမ်းမိသားစု**
**ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး**

**ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်ခင်မျိုးဆွေ

**မာဂရက်ဘချစ်(နီနီ)-ရေစကြို**

**အသက်(၈၀)**

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊အနော်ရထာအိမ်ရာ၊ ပြည်လမ်း၊ တိုက်(အီး)၊ အခန်း ၁၀၁ နေ (စက်ရှင်မင်းကြီး ဦးဘချစ်-ဒေါ်ခင်မမ၊ ရေစကြို)တို့၏သမီး၊ (သတ္တုတွင်းမင်းကြီး ဦးလှ-ဒေါ်မမကြီး၊ ပြည်)တို့၏သမီးချွေးမ၊ ဗိုလ်မှူးကြီး မျိုးမင်း(ငြိမ်း)(ကုန်သွယ်/ဟိုတယ်)၏ဇနီး၊ ဦးစိုးသန်း(FOREST PARK ကုမ္ပဏီ)-ဒေါ်မိုးမိုးမင်း(အထက-၂၊ ကမာရွတ်)၊ ဦးခင်မောင်ကျော် CLEVER Co.,Ltd -ဒေါ်ယုယုမင်း၊ ဦးနေထွန်း(Lin Co.,Ltd)-ဒေါ်စိုးစိုးမင်း၊ ဦးကျော်မင်းလွင် KYAW MAW 19 Manufacturing Co.,Ltd -ဒေါ်မော်မော်မင်း၊ Capt: တင်လေးကြည်-ဒေါ်ဆွေဆွေမင်း၊ ဗိုလ်ကြီးကျော်မျိုးမင်း(ပလစ-၁)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ၅း၂၈နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Samativij Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၅ ရက်(ကြာသပတေးနေ့)တွင် That Tong Temple (EKKAMI) ၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## (၄)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ကိုဗညားအောင် (ကန်တော်ကလေး)၊ မြို့တော်စည်ပင်ပန်းဥယျာဉ်ဂေါက်ကွင်း**

**(၂၃-၇-၂၀၁၁) မှ (၂၃-၇-၂၀၁၅)**

**သားရေ-**

မမြင်မတွေ့မကြားနိုင်တာ(၄)နှစ်တောင်ရှိသွားပါပြီ၊ ဒါပေမယ့်လည်းနေ့စဉ်အချိန် များစွာသတိရမြင်မြင်နေပါတယ်။

အစားထိုးမရနိုင်တဲ့သားရဲ့ကွက်လပ်ကလေးကို နည်းနည်းများများ အလှူ-လှူသမျှ ကုသိုလ်တွေကို သားအတွက်ရည်စူးပြီးအမျှပေးဝေပါတယ်။ ၃၁ဘုံ ဝဋ်အတွင်းမှ တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်သောဘုံဌာနသို့ ရောက်ပါစေ၊ပညာရှိသူတော်ကောင်းများနှင့် တွေ့ဆုံပြီး ဆင်းရဲနှင့်ငရဲလည်းကင်းဝေးပါစေလို့ဆုတောင်းပါတယ်။ သားရေ သာဓုခေါ်ဆိုပါနော်

**သားရေအမျှ-အမျှ-အမျှ**

**သားကိုချစ်သော**

| | | |
|---|---|---|
| **ဖေဖေ၊ မေမေ** | - | **ဦးခင်မြင့်အောင်၊ ဒေါ်မိမိခင်** |
| **ညီ၊ ညီမ** | - | **ကိုဟေမန်အောင်၊ မဟေမန်ဦး** |
| **ဇနီးနှင့်သမီး** | - | **မခင်ချောစုနိုင်၊ မဆုဆုမြတ်အောင်၊ မဆုစန္ဒီနိုင်** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/6935 SKAT LFJ 3048G, DUMP TRUCK (4×2)L ယာဉ်လက်ဝယ်ရှိသူ BRAVO WORLD TRADING CO.,LTD.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာစာချုပ် NCA အချောသပ်နိုင်ရေးအတွက် နှစ်ဖက်အဖွဲ့များ ဆွေးနွေးပွဲပြန်လည်စတင်

**ရန်ကုန်  ဇူလိုင်  ၂၂**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စာချုပ် NCA အချောသပ်နိုင်ရေးအတွက် ယနေ့နံနက် ၁၀ နာရီက မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) တွင် NCA (၈) ကြိမ်မြောက်အစည်းအဝေးအဖြစ် စတင်ကျင်းပခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)မှ ခေါင်းဆောင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့(SD)မှ ခေါင်းဆောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❐

## တိုင်းဒေသကြီး ပြည်နယ်အချို့ မိုးကြီးနိုင်

**နေပြည်တော်  ဇူလိုင်  ၂၂**

ယနေ့မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ရခိုင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။

ကယားပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲသာ မိုးထစ်ချုန်းရွာမည် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံမှ ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်း



ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတာဝန်ရှိသူများ တပ်မတော်(ရေ)က ကယ်ဆယ်ခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၅ ဦးအား ပြန်လည်ခေါ်ဆောင်သွားစဉ်။

**နေပြည်တော်  ဇူလိုင်  ၂၂**

တပ်မတော်(ရေ)က မေ ၂၁ရက်နှင့် ၂၉ ရက်များတွင် ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် ထပ်မံ အတည်ပြုပြီးသူ ၁၅၅ ဦးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် တောင်ပြို (လက်ဝဲ)မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံ အလံတင် အစည်းအဝေးကျင်းပပြီး ညနေ ၄ နာရီခွဲတွင် လွှဲပြောင်းပေးခဲ့သည်။

ထိုသို့လွှဲပြောင်းရာတွင် မြန်မာနိုင်ငံဘက်မှ မောင်တောခရိုင် လူဝင်မှု ကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင် ဦးဆောင်သောအဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် ထပ်မံအတည်ပြုပြီးသူ ၁၅၅ ဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့် ရဲတပ်ဖွဲ့အကြီးအကဲ ရဲမှူးကြီး MM Anisur RAhman နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန်နှစ်ဦး ရှေ့မှောက်တွင် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့် တပ်ရင်းအမှတ် (၁၇) တပ်ရင်းမှူး

*စာမျက်နှာ ၁၂ ကော်လံ ၅* ✻

## အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအသင်းပြင်ဆင်

သတင်း-ညီမြတ်သော်တာ

**ရန်ကုန်  ဇူလိုင်  ၂၂**

အာဆီယံ ယူ-၁၆ ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၆ အသင်းသည် ကစားသမား ၂၃ ဦး ရွေးချယ်ကာ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါပြိုင်ပွဲကို ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၉ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ -၁၆ အသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးမျိုးဝင်းညွန့်၊ နည်းပြချုပ် အဲရစ်ဝီလျံ၊ လက်ထောက်နည်းပြ ဦးတင်မောင်ဝင်းနှင့် ဦးအောင်ကျော်ထွန်း၊ ဂိုးနည်းပြ ဦးမြင့်ဦး၊ ကစားသမားများအဖြစ် **ဂိုးသမား** ထက်ဝေယံစိုး၊ အောင်မြင့်မြတ်၊ ဟန်နိုင်စိုး၊ **နောက်တန်း** အောင်ဝဏ္ဏစိုး၊ ကျော်ဖြိုးဝေ၊ မင်းမြတ်သူ၊ ဟိန်းစိုး၊ သူရဆန်း၊ အောင်အောင်ဇင်၊ ဘိုဘိုအောင်၊ **အလယ်တန်း** ကောင်းထက်ကျော်၊ သက်ပိုင်ထွေး၊ မြတ်ကောင်းခန့်၊ ထက်ဖြိုးဝေ၊ ဖုန်းမင်းခန့်၊ ထွန်းဆိုင်၊ အာကာကျော်၊ ပြည့်စုံနိုင်၊ **ရှေ့တန်း** ကျော်ကျော်ထက်၊ ဝင်းနိုင်ထွန်း၊ ဟိန်းထက်အောင်၊ သက်ပိုင်ထူးနှင့် အောင်ချစ်ဦးကိုကိုတို့ ပါဝင်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## ဖြည့်စွက်ဖတ်ရှုပါရန်

၂၂-၇-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်း ကျောဖုံးပါ "မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ အကြွေးပေးဆပ်ရန် ပျက်ကွက်သည့်လုပ်ငန်းရှင်များအား အပက(၃)ဖြင့် တရားစွဲဆိုဆောင်ရွက်လျက်ရှိ" သတင်း၏ ဇယားနံပါတ် (၆)မှ ဦးဟိန်းဇော်စစ်၏ အဘအမည်အား "ဦးစစ်လှိုင်"ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

(သတင်းစဉ်)




မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS